# ကြေးမုံ The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ အင်္ဂါနေ့၊ (18-8-2015) (၈၂၉၆)


**မိုးထစ်ချုန်းရွာမည်**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၁၂/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်
(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၇ တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်မြင့်နွယ်အား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ရွေးကောက်ပွဲမှ ပေါ်ထွက်လာသည့်ရလဒ်အတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**သတင်းထုတ်ပြန်ရေးအဖွဲ့**
**သတင်းထုတ်ပြန်ချက်(၈/၂၀၁၅)**

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်
၁၃၇၇ခု၊ ဝါခေါင်လဆန်း၂ ရက်

**လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများအပေါ် အသိပေးရှင်းလင်းတင်ပြချက်**

၁။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၃ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကိစ္စရပ်နှင့်စပ်လျဉ်း၍ မိဘပြည်သူများ စိုးရိမ်ပူပန်မှုတချို့ရှိသည်ဟု သိရှိရပါသည်။ တရားဝင်နိုင်ငံရေးပါတီများထဲမှ ပါတီတစ်ခု၏ဆန္ဒအရ ခေါင်းဆောင်မှုပြောင်းလဲခြင်းနှင့် ပြန်လည်ဖွဲ့စည်းသည့်ကိစ္စရပ်သာဖြစ်ပါသည်။

၂။ အစိုးရအဖွဲ့သည် မိဘပြည်သူများလက်ရှိကြုံတွေ့နေရသည့် နိုင်ငံအနှံ့ ရေဘေးအန္တရာယ်မှ အမြန်ဆုံးကင်းဝေးအောင် ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တစ်ပြိုင်နက်တည်းမှာပင် တစ်နိုင်ငံလုံးအတိုင်းအတာ ငြိမ်းချမ်းရေးဖြစ်စဉ်အောင်မြင်အောင် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းမှုရှိစေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

၃။ အစိုးရအဖွဲ့သည် အုပ်ချုပ်ရေးတာဝန်ကို အဓိက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ဒီမိုကရေစီစနစ်၏ အခြားသော မဏ္ဍိုင်ကြီးနှစ်ရပ်ဖြစ်သော ဥပဒေပြုရေးနှင့် တရားစီရင်ရေးတို့နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၄။ ယခုအချိန်သည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ ပြင်ဆင်ရေးကာလဖြစ်ပြီး ၎င်းရွေးကောက်ပွဲသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး သမိုင်းတစ်လျှောက်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲများအနက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းမှု အများဆုံးဖြစ်သည်ကို တွေ့ရှိရသည်။ အစိုးရအဖွဲ့အနေဖြင့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရန် ရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့များ၊ မိဘပြည်သူများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ အဆိုပါရွေးကောက်ပွဲမှ ပေါ်ထွက်လာသည့်ရလဒ်အတိုင်း အစိုးရအဖွဲ့အနေဖြင့် လက်ခံအတည်ပြု၍ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ယာဉ်ကြောပိတ်ဆို့မှုများသက်သာသွားမည့် အင်းစိန်ရထားလမ်း ခုံးကျော်တံတားအမှတ်(၂)

**ရန်ကုန် ဩဂုတ် ၁၇**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တည်ဆောက်သည့် ရထားလမ်းခုံးကျော်တံတားအမှတ်(၂)(အင်းစိန်)ကို ယနေ့နံနက် ၇ နာရီက စတင်ဖွင့်လှစ်လိုက်သည်။

ယခုဖွင့်လှစ်လိုက်သည့်တံတားသည် (၇၅)တန်ခံနိုင်ဝန်ရှိပြီး ပင်မတံတား(စော်ဘွားကြီးကုန်း-လှိုင်သာယာ) ၁၅၅၇ ပေ၊ လက်တက်တံတား(ရန်ကုန်-လှိုင်သာယာ) ၆၀၃ ပေ အရှည်ရှိကာ ပင်မတံတားမှာ နှစ်လမ်းသွားစနစ်ဖြစ်သည်။ လက်တက်တံတားမှာ တစ်လမ်းသွားစနစ်ဖြစ်ပြီး နိုင်ငံတော်မှ ကျပ် ၅၇၁၅ သန်း အကုန်အကျခံကာ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ဩဂုတ် ၁၁ ရက်တွင် ပြီးစီးခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင် လူဦးရေ ခုနစ်သန်းရှိသည့်အနက် လူဦးရေ နှစ်သန်းမှာ နေ့စဉ်ခရီးသွားရာတွင် မော်တော်ယာဉ်ကို အသုံးပြုလျက်ရှိရာ အဆိုပါခုံးကျော်တံတားအသစ် ဖွင့်လှစ်ခဲ့မှုနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် ခရီးသွားပြည်သူများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုကြားသိခဲ့ရသည်-

**ဦးမျိုးဇော်တူး(တံတားစီမံကိန်းအင်ဂျင်နီယာ)**

“အင်းစိန် တံတားဟောင်းအနေနဲ့ နှစ်လမ်းသွားပဲရှိနေပြီးတော့ အသွားအပြန်အသုံးပြုနေရတယ်။ ဒါ့အပြင် တံတားရဲ့ ချဉ်းကပ်လမ်းကလည်း လမ်းဆုံမှာကပ်ပြီး ဆင်းထားတဲ့အတွက် ယာဉ်ကြောကျပ်တည်းမှုတွေ ဖြစ်ခဲ့တယ်။ ဒါတွေကို ဖြေရှင်းဖို့လုပ်ခဲ့တာပါ။ လက်ရှိတံတားအသစ်ပြီးတဲ့ အချိန်မှာတော့ ရန်ကုန်ဘက်ကလာတဲ့ယာဉ်တွေကို လှိုင်သာယာဘက်ကိုလွှတ်ပေးထားပါတယ်။ ရန်ကုန်ဘက်ကိုတက်မယ့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**




ရထားလမ်းခုံးကျော်တံတားအမှတ်(၂)(အင်းစိန်)ဖွင့်ပွဲကို တွေ့ရစဉ်။ (ဓာတ်ပုံ-ဖေဇော်)




**ကြေးမုံ စာတည်း ရှုထောင့်** ၁၈-၈-၂၀၁၅၊ အင်္ဂါနေ့

# ငြိမ်းချမ်းရေး လင်းလက်ရောင်ခြည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် မင်္ဂလာရှိသောနေ့တစ်နေ့ဟုဆိုချင်သည်။ မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၆၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်မည့် ငြိမ်းချမ်းရေးရောင်ခြည်လင်းလက်လာမှုကို ယနေ့မြင်တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

ယနေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA)ပါ အချက်အလက်များကို ပြည်သူလူထုသိရှိနိုင်စေရန် ထုတ်ပြန်ကြေညာပေးထားရာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအတွက် စိတ်နှလုံးချမ်းမြေ့ဝမ်းမြောက်ဖွယ်ရာအတိဖြစ်စေသည်။

ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထံသို့ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့က ငြိမ်းချမ်းရေးဖော်ဆောင်ရန် တရားဝင်ဖိတ်ခေါ်ခဲ့ရာ ယနေ့သည် ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းခဲ့သည့် လေးနှစ်မြောက်နေ့ဖြစ်သည်။

လေးနှစ်တာကာလအတွင်း ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင် တစ်ဖွဲ့ချင်းစီတို့သည် အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးအတွက် ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် သဘောတူစာချုပ် ၃၉ ခုကို ချုပ်ဆိုခဲ့ကြပြီးနောက် ယခုငြိမ်းချမ်းရေးရောင်ခြည်လင်းလက်လာသည့်အဆင့်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက် ကြိုတင်ကန့်သတ်ချက်မထားဘဲ အဖွဲ့အစည်းအားလုံးကြီးငယ်မရွေး တန်းတူရည်တူဆွေးနွေးနိုင်ရန် ပွင့်လင်းမြင်သာစွာဖြင့် ရှေးရှုဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ရှေးရှုကာ စိတ်ရှည်သည်းခံခြင်း၊ အပြန်အလှန်နားလည်ခြင်းတို့ကို အခြေခံ၍ ရရှိလာသည့်ယုံကြည်မှုကိုအခြေပြုကာ မကြာမီကာလအတွင်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို စစ်ရေးဖြင့်ဖြေရှင်းခြင်းမှာ မအောင်မြင်သော ဖြေရှင်းနည်းဖြစ်သည်ကို နှစ်ပေါင်း ၆၀ ကျော်ကြာ ရင်ဆိုင်ကြုံတွေ့နေရသော လက်နက်ကိုင်ပဋိပက္ခများက သက်သေပြလျက်ရှိသည်။ နိုင်ငံတော်အစိုးရကလည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၏ ဇာစ်မြစ်မှာ တိုင်းရင်းသားညီအစ်ကို အချင်းချင်းအကြား နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းများဖြင့် တွေ့ဆုံဆွေးနွေးအဖြေမရှာနိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်ဟု သဘောပေါက်နားလည်ထားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွက် အမျိုးသားပြန်လည်သွေးစည်းညီညွတ်ရေးသည် အထူးလိုအပ်နေသော အဓိကကျသည့်အချက်ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်းအကြား နှစ်ပေါင်းများစွာအဖြေရှာမရသည့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းများဖြင့် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းမှ တက်လှမ်းလာသည့်အဖြေများမှာ ငြိမ်းချမ်းရေးအတွက် အောင်မြင်တိုးတက်မှုများပင်ဖြစ်သည်။

နှစ်ဦးနှစ်ဖက်အကြား အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှုနှင့် အပြန်အလှန်စိတ်ရှည်သည်းခံမှုတို့ကို အရင်းပြု၍ လပေါင်း ၁၇ လကျော်ကြာ ဆွေးနွေးခဲ့ပြီး မတ်လ ၃၁ ရက်နေ့တွင် အခန်း(၇)ခန်းနှင့် အချက်ကြီး (၃၃)ချက်ပါ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(အတည်ပြုမူကြမ်း)ပြီးစီးကြောင်း လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်သည်။

ယခုလက်မှတ်ရေးထိုးပြီးနောက်တွင် ပဋိပက္ခဖြစ်ပွားရာဒေသများ၌ တိုက်ပွဲများလျော့ချပြီး ရပ်ဆိုင်းသွားသည်အထိ ကြိုးပမ်းနိုင်မည်ဖြစ်၍ ပဋိပက္ခဒဏ်ရာဒဏ်ချက်များ ခံစားနေရသောဒေသများမှ တိုင်းရင်းသားပြည်သူများအတွက် ငြိမ်းချမ်းရေးအသီးအပွင့်များကို လက်တွေ့ခံစားနိုင်တော့မည်ဖြစ်သည်။ ထို့ကြောင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှ ထာဝရငြိမ်းချမ်းရေးရသည်အထိ အားလုံးစိတ်တူကိုယ်တူ အတူတကွ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ကြစေရန် ဆန္ဒပြုပါသည်။ ။



## နမ့်ပေါ့ချောင်းကူးယာယီတံတား သတ်မှတ်တန်ချိန်ထက်ပို၍ ယာဉ်ကြီးများဖြတ်သန်းနေ

**သီပေါ ဩဂုတ် ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နမ့်ပေါ့ချောင်းတံတား ကျိုးကျပျက်စီးသွားသဖြင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေစေရေးအတွက် ပေ ၁၈၀ အရှည်ရှိ နှစ်လွှာတစ်ထပ်ယာယီတံတားကို သက်ဆိုင်ရာက တည်ဆောက်ခဲ့ပြီး တန်ချိန် ၂၀ သာ ခွင့်ပြုခဲ့သည်။

သို့သော် ဩဂုတ် ၁၁ ရက်က မော်တော်ယာဉ်ကြီးအချို့သည် တန် ၂၀ ထက်ပိုသော ဂေါ်တန်ကျောက်များ၊ အထွေထွေကုန်များကို တင်ဆောင်ဖြတ်သန်းနေသဖြင့် သက်ဆိုင်ရာက သတ်မှတ်ထားသော တန်ချိန်အတိုင်းသာ ဖြတ်သန်းသင့်ကြောင်း၊ ယခုဘေလီတံတားမှာ ခေတ်မီသံကူကွန်ကရစ်တံတားကြီး မဆောက်မီကာလအတွင်း ယာယီဖြတ်သန်းသွားလာနိုင်ရန် စီမံဆောင်ရွက်ပေးထားခြင်းဖြစ်၍ ယခုဘေလီတံတား ထပ်မံကျိုးကျပါက နမ့်ဆန်၊ နမ္မတူ၊ မန်တုံမြို့နယ်များနှင့် သီပေါတောင်နှင့် မြောက်ခြမ်းများပါ ဆက်သွယ်သွားလာမှု ပြတ်တောက်သွားမည်ဖြစ်သည့်အတွက် တာဝန်ရှိသူများအနေဖြင့် ယာဉ်ထိန်းအဖွဲ့ဝင်များကို တာဝန်ပေးဆောင်ရွက်စေလိုကြောင်း မြို့မိမြို့ဖတစ်ဦးက ပြောသည်။

အဆိုပါ ဘေလီတံတားဖြတ်သန်းခွင့်ပြုချက်မှာ တန် ၂၀ သာဖြစ်ကြောင်းကို ဆောက်လုပ်ရေးဌာနမှလည်း တံတားထိပ်ထွင်ဆိုင်းဘုတ်များ တပ်ဆင်ထားသည်ကို တွေ့ရသည်။

**စိုင်း(သီပေါ)**



**အထွေထွေရွေးကောက်ပွဲကို**

**၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်**

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၁၇**

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၆၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**၁၁-၈-၂၀၁၅ ရက်နေ့မှ ၁၄-၈-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၆၄၈ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၅၆၆ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**ရန်ကုန်ရွှေဈေး** ၇၅၃၀၀၀ - ၇၅၃၀၀၀

**မန္တလေးရွှေဈေး** ၇၅၂၂၀၀ - ၇၅၂၂၀၀

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၆၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၄၀၄. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၉၈. ၀၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၅. ၈၇၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၇. ၆၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉. ၄၃၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၀၁၇. ၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၇. ၀၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၃၂. ၅၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၉၉. ၂၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာများကို နိုင်ငံရေးပါတီအားလုံးသို့ အကြောင်းကြားစာပေးပို့

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရာတွင် ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရန်အပြင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည့်ကျင့်ဝတ်ကို စောင့်ထိန်းလိုက်နာကြရန် နိုင်ငံရေးပါတီအားလုံးသို့ အကြောင်းကြားစာ ပေးပို့ထားရှိသည်။

အဆိုပါအကြောင်းကြားစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဇူလိုင်(၁)ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားသော ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ညွှန်ကြားချက် (၁/၂၀၁၄)တွင်ပါရှိသော စာပိုဒ်(၃)မဲဆွယ်စည်းရုံးခြင်းကာလ ပြင်ဆင်ကြောင်းကို အကြောင်းကြားခဲ့ပြီးဖြစ်ကြောင်း၊ ယင်းပြင်ဆင်ချက်အရ စာပိုဒ် ၃၊ မဲဆွယ်စည်းရုံးခွင့်ကာလခေါင်းစဉ်အောက်တွင် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ ခွင့်ပြုထားသောကြောင့် စက်တင်ဘာ ၈ ရက် နံနက်(၆)နာရီမှ နိုဝင်ဘာ ၆ ရက် ည(၁၂)နာရီအထိ မဲဆွယ်စည်းရုံးခွင့်ရှိကြောင်း။

ထိုသို့ မဲဆွယ်စည်းရုံးရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မိမိ၏ ကိုယ်ရေးအချက်အလက်၊ စွမ်းဆောင်ရည်နှင့် မူဝါဒသဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အများပြည်သူသိရှိရန် မဲဆွယ်စည်းရုံးသည့် ပိုစတာများ စိုက်ထူ/ချိတ်ဆွဲ/ကြော်ငြာခြင်းကို ပြုလုပ်လိုပါက သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီများထံသို့ တင်ပြခွင့်ပြုချက်တောင်းခံ၍ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိကြောင်း၊ ယင်းသို့ ကြော်ငြာ/ပိုစတာ စိုက်ထူ/ချိတ်ဆွဲခြင်းကို ကော်မရှင်ကသတ်မှတ်ထားသည့် မဲဆွယ်စည်းရုံးခွင့်ကာလအတွင်း၌သာ ဆောင်ရွက်ခွင့်ရှိကြောင်း၊ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ/ပိုစတာများကို မဲဆွယ်စည်းရုံးခွင့်ပြုထားသည့် နောက်ဆုံးရက် နိုဝင်ဘာ ၆ ရက် ည(၁၂)နာရီ နောက်ဆုံးထား၍ ဖြုတ်သိမ်းခြင်းမရှိပါက မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် ညှိနှိုင်း၍ ကြော်ငြာ/ပိုစတာများအား ဖြုတ်သိမ်းသွားစေမည်ဖြစ်ကြောင်း၊ ယင်းသို့ ကြော်ငြာ/ပိုစတာ ဖြုတ်သိမ်းခြင်းလုပ်ငန်းဆောင်ရွက်ရသည့် ကုန်ကျစရိတ်ကျသင့်ငွေအား သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းမှ ပြန်လည်ပေးချေရန် တာဝန်ရှိမည်ဖြစ်ကြောင်း။

သို့ဖြစ်ပါ၍ လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကျင်းပရာတွင် ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတမှုရှိသော ရွေးကောက်ပွဲများဖြစ်စေရေးအတွက် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မဲဆွယ်စည်းရုံးရာတွင် ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ထို့အပြင် ၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ်(Code of Conduct for political parties and candidates)ကို စောင့်ထိန်းလိုက်နာကြရန် လိုအပ်မည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

# လူကုန်ကူးမှုများ၌ လူကုန်ကူးခံရသူ ဗဟိုပြုချဉ်းကပ်ဆောင်ရွက်မှုကို အသုံးပြုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စုရှေ့နေချုပ်ရုံး မြန်မာ-အမေရိကန်နှစ်နိုင်ငံအကြား လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံကိန်းနှင့် The Warnath Group တို့ပူးပေါင်း၍ "လူကုန်ကူးမှုများ၌ လူကုန်ကူးခံရသူ ဗဟိုပြုချဉ်းကပ်ဆောင်ရွက်မှုကို အသုံးပြုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က မြန်မာနိုင်ငံသည် ၂၀၀၀ ပြည့်နှစ် United Nations Convention Against Trananational Organized Crime နှင့် Protocol Prevent Suppress and Punish Trafficking in Person, Especially Women and Children သို့ ပါဝင်ခြင်းမပြုမီကပင် ပြစ်မှုဆိုင်ရာဥပဒေအရ လူကုန်ကူးမှုကျူးလွန်သူများကို ပြစ်ဒဏ်ပြဋ္ဌာန်း သတ်မှတ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံက အဆိုပါ ကွန်ဗင်းရှင်းနှင့် Protocol သို့ ဝင်ရောက်ပြီး နောက်ပိုင်းတွင်လည်း ကွန်ဗင်းရှင်းနှင့် Protocol နှင့်ညီသော လူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၀၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပြစ်မှုဆိုင်ရာကိစ္စများတွင် အကူအညီပေးရေးဆိုင်ရာ ဥပဒေကို ၂၀၀၄ ခုနှစ်ကပင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ထို့နောက် အာဆီယံနိုင်ငံများအကြား ချုပ်ဆိုသည့် ပြစ်မှုဆိုင်ရာကိစ္စများတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးသဘောတူစာချုပ် (Asean Mutual Legal Assistance Treaty) သို့လည်း ဝင်ရောက်ခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး ရဲချုပ်ဇော်ဝင်းက အမှာစကားပြောကြားသည်။

The Warnath Group မှ Senior Advisor on Law and Policy Ms.Sheila Berman က မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်က ပေးပို့သည့်သဝဏ်လွှာအား ဖတ်ကြားတင်ပြပြီး Founder နှင့် CEO ဖြစ်သူ Ms. Stephen Warnath က ယနေ့ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရှိ တရားဥပဒေစိုးမိုးရေးအခန်းကဏ္ဍ၌ ပါဝင်ဆောင်ရွက်နေကြသော ဥပဒေအရာရှိများသာမက ကမ္ဘာအရပ်ရပ်ရှိ တရားဥပဒေစိုးမိုးရေး တာဝန်ရှိသူ အားလုံးအတွက် အသုံးဝင်မည်ဖြစ်ပါကြောင်း၊ လူကုန်ကူးခံရသူများကို ဗဟိုပြုချဉ်းကပ်သည့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ထိရောက်စွာ အသုံးပြုနိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် လူကုန်ကူးခံရသူကို အလေးထား ထိတွေ့ဆက်ဆံမှုများ ပါဝင်ဆွေးနွေးမည်ဟု ပြောကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဖျာပုံမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်လှစ်

**ဖျာပုံ ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့တွင် မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီကဖျာပုံခရိုင်နှင့် မြို့နယ်အစည်းအဝေးခန်းမဆောင်များ၌ နှစ်နေရာခွဲ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူးဦးစိုးတင့်က ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဖျာပုံမြို့နယ်အုပ်ချုပ်ရေးမှူးက ပွဲမိန့်၊ မြို့မြေပေးအမိန့်၊ မြေငှားဂရန်၊ အခွန်(၄)မျိုး၊ ယစ်မျိုးလိုင်စင်ကိစ္စများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေငှားဂရန် လျှောက်ထားခြင်းဆိုင်ရာကိစ္စများ၊ ပုံစံ(၁၀၅) (၁၀၆)ရေးကူးခြင်းဆိုင်ရာကိစ္စများ၊ စာချုပ်စာတမ်းကိစ္စများ၊ ကျန်းမာရေးဦးစီးဌာန ဒေါက်တာမေသူဇော်(ဆေးရုံအုပ်)က ဖွား/သေ စာရင်းမှတ်ပုံတင်ခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်းနှင့် တိုင်းရင်းဆေးဆိုင်ရာ သင်တန်းဖွင့်လှစ်ရေးကိစ္စ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဆိုင်ရာကိစ္စများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ပုံစံ(၁၀) ဆောင်ရွက်ခြင်းကိစ္စ၊ တစ်ဦးချင်းနှစ်ဦးချင်းနှင့် မိသားစုအလိုက်ပြောင်းထွက်ခြင်းဆိုင်ရာကိစ္စများ၊ ဖွား/သေ စာရင်းများကို အိမ်ထောင်စုအတွင်းသို့ ထည့်ပေါင်းခြင်း/ထုတ်ပယ်ခြင်းကိစ္စများ၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ မြို့တွင်းသန့်ရှင်းရေးလုပ်ငန်း၊ မိလ္လာသန့်ရှင်းရေးလုပ်ငန်း၊ လမ်းမီးလင်းရေးလုပ်ငန်း၊ အငှားယာဉ်ပိုင်ရှင်နှင့် နင်းသားလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများ၊ နာရေးကိစ္စရပ်များ၊ စီးပွားရေးကြော်ငြာလုပ်ငန်းများ၊ ဈေးဆိုင်ခန်းသက်တမ်းတိုးခြင်းကိစ္စများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ရေချိုရေငန်ငါးလုပ်ငန်းနှင့် ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းကိစ္စရပ်များ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ပေးဆောင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့် အောင်ဘာလေအခွန်ကိစ္စရပ်များ၊ လျှပ်စစ်ဖြန့်ဖြူးရေးဌာနမှ လုပ်ငန်းသုံးမီတာ၊ ကိုယ်ပိုင်မီတာ၊ ထရန်စဖော်မာနှင့် ဓာတ်တိုင်စိုက်ထူခြင်း ကိစ္စများ၊ ဝါယာရှော့(ခ်)ဖြစ်ခြင်း ကိစ္စရပ်များ စသည်ဖြင့် မိမိတို့ဌာနဆိုင်ရာအလိုက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းကိစ္စရပ်များကို အကျယ်တဝင့် အသီးသီး ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

**(သပြေထွန်း)**

# ညောင်တုန်းမြို့၌ မိုးရာသီကာလတွင် လျှပ်စစ်မီးကြိုးလိုင်းများနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အရေးပေါ်ဌာနများ ဖွင့်လှစ်ဆောင်ရွက်

**ညောင်တုန်း ဩဂုတ် ၁၇**

ညောင်တုန်းမြို့နယ် မိုးရာသီကာလအတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုလျော့နည်းရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် မြို့တွင်းရှိ လျှပ်စစ်မီးကြိုးများနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အများပြည်သူများရှိသည့် ကားဂိတ်နှင့် လမ်းမတော်တစ်လျှောက်ရှိ လျှပ်စစ်မီးလိုင်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ လမ်းဆုံနေရာများတွင် လျှပ်စစ်မီးကြိုးများ ပြုတ်မကျစေရန် လျှပ်စစ်မီးလိုင်းကြိုးများအား ကြွေသီးများဖြင့် ချည်နှောင်ချိတ်ဆက်သွယ်တန်းပေးခြင်း(Link Connection) လုပ်ငန်းများ၊ ရေးဘုရားလမ်းရှိ သစ်ကိုင်းသစ်ပင်များအား ခုတ်ထွင်ရှင်းလင်းခြင်းများကို ဩဂုတ် ၁၄ ရက်တွင် တာဝန်ရှိသူများက ဆောင်ရွက်ခဲ့သည်။

ထို့ပြင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အားသုံးအများပြည်သူများအခက်အခဲရှိပါက ဆက်သွယ်ဆောင်ရွက်ရန်အတွက် အရေးပေါ်ဌာန မြို့နယ်လျှပ်စစ်ရုံး(၀၄၆-၂၀၃၄၂)နှင့် 33/11KV, 5MVA ခွဲရုံ (၀၉-၈၅၄၀၆၈၇)သို့ အရေးပေါ်လျှပ်စစ်ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အများပြည်သူများသိရှိနိုင်ရန် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

❖ **ရှေ့ဖုံးမှ**

ယာဉ်တွေကတော့ လမ်းကြောင်းနှစ်ခု အသုံးပြုလို့ရတဲ့အတွက်ကြောင့် ယာဉ်ကြောပိတ်ဆို့မှုတွေ သက်သာသွားမှာပါ"ဟု တံတားစီမံကိန်း အင်ဂျင်နီယာ ဦးမျိုးဇော်တူးက ပြောသည်။

**ဦးဇော်လွင်မိုး(ယာဉ်မောင်း)**

"ကျွန်တော်တို့အတွက် လမ်းပန်းဆက်သွယ်ရေးတွေ ပိုကောင်းသွားတယ်။ အရင်က ဒီနေရာမှာ ကားတွေအလွန်ကျပ်တယ်။ အခုတော့ ရှင်းသွားတယ်။ ဒါဟာတံတားသစ်ကြီး ဖွင့်လိုက်တာကြောင့်လို့ထင်တယ်။ အခုလို တံတားထိုးပေးလိုက်တဲ့အတွက် ယာဉ်လမ်းကြောင်းရှင်းသွားလို့ ကောင်းပါတယ်၊ ဝမ်းသာပါတယ်"ဟု ပြောသည်။

**ဦးထွန်းဝေ(ဒေသခံ)**

"အခုလိုတံတားအသစ်ကြီးပြီးသွားတော့ သွားလာမှုတွေပိုအဆင်ပြေသွားတယ်။ အရင်ကဆိုရင် ကားကျပ်တော့ လမ်းကူးတာအခက်အခဲဖြစ်တယ်။ အခုတော့ ဒါတွေအဆင်ပြေသွားမယ်လို့ထင်ပါတယ်"ဟု ပြောသည်။

**ကိုသိန်းတန်(အနေးယာဉ်လုပ်သား)**

"ဒီတံတားမဖွင့်ခင်တုန်းက ကားကျပ်လို့သွားလာရခက်ခဲတယ်။ ကျွန်တော်တို့ အနေးယာဉ်လုပ်သားတွေအနေနဲ့ လမ်းကျပ်ရင် အလုပ်လုပ်လို့မကောင်းဘူး။ အန္တရာယ်များတယ်။ တစ်ခါတလေ ယာဉ်ကြောကျပ်လို့ တွက်ခြေမကိုက်တဲ့အခါတွေတောင်ရှိတယ်။ လမ်းရှုပ်၊ လူရှုပ်တဲ့နေရာတွေဆို



ဦးဇော်လွင်မိုး။



ဦးထွန်းဝေ။



ကိုသိန်းတန်။



ဦးမောင်မောင်ဝင်း။

ရတဲ့ငွေနဲ့ ပေးဆပ်ရတဲ့အချိန်က မကိုက်ဘူး။ အခုတော့လမ်းရှင်းသွားလို့ အလုပ်ကို စိတ်ချမ်းချမ်းသာသာလုပ်လို့ရပြီ။ ကားတွေကြားထဲမှာ တိုးဝှေ့လုယက်ပြီး လုပ်စရာမလိုတော့ဘူး။ အဲဒီအတွက် ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်"ဟု ပြောသည်။

**ဦးမောင်မောင်ဝင်း(အငှားယာဉ်မောင်း)**

"အရင်ကဆိုရင် ဒီနေရာက ယာဉ်ကြောကျပ်လေ့ရှိတယ်။ မီးပွိုင့်ကို တစ်ခါဖြတ်ဖို့ နာရီဝက်လောက် အချိန်ပေးပြီးစောင့်ရတဲ့အတွက် ဒီဘက်ဆိုရင် သိပ်မလိုက်ချင်ဘူး။ ကျွန်တော်တို့ အငှားယာဉ်မောင်းသမားတွေက အချိန်ကိုလုပြီး အလုပ်လုပ်နေရတဲ့အတွက် ခရီးဝေးတာကိုမကြောက်ဘူး။ ယာဉ်ကြောကျပ်တာကို အကြောက်ဆုံးပါ။ အခုတော့ အဆင်ပြေသွားပြီ။ အချိန်ကုန်သက်သာသွားတော့ ငွေပိုရတာပေါ့"ဟု ပြောသည်။

၀၀၀

# တောင်ကိုရီးယားနှင့်အမေရိကန်တပ်ဖွဲ့များ ပူးတွဲစစ်ရေးလေ့ကျင့်မှုစတင်



**ဆိုးလ် ဩဂုတ် ၁၇**

"အူလ်ချီလွတ်မြောက်ရေးအုပ်ထိန်းသူ"ဟု အမည်ပေးထားသည့် တောင်ကိုရီးယားနှင့်အမေရိကန်တပ်ဖွဲ့များ၏ နှစ်စဉ်ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဩဂုတ် ၁၇ ရက်တွင် စတင်ခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

၁၂ ရက်ကြာ ကျင်းပမည့် ယင်းစစ်ရေးလေ့ကျင့်မှုတွင် ကွန်ပျူတာအထောက်အကူပြု သင်္ချာန်တူလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံအား ကျူးကျော်ဝင်ရောက်ရန် စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခြင်းအတွက် မိမိတို့က စစ်ရေးအရ တုံ့ပြန်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံက ခြိမ်းခြောက်နေစဉ် အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် တောင်ကိုရီးယားတပ်ဖွဲ့ဝင် ၅၀၀၀၀၀ ခန့်နှင့် အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀၀ တို့ ပူးပေါင်းပါဝင်ကြမည်ဖြစ်ကြောင်း၊ စစ်ရေးလေ့ကျင့်မှုမှာ ၎င်းနိုင်ငံ၏ပိုင်နက်နယ်မြေကာကွယ်ရေးအတွက် ရည်ရွယ်လုပ်ဆောင်သော ပုံမှန်စစ်ရေးလေ့ကျင့်ခြင်းသာဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံက ပြောကြားသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုပြုလုပ်သည့် အစီအစဉ်နှင့်ပတ်သက်၍ တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံအား ခွဲခြားထားသည့် ပန်မွန်ဂျုံရွာတွင် တောင်ကိုရီးယားဘက်မှ အသံချဲ့စက်များဖြင့် အသိပေးအကြောင်းကြားခဲ့ကြောင်း နှစ်နိုင်ငံအပစ်အခတ်ရပ်စဲမှုကို စောင့်ကြည့်သည့် ကုလသမဂ္ဂစစ်ဌာနချုပ် အပစ်အခတ်ရပ်စဲရေးကော်မရှင်က ပြောကြားသည်။

မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် တောင်ကိုရီးယားစစ်သားနှစ်ဦးထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများမြင့်တက်နေစဉ်အတွင်း အမေရိကန်နှင့်တောင်ကိုရီးယားတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို စတင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါမြေမြှုပ်မိုင်းများမှာ ၎င်းတို့ပိုင်နက်နယ်မြေအတွင်း၌ မြောက်ကိုရီးယားတို့က ဝင်ရောက်မြှုပ်နှံထားခြင်းဖြစ်ကြောင်း တောင်ကိုရီးယားက စွပ်စွဲပြောကြားထားသည်။ **ဆင်ဟွာ။**

# ရုရှားတွင် ရဟတ်ယာဉ်ပျက်ကျ၊ လူ ငါးဦးသေ

**မော်စကို ဩဂုတ် ၁၇**

လူ ၁၆ ဦး စီးနင်းလိုက်ပါလာသည့် ရုရှားရဟတ်ယာဉ်တစ်စင်း အိုခေါ့စ်ခ်ပင်လယ်တွင်းသို့ ပျက်ကျရာ ငါးဦးသေဆုံးခဲ့သည်။ ရုရှားအရေးပေါ်ဌာနတာဝန်ရှိသူများက လေယာဉ်ပျက်ကျသည့်နေရာမှ သေဆုံးသူများ၏ ရုပ်အလောင်းများကို ပြန်လည်ဆယ်ယူပြီး ဖြစ်ကြောင်း တနင်္လာနေ့တွင် ပြောကြားသည်။

အမ်အိုင်-၈ ရဟတ်ယာဉ်သည် စနေနေ့က ရုရှားနိုင်ငံအရှေ့ပိုင်း ခါဘာရိုဗက်ခ်ဒေသမှ ပျံတက်သွားပြီးနောက် ပျောက်ဆုံးသွားခြင်း ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ရှာဖွေရေးသမားများက ရဟတ်ယာဉ်ကို ပင်လယ်တွင်း ၁၀ မီတာခန့် အနက်တွင် ရှာဖွေတွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ရဟတ်ယာဉ်ပေါ်တွင် ရဟတ်ယာဉ်အမှုထမ်းသုံးဦးနှင့် ရုရှားကမ္ဘာလှည့်ခရီးသည်များ အပါအဝင် ခရီးသည် ၁၃ ဦး စီးနင်းလိုက်ပါသွားခဲ့သည်။ ၁၁ ဦးမှာ မီတာ ၁၀၀ ခန့်ကွာဝေးသည့် ကမ်းစပ်သို့ ကူးခတ်လာနိုင်ခဲ့ကြသည်။ စုံစမ်းစစ်ဆေးသူများက ရဟတ်ယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ အသက်ရှင်ကျန်ရစ်သည့် ရဟတ်ယာဉ်အမှုထမ်းတစ်ဦးက အင်ဂျင်ချွတ်ယွင်းမှုကြောင့် ပျက်ကျရခြင်း ဖြစ်ဖွယ်ရှိကြောင်း ပြောကြားသည်။

ယခုရဟတ်ယာဉ်ပျက်ကျမှုသည် အမ်အိုင်ရဟတ်ယာဉ်ပျက်ကျမှုများတွင် နောက်ဆုံးဖြစ်ပေါ်ခဲ့သည့် မတော်တဆမှုဖြစ်သည်။ အဆိုပါ ရဟတ်ယာဉ်ကို အာရှ၊ အာဖရိကနှင့် ရုရှားနိုင်ငံတို့တွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ။**

# သီရိလင်္ကာ၌ ပါလီမန်ရွေးကောက်ပွဲကျင်းပ၊ ရွေးကောက်အောင်ပွဲခံမည်ဟု ဝန်ကြီးချုပ်မျှော်လင့်

**ကိုလံဘို ဩဂုတ် ၁၇**

သီရိလင်္ကာနိုင်ငံ၌ ကျင်းပသည့် ပါလီမန်ရွေးကောက်ပွဲ၌ မိမိတို့အနိုင်ရရှိပြီး အစိုးရအဖွဲ့သစ်ဖွဲ့စည်းနိုင်မည်ဟု ယုံကြည်ကြောင်း ဝန်ကြီးချုပ် ရာနီးလ်ဝီကရီဆင်းဟာက ဩဂုတ် ၁၇ ရက်တွင် ပြောကြားသည်။

အမတ်နေရာ ၂၂၅ နေရာရှိ ပါလီမန်အတွက် မဲပေးမှုကို ဩဂုတ် ၁၇ရက်တွင် ပြုလုပ်သည်။ နိုင်ငံတစ်ဝန်းရှိ ခရိုင်ပေါင်း ၂၂ခု၌ ပြည်သူများ မဲပေးနိုင်ရန် မဲရုံများကို ဖွင့်လှစ်ပေးထားသည်။

တရားဥပဒေစံနှုန်းများအရလည်းကောင်း၊ ဒီမိုကရေစီစံနှုန်းများအရလည်းကောင်း ယခုကျင်းပသော ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ကြောင်း ဝန်ကြီးချုပ်ဝီကရီဆင်းဟာက မဲပေးပြီးနောက် ပြောကြားသည်။ ၎င်းသည် ကိုလံဘိုတက္ကသိုလ်အနီးရှိ ကောလိပ်ကျောင်းအဆောက်အအုံအတွင်း ဖွင့်လှစ်ထားသော မဲရုံ၌မဲပေးခဲ့သည်။

ဝီကရီဆင်းဟာသည် ကိုလံဘိုခရိုင်မှ ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ၎င်း၏ အသစ်ဖွဲ့စည်းထားသော ညွန့်ပေါင်းအဖွဲ့ အနိုင်ရရှိမည်ဆိုပါက ဝန်ကြီးချုပ်ရာထူး၌ ပြန်လည်ရွေးချယ်ခံရမည်ဖြစ်သည်။

သီရိလင်္ကာ ပါလီမန်ရွေးကောက်ပွဲကို လေ့လာစောင့်ကြည့်နိုင်ရန် ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူ နိုင်ငံခြားသားများ နိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ကြက်ထားကြောင်း ဥရောပသမဂ္ဂမှ ရွေးကောက်ပွဲအကဲခတ်များက ပြောကြားသည်။

**ဆင်ဟွာ။**

# ဘန်ကောက်မြို့လယ်တွင် ဗုံးပေါက်ကွဲ၊ ၁၆ ဦးသေဆုံး

**ဘန်ကောက် ဩဂုတ် ၁၇**

ဘန်ကောက်မြို့လယ်ရှိ ဟိန္ဒူဘုရားကျောင်းတစ်ခုအနီးတွင် ယနေ့ ည ၇ နာရီခန့်က ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ လူ ၁၆ ဦးသေဆုံးပြီး ၈၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များက အတည်ပြုပြောကြားသည်။

ထိုင်းနိုင်ငံဒုတိယရဲချုပ် အင်ဆာနာခွန်က ရိုက်တာသတင်းထောက်များနှင့်တွေ့ဆုံစဉ် ဗုံးမှာ မော်တော်ဆိုင်ကယ်တစ်စီးဖြင့် လာရောက်ဖောက်ခွဲခြင်းဖြစ်ကြောင်း၊ အခင်းဖြစ်ပွားရာနေရာတွင် လူ၏အသားစိုင်အသားစများတွေ့ရှိခဲ့ရသည်ဟု ဆိုသည်။

ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး မည်သည့်အဖွဲ့၏လက်ချက်ဖြစ်ကြောင်းကို အတည်ပြုပြောကြားနိုင်ခြင်း မရှိသေးပေ။ သို့သော် ရဲတပ်ဖွဲ့ဝင်များသည် ကျန်ရှိသေးသည်ဟုယူဆရသော ဗုံးများကို ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။

ဗုံးပေါက်ကွဲရာ အဆိုပါဟိန္ဒူဘုရားကျောင်းသည် လူစည်ကားသည့် ဟိုတယ်များ၊ ရုံးများ၊ ဈေးတန်းများနှင့် နီးကပ်စွာရှိပြီး အရှေ့အာရှမှ ကမ္ဘာလှည့်ခရီးသည်အများအပြားလာရောက်လည်ပတ်သည့် အဓိကနေရာတစ်ခုလည်းဖြစ်ကြောင်း သိရသည်။ **ရိုက်တာ။**



# ဆန်ဒိုင်းနျူစက်ရုံအနီး မီးတောင်လှုပ်ရှား

**တိုကျို ဩဂုတ် ၁၇**

ဂျပန်နိုင်ငံ၌ ဆန်ဒိုင်းနျူကလီးယားစက်ရုံအနီးရှိ မီးတောင်တစ်လုံးလှုပ်ရှားနေမှုကို မိမိတို့လေ့လာစောင့်ကြည့်လျက်ရှိကြောင်း အဆိုပါစက်ရုံကို ဖွင့်လှစ်လုပ်ကိုင်နေသော ကျူးရှူးလျှပ်စစ်ဓာတ်အားကုမ္ပဏီက ဩဂုတ် ၁၇ ရက်တွင် ပြောကြားသည်။

ဂျပန်နိုင်ငံ ဖူကူရှီးမားခရိုင်ရှိ နျူကလီးယားစက်ရုံ၌ ၂၀၁၁ ခုနှစ်က ဆူနာမီရေလှိုင်းရိုက်ခတ်မှုကြောင့် ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့ပြီးချိန်နောက်ပိုင်း အသစ်ပြဋ္ဌာန်းလိုက်သည့် ဘေးအန္တရာယ်လုံခြုံရေးစံချိန်စံနှုန်းသစ်များနှင့်အညီ ပထမဆုံးဖွင့်လှစ်ခွင့်ရရှိသော ဆန်ဒိုင်းနျူကလီးယားစက်ရုံအနီး၌ မီးတောင်လှုပ်ရှားလာခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၌ စက်သုံးဆီအသုံးစရိတ်များ မြင့်တက်လာမှုကို လျှော့ချနိုင်ရန် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် အကျိုးမြှုစွမ်းအင်ကုမ္ပဏီများက နျူကလီးယားစက်ရုံများကို ပြန်လည်ဖွင့်လှစ်ရန် လိုလားကြသည်။

ဆန်ဒိုင်းမြို့မှ ကီလိုမီတာ ၅၀(မိုင်၃၀)ခန့်အကွာရှိ ဆာကူရာဂျီးမား မီးတောင်သည် ပေါက်ကွဲမည့်လက္ခဏာများ ပြသလျက်ရှိသည်။

မီးတောင်လှုပ်ရှားမှုရှိနေသော်လည်း စက်ရုံလည်ပတ်မှုကို ထိခိုက်ခြင်းမရှိကြောင်း၊ မိုးလေဝသအေဂျင်စီ၏ သတိပေးချက်များကို မိမိတို့အလေးထားကြောင်း အဆိုပါကုမ္ပဏီက ပြောကြားသည်။

**ရိုက်တာ။**

ပြည်တွင်းရေးရာ

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ ကျင်းပသည့် ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံတကာအကူအညီပေးရေးအေဂျင်စီများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံအရပ်ရပ်၌ရှိကြသည့် ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ အသုံးပြုရန် တပ်မတော်သား ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ အလှူငွေများ လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ ငွေကြေးပမာဏ မများသော်လည်း ပြည်သူများဒုက္ခရောက်ချိန်တွင် လွှတ်တော်ကိုယ်စားလှယ်များက နေ့တွက်စရိတ်များထဲမှ လည်းကောင်း၊ ဝန်ထမ်းများက လစာများထဲမှလည်းကောင်း လှူဒါန်းခြင်း ဖြစ်ပါကြောင်း။

ရေဘေးအန္တရာယ်သည် နိုင်ငံအနှံ့ဖြစ်ပွားခဲ့ပြီး ထိခိုက်ဆုံးရှုံးမှု များပြားပါကြောင်း၊ နိုင်ငံသားများနှင့် နိုင်ငံတော်ပိုင်ပစ္စည်းများ များစွာဆုံးရှုံးပျက်စီးခဲ့ရပါကြောင်း၊ ယခုကဲ့သို့ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့မှုအပေါ် အားလုံးပူးပေါင်းပါဝင်၍ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဆောင်ရွက်နိုင်ကြပါစေဟု ဆုတောင်းပါကြောင်းဖြင့် ပြောကြားသည်။





ထို့နောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက တပ်မတော်သားကိုယ်စားလှယ် ၁၀၆ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၀၇ ဦး စုစုပေါင်း ၄၁၃ ဦးတို့က လှူဒါန်းသည့် အလှူငွေ ကျပ် ၄၁၃ သိန်းကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်ရုံး ဝန်ထမ်းများနှင့် လွှတ်တော်အထောက်အကူပြုအဖွဲ့ဝန်ထမ်းများက လှူဒါန်းသည့်အလှူငွေကျပ် ၁၁၇၃၅၀၀ နှင့် ပစ္စည်းများကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ရုံးဝန်ထမ်းများက လှူဒါန်းသည့် အလှူငွေကျပ် ၁၁၀၂၅၇၀ နှင့် ပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းအခမ်းအနားတွင် လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၄၃၅၇၆၀၇၀ ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာအို၊ ဂျပန်နှင့် ထိုင်းနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**နေပြည်တော် ဩဂုတ် ၁၇**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် လာအို ဒုတိယကာကွယ်ရေးဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ၊ ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ်၊ ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်တို့၏ ဖိတ်ကြားချက်များအရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်အတွက် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်လေဆိပ်မှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံး ဒုတိယအကြီးအကဲ၊ စစ်သံမှူးနှင့်ဇနီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံစစ်သံမှူးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံကြည်းတပ်စစ်သံမှူးနှင့်ဇနီးတို့က နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီးဒေါ်သန်းသန်းနွယ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်အေးနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# မန္တလေး-မြစ်ကြီးနား မီးရထားခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲနိုင်ရေး လမ်းပိုင်းအလိုက် စမ်းသပ်မောင်းနှင်

**မုံရွာ ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် မန္တလေး-မြစ်ကြီးနားလမ်းပိုင်းရှိ နေရာအချို့တွင် ရထားလမ်းရေကျော်ခြင်း၊ တံတားအချို့ ရေတိုက်စားမှုကြောင့် ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့၍ ရထား ခရီးစဉ်များ ယာယီရပ်နားထားခဲ့ရသည်။

ယခုအခါ ပျက်စီးသွားသည့်လမ်းပိုင်းများ ပြုပြင်ပြီးဖြစ်ရာ ဩဂုတ် ၁၂ ရက် ညနေ ၄ နာရီခွဲက ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ကိုးတောင်ဘို့ဘူတာတွင် ရပ်နားထားသည့် အမှတ်(၃၄)အိပ်စင်ရထားနှင့် ဩဂုတ် ၁၂ ရက် ညနေ ၅ နာရီခန့်တွင် အမှတ်(၃၈) ရထားတို့သည် ဇော်ချောင်းဘူတာတံတားမှ စမ်းသပ်မောင်းနှင်ရာ အောင်မြင်မှုရှိသဖြင့် မကြာမီ ရက်ပိုင်းအတွင်း မန္တလေး-မြစ်ကြီးနား ရထား လမ်း ပုံမှန်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စမ်းသပ်ပြေးဆွဲမှု အခြေအနေနှင့် ပတ်သက်ပြီး တာဝန်ရှိသူတစ်ဦးက "လူစီးရထားတွေတော့ မပြေးဆွဲသေးပါဘူး။ အခုတချို့လမ်းပိုင်းနေရာတွေမှာ ကပ်တုံးလုပ်ငန်းတွေ ဆောင်ရွက်နေဆဲဖြစ်ပြီး ကုန်ရထားအတွဲတိုလေးတွေနဲ့ ပြန်လည်ပြုပြင်ထားတဲ့ လမ်းပိုင်းတွေ၊ တံတားတွေမှာ အပိုင်းလိုက် စမ်းသပ်မောင်းနှင်နေတာဖြစ်ပါတယ်။ မကြာခင်ရက်ပိုင်းအတွင်း မြစ်ကြီးနားအထိ တိုက်ရိုက်ပြေးဆွဲသွားနိုင်ရေးအတွက် အမြန်ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောသည်။

**(ဖိုးချမ်း-မုံရွာ)**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် ရှိရုပ်ရှင်ကြည့်ချစ်ပရိသတ်ကြီးများအတွက် နိုင်ငံတကာအဆင့်မီ 2D / 3D စက်သစ်ကြီးများတပ်ဆင်ထားသော

(၂၁-၈-၂၀၁၅) ရက်မှစတင်ပြီ




မင်္ဂလာ ဝဇီရာ Mingalar Waziyar Cinema

အဆင့်မြင့်ရုပ်ရှင်ရုံ

ကျယ်ဝန်းသပ်ရပ်လှပပြီး သက်တောင့်သက်သာအပန်းဖြေအနားယူ ကြည့်ရှုနိုင်သော မင်္ဂလာ ဝဇီရာ အဆင့်မြင့်ရုပ်ရှင်ရုံကြီးတွင် မြန်မာ၊ နိုင်ငံခြားရုပ်ရှင် ဇာတ်ကားသစ်များကို ကြည်လင်ပြတ်သားသော ပိတ်ကားပြင်၊ အရုပ်အသံကောင်းမွန်သော DIGITAL 3D CINEMA နောက်ဆုံးပေါ်စက်သစ်ကြီးများ၊ နိုင်ငံတကာအဆင့်မီ ထူးခြားပြည့်စုံသော ဝန်ဆောင်မှုများဖြင့် ရုပ်ရှင်ကြည့်ချစ်ပရိသတ်များ အပန်းဖြေကြည့်ရှု အနားယူနိုင်ရန် ဩဂုတ်လ (၂၁) ရက် တွင် စတင်ဖွင့်လှစ်ပြသလိုက်ပါသည်။

ဖုန်း - ၀၉၂၆၁၀၉၀၁၁၅၅၊ ၀၉၂၆၁၀၉၀၁၁၆၆၊ ၀၉၂၆၁၀၉၀၁၁၇၇





လှိုင်သာယာမြို့နယ် ၊ မီးခွက်ဈေးအနီး

# မိတ်ဆွေစစ်ဖြင့် တရားစစ်မည်

**ကိုတရား(ထီးနန်း)**

လက်ရှိတရားစီရင်ရေးသည် မှန်ကန်မျှတခြင်းမရှိဟု ပြောနေကြပေသည်။ တရားရုံးသည် **"မတရားရုံး"**ဟုလည်း ကင်ပွန်းတပ်နေကြသည်။ တရားရုံး၊ တရားသူကြီးတစ်ဦးကောင်း တစ်ယောက်ကောင်းဖြင့် မှန်ကန်မျှတသော တရားစီရင်ရေးကို အသွင်ပြောင်းလဲ၍မရနိုင်ပါ။ ရမည်လည်းမဟုတ်ချေ။ တရားစီရင်ရေးလုပ်ငန်းနှင့် စပ်လျဉ်းသည့် တရားစွဲဆိုအဖွဲ့အစည်း၊ ဥပဒေအရာရှိများ၊ ရှေ့နေများ၊ သက်သေများတွင်လည်း အသီးသီးတာဝန်ရှိပေသည်။

တရားရုံး၊ တရားသူကြီးများကိုသာကွက်၍ အပြစ်ဆိုမည်ဆိုပါက ပြည်သူအများမျှော်လင့်နေသည့် မှန်ကန်မျှတသော တရားစီရင်ရေးဟူသည် ဖြစ်လာနိုင်ခြေနည်းပါးပေသည်။ တရားစီရင်ရေးလုပ်ငန်းနှင့် ဆက်စပ်နေသည့် တာဝန်ရှိသူများ၏ ပူးပေါင်းကူညီမှုမရှိပါက တရားရုံး၊ တရားသူကြီးများသည် အမှန်တရားကို ရှာဖွေဆုံးဖြတ်ရန် ခက်ခဲနေမည်ဖြစ်သည်။ အကြောင်းမှာ တရားရုံး၊ တရားသူကြီးသည် ရုံးရှေ့တွင်တင်ပြလာသည့် အထောက်အထားစာရွက်စာတမ်း၊ သက်သေခံချက်များအရသာ ဆုံးဖြတ်ရခြင်းကြောင့်ဖြစ်သည်။ တစ်နည်းအားဖြင့် လူသက်သေ၊ စာရွက်စာတမ်းသက်သေခံတို့ကို တင်ပြကြရာတွင် အမှုအနိုင်၊ အရှုံးအတွက် နည်းမျိုးစုံသုံး၍ မမှန်မကန်တင်ပြနေမှုများကြောင့်လည်းဖြစ်သည်။

ပြစ်မှုဆိုင်ရာအမှုများတွင် ဆောင်ရွက်လေ့ရှိသည့် ကိစ္စရပ်အချို့ကို ဖော်ပြလိုပါသည်။ ပြစ်မှုကျူးလွန်ရာ၌ အသုံးပြုခဲ့သည့် သက်သေခံပစ္စည်းများကို ပြဋ္ဌာန်းထားသည့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံအက်ဥပဒေ၊ ရဲလက်စွဲများနှင့်အညီ စနစ်တကျသိမ်းဆည်းမှုမရှိခြင်း၊ ပြစ်မှုကျူးလွန်သူဟု စွပ်စွဲခံရသူ၏ လက်ရေးလက်မှတ်များကို မှန်မှန်ကန်ကန်ရယူမှုမရှိခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းရှိ၊ မရှိ စွပ်စွဲခံရသူ၏ ဆီးနမူနာကို ယင်းဥပဒေပါပြဋ္ဌာန်း၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရယူဆောင်ရွက်မှုမရှိခြင်း၊ ဖြစ်ပွားသည့်အမှုမှ အဓိကအရေးပါသည့် သက်သေများကို စစ်ဆေးမှုမရှိခဲ့ခြင်း၊ တရားလိုဘက်အတွက် သက်သေထင်ရှားပြသရန် ခက်ခဲနေသည့်အမှု၌ ဥပဒေအရ ဖော်ကောင်ပြုလုပ်ခွင့်ရှိသော်လည်း ဖော်ကောင်ပြုလုပ်မှုမရှိခြင်း၊ တရားစွဲဆိုခွင့်ပြုမိန့်သို့မဟုတ် တရားစွဲဆိုရမည့် တရားလိုမပါဘဲ တရားစွဲဆိုတင်ပို့ခြင်း၊ ဖြောင့်ချက်မရမချင်း ဆောင်ရွက်ပြီးမှ တရားစွဲဆိုတင်ပို့ခြင်းစသည့် အမှုတည်ဆောက်မှု၌ အဓိကကျသည့် အချက်အလက်ဆောင်ရွက်ရမည့်ကိစ္စများကို တိတိကျကျ မှန်မှန်ကန်ကန် ဆောင်ရွက်ပေးပါက မှန်ကန်မျှတသော တရားစီရင်ရေးအတွက် အထောက်အပံ့ဖြစ်စေပါသည်။ ထိုပြစ်မှုဆိုင်ရာ အမှုတည်ဆောက်ရာတွင် အားနည်းချက်များကို တာဝန်ရှိသည့် တရားစွဲဆို အဖွဲ့အစည်းများက ဆောင်ရွက်ပေးဖို့တိုက်တွန်းသင့်ပါသည်။ အမှုတွဲမခိုင်မာမှုကြောင့် စီရင်ဆုံးဖြတ်သည့် တရားသူကြီးတစ်ဦးတည်းအပေါ် မတရားဆုံးဖြတ်ခြင်းပြုသည်ဟု ပြောမည်ဆိုပါက မမျှတဟုထင်ပါသည်။

အလားတူပင် တရားမမှုခင်းများ စစ်ဆေးစီရင်ရာ၌လည်း နှစ်ဖက်အမှုသည်၊ ရှေ့နေတို့၏အခန်းကဏ္ဍသည်လည်း အမှုမှန်ဖြစ်ရေးတွင် အရေးပါလျက်ရှိပါသည်။ အမှုသည်များနှင့် ၎င်းတို့ပညာရှိရှေ့နေကြီးများ အထူးသတိချပ်စေလိုသော အကြောင်းအရာတစ်ရပ်မှာ အမှုတွင်သက်ဆိုင်သောအမှုသည်များနှင့်ပတ်သက်၍သော်လည်းကောင်း၊ ပစ္စည်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း တစ်ဦးနှင့်တစ်ဦး အကြိတ်အနယ်အခက်အခဲဖြစ်အောင် ဟိုအကြောင်းပြ၊ သည်အကြောင်းပြ၍ တမင်ငြင်းဆိုကန့်ကွက်ခြင်းမပြုလုပ်ဘဲ အမှုတွင် အမှုသည်များအတွက် ဥပဒေအရ အမှန်တကယ်အကျိုးရှိ၍ အပြီးသတ်အဆုံးအဖြတ်ပေးနိုင်မည့် အချက်အလက်များကိုသာ ဖော်ပြ၍ ရုံးသို့အကူအညီပေးရန်ဖြစ်သည်ဟု မသိန်းတင်အမှု ၁၉၆၅၊ မတစ၊ စာ၊ ၆၅၉ တွင် လမ်းညွှန်ထုံးပြုထားခဲ့သော်လည်း အချို့သော အကျိုးဆောင်ရှေ့နေတို့သည် လိုက်နာမှုအားနည်းချက်ရှိကြောင်း တွေ့နေရသည်။ အထူးအားဖြင့် အမှုစွဲဆိုရန်အကြောင်း မပေါ်ပေါက်ဘဲ တရားစွဲဆိုပေးခြင်း၊ ကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်း သိပါလျက်နှင့် အမှုစွဲဆိုပေးခြင်း၊ ရုံးခွန်တံဆိပ်ခေါင်းသက်သာသည့် အမှုအမျိုးအစားကို ရွေးချယ်၍ တရားစွဲဆိုပေးခြင်း၊ အယူခံမှုတွင် တင်ပြခွင့်ရှိသောကိစ္စရပ်များ၊ အခြားနည်းကုစားခွင့်ရှိသော ကိစ္စရပ်များကို ပြင်ဆင်မှုများ တက်ရောက်ခြင်း၊ အယူခံမှုတက်ရမည်ကို ပြင်ဆင်မှုတက်ရောက်ခြင်း၊ ပြင်ဆင်မှုတက်ရောက်ရမည်ကို အယူခံမှုတက်ရောက်ခြင်း၊ အဆိုပါအချက်များမှာ မှားယွင်းဆောင်ရွက်မှုကြောင့် အမှုပလပ်ခြင်း၊ အမိန့်များချမှတ်ခြင်းခံရလေ့ရှိသည်။

ဤတွင် အဆိုပါ အကျိုးဆောင်ရှေ့နေများသည် **"ထမင်းရေပူလျှာလွှဲ"**ပြောကာ အမှုစစ်တရားသူကြီးသည် တစ်ဖက် အမှုသည်အတွက် ဘက်လိုက်ဆုံးဖြတ်ကြောင်း၊ တစ်ဖက် အမှုသည်ထံမှ လာဘ်ငွေယူထားကြောင်း၊ မတရားဆုံးဖြတ်ကြောင်း ပြောတော့သည်။ မိမိ၏ ကြိုးစားအားထုတ်မှုနည်းပါးမှု၊ ပညာမပြည့်ဝမှု၊ မကျွမ်းကျင်မှုဟု ဝန်ခံသူမရှိခဲ့ကြပါ။ အမှန်တရားရရှိရေးကို တရားရုံးတရားသူကြီးများထံ သီလ၊ သိက္ခာ၊ ပညာပြည့်ဝစွာဖြင့် အမှုများကို လိုက်ပါဆောင်ရွက်စေလိုပါသည်။ **"ဆီလိုအပေါက်ရှာ"** အပြစ်ပြောနေခြင်းတို့ကို ဆင်ခြင်သင့်ပြီဟု ထင်ပါသည်။ အချို့သော အမှုသည်၊ ရှေ့နေများဘက်မှ အောက်ဖော်ပြပါ ဆောင်ရွက်မှုများကို ပြုလုပ်လေ့ရှိကြောင်းလည်း တွေ့နေရပါသည်။

လမ်းဘေးတွင် အလွယ်တကူဝယ်ယူရရှိနိုင်သည့် အခွန်တံဆိပ်ခေါင်းများကို မမှန်မကန်ဖြည့်စွက်၍ တင်ပြခြင်း၊ အကြောင်းအရာအမှန်ကိုမဖော်ပြဘဲ စာချုပ်များကို ချုပ်ဆိုပေးခြင်း၊ ဥပဒေနှင့်အညီ ချုပ်ဆိုပေးရမည်ကိုသိလျက် ဥပဒေနှင့်မညီသော စာချုပ်များချုပ်ဆိုပေးခြင်း၊ အမှုဝယ်ယူ၍ အမှုသည်ကိုယ်စားအခွင့်ရကိုယ်စားလှယ်အဖြစ် အမှုစွဲဆိုခြင်း၊ အလောင်းအစားသဘော အမှုအနိုင်ရရှိပါက အကျိုးအမြတ်မည်မျှရယူမည်ဖြစ်ကြောင်း စာချုပ်၍ အမှုလိုက်ပါဆောင်ရွက်ခြင်း၊ တရားပြိုင်၏ နေရပ်လိပ်စာအမှန်ဖော်ပြခြင်းမပြုဘဲ အမှုကိုတစ်ဖက်သတ်စစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ ဟန်ပြတရားပြိုင်ကို ရုံးရှေ့လာရောက်စေပြီး ဝန်ခံချေလွှာတင်၍ ဝန်ခံဒီကရီရရှိရန် ဆောင်ရွက်ခြင်း၊ ထိုသို့သော ဥပဒေနှင့်မညီသောကိစ္စများကို ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခဲ့လျှင် မှန်ကန်မျှတသော တရားစီရင်မှုကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် မှန်ကန်မျှတသော တရားစီရင်ရေးရရှိရန် တရားရုံး၊ တရားသူကြီးများ၊ အမှုသည်၊ ရှေ့နေများ၊ တရားစွဲဆိုအဖွဲ့အစည်းများ စသည့် မိတ်ဖက်အဖွဲ့အစည်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှသာ လိုချင်သော လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးရနိုင်ပေလိမ့်မည်။ **"သူ့ကြောင့်၊ ငါ့ကြောင့်"**ဟု တစ်ဦးပေါ်တစ်ဦး သံသယ၊ အမုန်းတရားဖြင့် စွပ်စွဲပြစ်တင်မှုလုပ်နေပါက အကျိုးထူးလာဖွယ် မရှိနိုင်တော့ပေ။ တရားစီရင်ရေးဆိုင်ရာမှ တာဝန်ရှိသူများအချင်းချင်း တစ်ဦးပေါ်တစ်ဦးထောက်ပြပြုပြင်၍ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးသို့ လျှောက်လှမ်းလိုပါသည်။ တရားစီရင်ရေးလုပ်ငန်းအောင်မြင်ဖို့ မိတ်ကောင်း၊ ဆွေကောင်း၊ မိတ်စစ်၊ ဆွေစစ်များ လိုအပ်နေပါသည်။ တရားစီရင်ရေးလုပ်ငန်းကို တိုးတက်ကောင်းမွန်လာစေရန် ညွှန်ပြတတ်သော ဆရာနှင့်တူသော မိတ်ဆွေစစ်၊ တရားစီရင်ရေးလောကအပေါ် အပြုသဘောဖြင့် ဖေးဖေးမမစောင့်ရှောက်တတ်သော မိတ်ဆွေစစ်များကို ဆိုလိုပါသည်။ ထိုသို့သော မိတ်ဆွေစစ်များဖြင့် တရားစစ်ဆေးစီရင်မှုကို ကောင်းမွန်တိုးတက်အောင် ဆောင်ရွက်လိုပါသည်။ တရားသူကြီးများကလည်း မိတ်ဆွေစစ်များအကူအညီဖြင့် အမှန်ကိုဆုံးဖြတ်ကြောင်း အများမြင်သာအောင် ဆုံးဖြတ်ပေးသွားပါမည်။

**"သူ့ကြောင့်၊ ငါ့ကြောင့်"ဟု တစ်ဦးပေါ်တစ်ဦး သံသယ၊ အမုန်းတရားဖြင့် စွပ်စွဲပြစ်တင်မှုလုပ်နေပါက အကျိုးထူးလာဖွယ် မရှိနိုင်တော့ပေ။ တရားစီရင်ရေးဆိုင်ရာမှ တာဝန်ရှိသူများအချင်းချင်း တစ်ဦးပေါ်တစ်ဦး ထောက်ပြပြုပြင်၍ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးသို့ လျှောက်လှမ်းလိုပါသည်။**

## မြောက်ဥက္ကလာဆေးရုံသို့ (၄) ရပ်ကွက်ပြည်သူများသွေးလှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန် အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက်လုံးဆိုင်ရာ (၁၇) ကြိမ်မြောက် သွေးလှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီမှ ၁၂ နာရီထိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ပြုလုပ်ရာ မြောက်ဥက္ကလာဆေးရုံအုပ် ဒေါက်တာ ဘုန်းရောင်၊ ဒေါက်တာ ဒေါ်သန်းလှ၊ ရောဂါဗေဒဆရာဝန်ကြီးဒေါက်တာ ဒေါ်စန္ဒာမြိုင်၊ လက်ထောက်ဆေးရုံအုပ် ဒေါက်တာ ကျော်စွာလွင်တို့က စေတနာဖြင့် လာရောက် သွေးလှူဒါန်းကြသည့် ပြည်သူများအား သွေးလှူဒါန်းခြင်းမှ ကျန်းမာရေး အထောက်အကူပြုပုံကို ရှင်းလင်းပြောကြားသည်။

ထိုသို့ (၄) ရပ်ကွက်သွေးလှူဒါန်းပွဲ အခမ်းအနားတွင် သွေးလှူရှင် ပြည်သူများအား ကျန်းမာရေးအသိပညာပေး ပြောကြားပေးကြသည့် မြောက်ဥက္ကလာ ဆေးရုံအုပ်ဒေါက်တာဘုန်းရောင်နှင့် ဆရာဝန်ကြီးများ၊ ပြည်သူများ သွေးလှူဒါန်းနိုင်အောင် နွေးထွေးပျူငှာစွာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ကျန်းမာရေးဝန်ထမ်းများနှင့် သွေးလှူရှင်ပြည်သူများအား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတိုးကြွယ်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် သွေးလှူရှင်ပြည်သူများစိတ်ချမ်းမြေ့စွာ သွေးလှူဒါန်းနိုင်ရန် ဆေးရုံအုပ်နှင့်ဆရာဝန်ကြီးများ ကြီးကြပ်ပြီး ကျန်းမာရေးဝန်ထမ်း ဆရာမကြီးနှင့် ဆရာမ ၅၀ တို့က သွေးလှူရှင်အင်္ဂါရပ်နှင့်ပြည့်စုံသော ရပ်ကွက်ပြည်သူ ၈၈ ဦးတို့က သွေးလှူဒါန်းကြရာ သွေးပုလင်း ၈၈ လုံး လှူဒါန်းနိုင်ခဲ့ကြောင်းသိရသည်။

**(ထွန်းဝင်း)**



## အခြေခံစက်ချုပ်သင်တန်းသို့ သင်ထောက်ကူပစ္စည်းများပေးအပ်

**မိုးနဲ ဩဂုတ် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းအတွက် အထောက်အကူဖြစ်စေပြီး ဒေသခံအမျိုးသမီးငယ်များ ကိုယ်ပိုင်အလုပ်အကိုင် ရရှိစေရေးအတွက်ရည်ရွယ်၍ အခြေခံစက်ချုပ်သင်တန်း ( ၂/၂၀၁၅ )ကို ဩဂုတ် ၇ ရက်မှစတင်၍ မြို့နယ်သမဝါယမဦးစီးဌာန အဆောက်အအုံခန်းမ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းသို့ သင်ထောက်ကူပစ္စည်းများဖြစ်သော ပိတ်၊ ပေကြိုး၊ ကတ်ကြေး၊ မှတ်စု စာအုပ်များကို



မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေယုနှင့် အဖွဲ့ဝင်များက ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီက သင်တန်းသူ ၂၅ ဦးအတွက် ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေဘိုလူမှုရေးအဖွဲ့အစည်းများက ရေဘေးသင့်ဒေသများသို့ ပစ္စည်းနှင့်အလှူငွေများလှူဒါန်း

**ရွှေဘို ဩဂုတ် ၁၇**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရေဘေးသင့် ပြည်သူများသို့ ဝိုင်းဝန်းကူညီထောက်ပံ့လျက်ရှိရာ ရွှေဘိုမြို့ရှိ လူမှုအဖွဲ့အစည်းများကလည်း တစ်တပ်တစ်အား ပါဝင်လှူဒါန်းခဲ့ကြသည်။

ဩဂုတ် ၁၁ရက်က w.com mobile computer centre နှင့် အလင်းစေတမန်ပညာသင်ထောက်ပံ့ရေးအဖွဲ့တို့ ပူးပေါင်းပြီး ဝက်လက်မြို့နယ်အတွင်း မူးမြစ်ဘေးရှိ မြို့နယ်အစွန်အဖျားဒေသ၌ရှိကြသော ကိုင်းရွာနှင့် နဘဲသာရွာတို့သို့ အဖွဲ့ဝင် အင်အားတို့ဖြင့် သွားရောက်လှူဒါန်းရာ ကိုင်းရွာအတွက် အသုံးအဆောင်အထုပ် ၅၉၃ ထုပ်၊ နဘဲလှရွာအတွက် အသုံးအဆောင်အထုပ် ၃၂၇ထုပ် တန်ဖိုးငွေ ကျပ် ၄၂သိန်းခန့် လှူဒါန်းခဲ့သည်။

အလားတူ ဩဂုတ် ၁၂ရက်က ရွှေဘိုမြို့လုံးဆိုင်ရာ ဦးတင်အောင်နှင့် ဦးမြင့်အောင်တို့ ဦးစီးသည့် မော်တော်ယာဉ် ၁၅စီးပါဝင်ပြီး အဖွဲ့ဝင်အင်အား ၉၀ခန့်ပါဝင်သော အဖွဲ့သည် မုံရွာမြို့နယ် အလုံစစ်ပင်ရပ်၊ ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီးကျေးရွာ၊ ချင်းပြည်နယ်နှင့် ကလေးမြို့နယ်တို့အတွက် အခြေခံအစုအထုပ်များကို လှူဒါန်းခဲ့ရာ အလုံစစ်ပင်ရပ်အတွက် အသုံးအဆောင်အထုပ် ၂၂၄ ထုပ်၊ ညောင်ပင်ကြီးကျေးရွာအတွက် အသုံးအဆောင် အထုပ် ၄၇၄ထုပ်၊ ချင်းပြည်နယ်အတွက် အသုံးအဆောင် အထုပ် ၁၀၀၊ ကလေးမြို့အတွက် အသုံးအဆောင် အထုပ် ၁၀၀ စုစုပေါင်း ကျပ်ငွေ ၁၀၇၆၇၁၆၀ တန်ဖိုးရှိ ပစ္စည်းများ လှူဒါန်းခဲ့ကြောင်းသိရသည်။

**(၅၇၂)**

## ကူညီထောက်ပံ့မှုများ

# အလှူငွေနှင့် ပစ္စည်းများကြိုတင်ဆက်သွယ်လှူဒါန်းနိုင်ရန် မေတ္တာရပ်ခံနှိုးဆော်ထား

**နေပြည်တော် ဩဂုတ် ၁၇**

ရေဘေးသင့် စာသင်ကျောင်းများနှင့် ကျောင်းသား ကျောင်းသူများ ပြန်လည်ထူထောင်ရေးအတွက်အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများအနေဖြင့် အလှူငွေနှင့် ပစ္စည်းများစာရင်းကို ဖော်ပြပါပုဂ္ဂိုလ်များထံသို့ ကြိုတင်ဆက်သွယ်အကြောင်းကြားပေးကြရန် ပညာရေးဝန်ကြီးဌာနက မေတ္တာရပ်ခံနှိုးဆော်ထားသည်-

(က) ဦးဇော်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ၀၉-၈၃၀၆၇၃၃၊ ၀၆၇-၄၀၇၆၈၄။
(ခ) ဦးအောင်မြင့်၊ ညွှန်ကြားရေးမှူး(ပညာ)၊ ၀၉-၅၆၆၁၁၄၈၊ ၀၆၇-၄၀၇၆၉၀။
(ဂ) ဒေါ်ဝင်းဝင်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူး၊ ၀၉-၄၂၀၁၃၃၁၆၉၊ ၀၆၇-၄၀၇၃၉၂။
(ဃ) ဒေါက်တာဥမ္မာသန်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ၀၉-၅၁၇၉၉၅၀၊ ၀၆၇-၄၀၇၆၉၀။

စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းနိုင်သောအဆောက်အအုံ၊ ပရိဘောဂပစ္စည်း၊ စာရေးကိရိယာအမျိုးအစားနှင့် ဈေးနှုန်းများမှာ ဖော်ပြပါအတိုင်းဖြစ်ကြောင်း သိရသည်-

**အဆောက်အအုံ**

(က) မူလတန်းကျောင်းဆောင် ပေ(၆၀× ၃၀) ခြေတံရှည် (၈ပေ) RC - သိန်း ၄၀၀
(ခ) မူလတန်းလွန်ကျောင်းဆောင် ပေ(၉၀ × ၃၀) ခြေတံရှည် (၈ပေ) RC - သိန်း ၆၀၀
(ဂ) အလယ်တန်းကျောင်းဆောင် ပေ(၁၂၀ × ၃၀) ခြေတံရှည် (၈ပေ) RC - သိန်း ၈၀၀

**ပရိဘောဂပစ္စည်း**

(ဃ) အထက်တန်း/အလယ်တန်းဆင့်သုံး ပလတ်စတစ်စာရေးစားပွဲနှင့် ထိုင်ခုံတစ်စုံ - ၂၆၇၇၅ ကျပ်
(င) အထက်တန်း/အလယ်တန်းဆင့်သုံး လေးယောက်တွဲသစ်သားစာရေးစားပွဲနှင့် ထိုင်ခုံတစ်စုံ - ၄၃၀၀၀ ကျပ်
(စ) မူလတန်းဆင့်သုံး(၄)ယောက်တွဲသစ်သားစာရေးစားပွဲနှင့် ထိုင်ခုံတစ်စုံ - ၃၈၇၀၀ ကျပ်
(ဆ) မူလတန်းဆင့်သုံးပလတ်စတစ် စာရေးစားပွဲနှင့် ထိုင်ခုံတစ်စုံ -၂၃၁၀၀ ကျပ်
(ဇ) မူလတန်းဆင့်သုံး ပလတ်စတစ်နှစ်ယောက်တွဲစာရေးစားပွဲနှင့် ထိုင်ခုံနှစ်လုံး တစ်စုံ - ၁၁၅၅၀ ကျပ်

**စာရေးကိရိယာ**

(ဈ) ဗလာစာအုပ် တစ်ဒါဇင် - ၁၅၀၀ ကျပ်
(ည) ခဲတံ တစ်ဒါဇင် - ၈၅၀ ကျပ်
(ဋ) ဘောပင် တစ်ဒါဇင် - ၁၂၀၀ ကျပ်
(ဌ) ခဲဖျက် တစ်ဒါဇင် - ၅၄၀ ကျပ်
(ဍ) ချွန်စက် တစ်ဒါဇင် - ၈၄၀ ကျပ်

**(သတင်းစဉ်)**




ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကွင်းလျားကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရေနစ်မြုပ်နေစဉ်။

# ကင်းထောက်လူငယ် ကျောင်းသား ကျောင်းသူများ ရေဘေးသင့်ပြည်သူများအား ဆန်၊ ရေသန့်နှင့် စာရေးကိရိယာများလှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၇**

မအူပင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ ဦးဆောင်ပြီး ကင်းထောက်လူငယ်မောင်မယ် ကျောင်းသားကျောင်းသူ ၃၂ ဦးတို့သည် ညောင်တုန်းမြို့ရှိ ရေဘေးသင့်ပြည်သူများ၊ ရေနစ်မြုပ်ကျောင်းများရှိ ကျောင်းသား ကျောင်းသူများအတွက် ဆန်၊ ရေသန့်၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပစ္စည်းစုစုပေါင်းတန်ဖိုးငွေကျပ် ၉၇၀၀၀၀ အား ညောင်တုန်းမြို့ ရေဘေးကာကွယ်ရေး ကွပ်ကဲမှုရုံးသို့ ဩဂုတ် ၁၆ ရက်က လာရောက်လှူဒါန်းသည်။

ညောင်တုန်းမြို့နယ်တွင် စိုက်ပျိုးဧက ၉၉၈၈ ဧက ရေလွှမ်းမိုးခံခဲ့ရပြီး စာသင်ကျောင်း ၆၈ ကျောင်း၊ ဘုန်းတော်ကြီးကျောင်း ၄၄ ကျောင်း ရေနစ်မြုပ်ခဲ့သည့်အပြင် အိမ်ထောင်စု ၁၀၆၇၄ စု၊ လူဦးရေ ၄၆၇၀၃ ဦး ရေဘေးသင့်ခဲ့ကြောင်း သိရသည်။

**ထွန်းကျော် (ပြန်/ဆက်)**



# ရေဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံအစိုးရက ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများလှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၇**

ထိုင်းနိုင်ငံအစိုးရနှင့် ထိုင်းဘုရင့်သမီးတော်တို့ ဦးစီးတည်ထောင်ထားသည့် ကြက်ခြေနီအသင်း Friends in Need (of 'Pa') Volunteers foundation တို့မှ မြန်မာနိုင်ငံရှိ ရေဘေးသင့်ပြည်သူများအတွက် အစားအစာ၊ ကယ်ဆယ်ရေးပစ္စည်းများ၊ ဆေးဝါးနှင့် သန့်ရှင်းရေးသုံးပစ္စည်းများကို မြဝတီ-မဲဆောက်နယ်စပ်မှ ဩဂုတ် ၁၆ ရက်တွင် မော်တော်ယာဉ် ကိုးစီးဖြင့် ပို့ဆောင်လှူဒါန်းခဲ့သည်။ အဆိုပါကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများကို ယနေ့နံနက် ၁၀ နာရီတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ကျင်းပရာ ထိုင်းနိုင်ငံသံရုံးမှ ဒုတိယသံအမတ်ကြီးက ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်ထံ လွှဲပြောင်းပေးအပ်သည်။ အဆိုပါ ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများကို ဧရာဝတီတိုင်းဒေသကြီး ရေဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့နိုင်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စားလှယ် ဧရာဝတီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးသန်းစိုးထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်သည်။

ထိုင်းနိုင်ငံအစိုးရမှ လှူဒါန်းသည့်ပစ္စည်းများမှာ ပစ္စည်းစုံ အထုပ် ၄၅၀၀၊ အဝတ်အထည် ၁၅၀၀၊ ရေသန့်စင်အမှုန့်ဘူး ၂၀၊ စောင်အထည် ၁၀၀၀၊ မိုးကာတဲ အလုံး ၁၀၀၀၊ ခေါင်းအုံး အလုံး ၁၀၀၀၊ အမိုး တာလပတ်ငါးလိပ်၊ ပလတ်စတစ်မိုးကာလိပ် ၅၅၀၊ ဓာတ်မီးအလုံး ၁၀၀၀၊ ဖျာအချပ် ၈၄၀၀၊ ဆန်(အိတ်ကြီး) ခြောက်အိတ်၊ ဆန်(အိတ်သေး) ၂၄ အိတ်၊ မာမား(ဖာသေး) ၆၅ ဖာ၊ ပစ္စည်းစုံငါးဖာ၊ ဆီ ခုနစ်ကတ်၊ အမျိုးသမီးသုံးပစ္စည်း ၂၄ ထုပ်၊ ပဲနို့တစ်ကတ်၊ စာအုပ် ၅၉ ထုပ်၊ ငါးသေတ္တာ ၁၀ ကတ်၊ ကြာဆံသုံးထုပ်၊ မုန့်ပုံးတစ်ပုံး၊ ဓာတ်မီး ၁၂ ဖာ၊ ဆေးလေးဖာ၊ အနွေးထည် သုံးအိတ်၊ ခေါင်းအုံး ငါး အိတ်၊ ရေသန့်ဘူးကတ် ၉၀ နှင့် အချိုရည်ငါးကတ် အပါ အဝင် စုစုပေါင်း ၂၇ မျိုးပါဝင်သည်။

ထို့ပြင် အမေရိကန်ဒေါ်လာ ၂၉၀၀၊ ထိုင်းငွေ ၇၅၉၅၅ ဘတ်နှင့် ငွေကျပ် ၁၅၃၀၀၀၀ တို့ကိုလည်း ပေးအပ်လှူဒါန်းခဲ့ပြီး ရန်ကုန်မြို့ရှိ ထိုင်းသံရုံးကလည်း အဝတ်အထည် ၁၄ ထုပ်နှင့် ခေါက်ဆွဲခြောက်နှစ်ဖာတို့ လှူဒါန်းခဲ့ကြသည်။

**(သတင်းစဉ်)**

# ကလေးမြို့နယ်မှ ပျက်စီးလယ်မြေများအတွက် အထူးအထွက်တိုး စပ်မျိုးစပါးများ ဖြန့်ဝေ

**ကလေး ဩဂုတ် ၁၇**

ကလေးမြို့နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့မှုကြောင့် စိုက်ပျိုးမြေဧကပေါင်း ၆၀၀၀၀ ခန့် ရေလွှမ်းမိုးပြီး ၄၆၀၅၉ ဧက ထိခိုက်ကာ ၃၂၈၉၈ ဧက ပျက်စီးခဲ့သည်။

ယခုအခါ ကလေးမြို့နယ်တွင် ရေဘေး ပြန်လည်ထူထောင်ရေး ရှေ့တန်းစခန်းလေးနေရာ၌ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ထိခိုက်ပျက်စီးသွားသောလယ်မြေများတွင် အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ပေးပို့သော GW-1 အထူးအထွက်တိုး စပ်မျိုးစပါး ၇၈၉ ဧကအတွက်နှင့် ရွှေသွယ်ရင် စပ်မျိုးစပါး ၆၃၃ ဧကအတွက် ကျေးရွာအုပ်စု ၁၀ စုသို့ ဖြန့်ဝေခဲ့သည်။

ထို့အပြင် တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ ရောက်ရှိလာသော လယ်ထွန်စက်များအနက် ဩဂုတ် ၁၄ ရက်က ရာဇဂြိုလ်ဆည်အနီးတွင် လယ်ယာမြေများ ပြန်လည်ထွန်ယက်နိုင်ရန် ထွန်စက် ၁၀ စီး၊ ဩဂုတ် ၁၅ ရက်က နတ်မြောင်းကျေးရွာ၌ ကိုးစီး၊ သာစည်ကျေးရွာ၌ သုံးစီး၊ ထိုမာကျေးရွာ၌ ရှစ်စီး၊ ဆည်တော်ဦးကျေးရွာ၌ ငါးစီး၊ ကျောင်းတိုက်ကျေးရွာ၌ ငါးစီး၊ မြို့ပေါ်သန့်ရှင်းရေးအတွက် နှစ်စီး၊ ဆည်တော်ဦး ကျေးရွာသွားလမ်း ရွှံ့ညွှန်များရှင်းလင်းရန် လေးစီးတို့ကို ဖြန့်ခွဲအသုံးပြု ဆောင်ရွက်လျက်ရှိပြီး ကလေးဝမြို့တွင်လည်း လမ်းများ ရှင်းလင်းရန် ထွန်စက်ငါးစီးဖြင့် အသုံးပြုလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မဘိမ်းမြို့နယ်မှ အလှူရှင်များက ပစ္စည်းများလှူဒါန်း

**မဘိမ်း ဩဂုတ် ၁၇**

ရှမ်းပြည်နယ် မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ မဘိမ်းမြို့ ပန်းစကားလူမှုကူညီရေးအသင်းနှင့် နမ့်ပုံးပုံးရပ်ကွက်ရှိ ပါရမီရှင် လူမှုကူညီရေးအသင်းတို့ပူးပေါင်း၍ မြန်မာနိုင်ငံတစ်ဝန်းရှိ သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသများမှ ပြည်သူများအတွက် လှူဒါန်းသည့်အလှူငွေများ၊ အဝတ်အထည်များနှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီက နမ့်ပုံးပုံးရပ်ကွက် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

မဘိမ်းမြို့နယ်ရှိ စေတနာရှင် အလှူရှင်များက မြို့နယ်တွင်း ရေဝင်နစ်မြုပ်မှုကြောင့် လယ်စိုက်ဧက ၁၃၀ ပျက်စီးမှုအတွက် တောင်သူများအား လှူဒါန်းငွေကျပ် ၁၉၅၀၀၀၀ နှင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသများရှိ ပြည်သူများအတွက် ဆန်တစ်တင်းခွဲဆံ့ အိတ် ၄၅ အိတ်၊ အဝတ်အထည်ပစ္စည်းမျိုးစုံ ၄၇ အိတ်၊ အဝတ်အထည်အိတ် ၂၅ အိတ်နှင့် အလှူငွေကျပ် ၃၆၁၄၄၅၀ တို့ကို မန္တလေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရုံးသို့ လည်းကောင်း၊ နမ့်ပုံးပုံးပါရမီရှင် လူမှုကူညီရေးအသင်းမှ မကွေးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းပြီး မဘိမ်းမြို့နယ်ရှိ စေတနာရှင်ပြည်သူများက သဘာဝဘေးအန္တရာယ်ကျရောက်သည့် ပြည်သူများအတွက် ဆန်အိတ် ၄၅ အိတ်၊ အဝတ်အထည်နှင့် ပစ္စည်းမျိုးစုံ ၄၇ အိတ်၊ အဝတ်အထည် ၂၅ အိတ်နှင့် အလှူငွေကျပ် ၅၅၆၄၄၅၀ တို့အား လှူဒါန်းခဲ့ကြောင်း သိရသည်။ **စိုးဝင်း(နောင်ချို)**

# မန်းချောင်းတံတားတည်ဆောက်မည့်နေရာ ကြည့်ရှု

**နေပြည်တော်  ဩဂုတ်  ၁၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား-မကွေးလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး ကတ္တရာလမ်းပေါက်များမရှိစေရေး၊ လမ်းပေါ်တွင် ရေဝပ်/ရေတင်ခြင်းမရှိစေရေး၊ တံတားများကြွခိုင်မှု အမြဲမပြတ်စစ်ဆေးပေးရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ မင်းဘူး-ပဒါန်းလမ်းပိုင်း မိုင်တိုင်အမှတ်(၁၄/၇) နှင့် (၁၅)ကြားတွင် မင်းဘူးခရိုင်မှ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ပဒါန်း-ငဖဲ-စေတုတ္တရာ-လောင်းရှည်-သီးကုန်း-ဆောလမ်းပေါ်ရှိ တံတားအမှတ်(၅/၃၇) အင်းချောင်းတံတားတည်ဆောက်ပြီးစီးမှု၊ တံတားအမှတ်(၆/၃၇) အရှည် ပေ ၄၆၀ ပန်းထိန်းချောင်းတံတား တည်ဆောက်ပြီးစီးမှုနှင့် ငဖဲမြို့အနီးရှိ သစ်သားတံတားသည် ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေတိုက်စားပြီး ရေထဲမျောပါပျက်စီးသောနေရာတွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၆)မှ ပြန်လည်တည်ဆောက်မည့် ကွန်ကရစ်တံတား လျာထားနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မင်းဘူး-ပဒါန်း-အမ်းလမ်း (ပဒါန်း-အမ်းအပိုင်း)ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ နတ်ရေကန်ရှောင်ကွင်းလမ်း ၂၂ မိုင် ၄ ဖာလုံတွင် ဇူလိုင်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ပြိုမြေများဖြင့် လမ်းပိတ်ဆို့ပျက်စီးသွားသော မကွေးတိုင်းဒေသကြီးအပိုင်း မိုင်တိုင် (၃/၄ နှင့် ၃/၆) ကြား၊ မိုင်တိုင်အမှတ် (၅/၂နှင့် ၅/၃)ကြား၊ မိုင်တိုင်အမှတ် (၁၆/၅ နှင့် ၁၆/၇) ကြား၊ မိုင်တိုင်အမှတ် (၁၈/၀ နှင့် ၁၈/၁)ကြားနှင့် မြေပြိုပျက်စီးမှု ကြီးမားစွာဖြစ်ပေါ်ခဲ့သော (၁၉/၅ နှင့် ၁၉/၇) ကြား၊ (၂၀/၄ နှင့် ၂၀/၅) ကြားတို့တွင် လူအင်အား၊ စက်ယန္တရားများဖြင့် လမ်းကြောင်းပွင့်အောင် ဆောင်ရွက်ပြီးဖြစ်၍ ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ရေး ဆောင်ရွက်နေမှုကို လည်းကောင်း၊ ရခိုင်ပြည်နယ်အပိုင်း မိုင်တိုင်အမှတ်(၆၂/၄ နှင့် ၆၂/၅)ကြား၊ (၆၅/၅ နှင့် ၆၅/၆)ကြား တောင်ပြိုကျ၍ ပျက်စီးသွားသည့်နေရာအား လမ်းဦးစီးဌာန တည်ဆောက်ရေး(၃) လမ်းအထူးအဖွဲ့(၁၆)မှ တာဝန်ခံအင်ဂျင်နီယာများကိုယ်တိုင် အနီးကပ်ကြီးကြပ်ပြီး စက်ယန္တရားများ၊ အလုပ်သမားများဖြင့် အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ပြုပြင်နေမှုကြောင့် လမ်းကြောင်းပွင့်၍ ယာဉ်ကြီး၊ ယာဉ်ငယ်များ၊ ကုန်စည်ပို့ဆောင်သည့် ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။




ထို့နောက် မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ မြို့နယ်၊ ခရိုင်၊ အထူးအဖွဲ့များမှ တာဝန်ခံ အင်ဂျင်နီယာများနှင့်တွေ့ဆုံပြီး ပျက်စီးသွားသော လမ်းတံတားများ အမြန်ပြန်လည်ပြုပြင်၍ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန် တာဝန်ခံအင်ဂျင်နီယာများကိုယ်တိုင် အနီးကပ်ကြီးကြပ်ပြီး မြို့နယ်၊ ခရိုင်၊ အထူးအဖွဲ့များပေါင်းစပ်၍ စောင့်ကြည့်ပေးရန်နှင့် လမ်းလုပ်ငန်းဆောင်ရွက်သူများ အန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြားခဲ့သည်။

**(ကြေးမုံ)**

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်း ပို့ဆောင်

**နေပြည်တော်  ဩဂုတ်  ၁၇**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း လေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိရာ ဩဂုတ် ၁၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ကမ္ဘောဇလေကြောင်းမှ ခေါက်ရေ နှစ်ခေါက်ဖြင့် လုံချည်၊ ဘီစကွတ်၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်၊ ဆန်၊ ငါးသေတ္တာ၊ အိုးခွက်ပစ္စည်းမျိုးစုံ၊ စားစရာမျိုးစုံ၊ နို့မှုန့်များ၊ ဆေးမျိုးစုံ၊ ရေသန့်စက်၊ မိုးရေကာဖျင်(ကြီး)နှင့် ကျောင်းဝတ်စုံများကိုလည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းမှ ခေါက်ရေ နှစ်ခေါက်ဖြင့် လူသုံးကုန်ပစ္စည်းများကိုလည်းကောင်း ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိရစ္ဆာန်များအား ကာကွယ်ဆေးများထိုးနှံပေး

**သရက်  ဩဂုတ်  ၁၇**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေလွတ်ကင်းရာသို့ ပြောင်းရွှေ့နေထိုင်ကြသည့် ရေဘေးသင့် ပြည်သူများနှင့်အတူ ပါရှိလာသည့် တိရစ္ဆာန်များကို ကြည့်ရှုစစ်ဆေးပြီး ကာကွယ်ဆေးများ ထိုးနှံပေးခြင်းလုပ်ငန်းကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက ရေဘေးသင့်ပြည်သူများနေထိုင်သည့် စမုတ်ဘုန်းတော်ကြီးကျောင်းဝင်း၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေါက်တာသန်းငွေနှင့်ဝန်ထမ်းများက နွားများအား လည်ချောင်းကွဲ၊ ဒေါင့်သန်းရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် ကုသပေးခြင်း၊ ဖြည့်စွက်အားဆေးများကို ကယ်ဆယ်ရေးစခန်းများရှိ တိရစ္ဆာန်များကို လိုက်လံကုသပေးခဲ့သည်။**(အောက်ပုံ)**

အလားတူ ကျေးရွာများသို့ ပြန်လည်ရောက်ရှိနေသည့် အိမ်ထောင်စုများမှ မွေးမြူထားသည့် တိရစ္ဆာန်များကိုလည်း ကွင်းဆင်းစစ်ဆေးပြီး ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



# ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ အလှူငွေနှင့်ပစ္စည်းများ ဆက်သွယ်လှူဒါန်း

**နေပြည်တော်  ဩဂုတ်  ၁၇**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီနှင့် နိုင်ငံတကာ ဆက်ဆံရေးကော်မတီသို့ နိုင်ငံတကာအဖွဲ့အစည်းများမှ အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ ဆက်သွယ်လှူဒါန်းလျက်ရှိရာ စင်ကာပူနိုင်ငံ Charity အဖွဲ့မှ အဝတ်အထည်၊ စောင်၊ ရေသန့်စင်စက်တို့ကို လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Sun Woo Co., Ltd. မှ ကိုရီးယား ခေါက်ဆွဲခြောက် ဖာ ၁၇၀၀ ကိုလည်းကောင်း၊ Myanmar Distribution Group Co., Ltd. မှ ကျန်းမာရေးအထောက်အကူပြုဆေးဝါးများကိုလည်းကောင်း တင်ပို့နိုင်ရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကွမ်းရှီးပြည်နယ်အစိုးရမှ မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် ယွမ် ၃၀၀၀၀၀၀၊ နန်နင်းမြို့အစိုးရမှ ရန်ကုန်တိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် ယွမ် ၁၀၀၀၀၀၀၊ လျှိုကျိုးမြို့အစိုးရမှ မန္တလေးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် ယွမ် ၁၀၀၀၀၀၀ စုစုပေါင်းအလှူငွေ ယွမ်ငါးသန်းအား နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ ဩဂုတ် ၁၄ ရက်က လာရောက်လှူဒါန်းခဲ့ပြီး နိုင်ငံခြားကုန်သွယ်မှုဘဏ်ရှိ ငွေစာရင်းအမှတ်သို့ ပေးပို့သွားမည်ဖြစ်သည်။

အလားတူ အမေရိကန်အစိုးရမှ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ပေးမည်ဖြစ်ကြောင်းနှင့် USAID ၏ မိတ်ဖက်ဖြစ်သော IRRI မှ ရခိုင်ပြည်နယ်ရှိ တောင်သူများအတွက် မျိုးစေ့ ငါးတန် ပေးလှူမည်ဖြစ်ပြီး USAID အနေဖြင့် ရေသန့်စင်သည့်လုပ်ငန်းများ၊ ပျက်စီးသွားသည့် ရေအရင်းအမြစ်များ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အဓိကထား၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လက်ဝါးကုမ္ပဏီမှ ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အလေးချိန် ၅၉၇၂ ကီလိုဂရမ်ရှိ P & G ရေသန့်ဆေးထုပ် ၄၁၆၇ ပုံးကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသို့ လှူဒါန်းမည်ဖြစ်သည်။ ထိုင်းနိုင်ငံ တော်ဝင်မင်းသမီး HRH Soamsawali က ထိုင်းဘတ် နှစ်သန်းနှင့် ထောက်ပံ့ရေးပစ္စည်းအစုံ ၄၀၀ လှူဒါန်းခဲ့ပြီး ထိုင်းနိုင်ငံ ချင်းမိုင်မြို့ စီးပွားရေးလုပ်ငန်းရှင် အသိုက်အဝန်းမှ လုပ်ငန်းရှင်များအား ချင်းမိုင်ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်၍ ထိုင်းဘတ် ၂၀၀၀၀၀ ကိုလည်းကောင်း၊ ဗီယက်နမ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဘဏ်မှ လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၃၀၀၀၀ အားလည်းကောင်း လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကန့်ဘလူမြို့နယ်တွင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော မိုးစပါးစိုက်ခင်း၊ ပျိုးခင်းများအတွက် ကျပ်သန်းပေါင်း ၁၀၁ ဒသမ ၅၁၄ ထောက်ပံ့ပေးအပ်

**ကန့်ဘလူ  ဩဂုတ်  ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် လမ်း၊ တံတားများ၊ မိုးစပါးစိုက်ခင်းနှင့် ပျိုးခင်းများ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည်။

အဆိုပါပျက်စီးသွားသော လမ်း၊ တံတားများကို သက်ဆိုင်ရာဌာနများက ပြုပြင်ဆောင်ရွက်လျက်ရှိရာ တချို့ပြီးစီး၍ တချို့ ပြုပြင်ဆဲဖြစ်သည်။

ရေကြီးရေလျှံမှုကြောင့် ရေကြီးနစ်မြုပ်ပျက်စီးသွားသည့် မိုးစပါးစိုက်ခင်းနှင့်ပျိုးခင်းများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏ ထောက်ပံ့ရေးရန်ပုံငွေပေးအပ်ပွဲကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများက ပေးအပ်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံရယူကြသည်။

ကန့်ဘလူမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် ကျေးရွာအုပ်စု ၃၆ အုပ်စုမှ မိုးစပါးစိုက်ခင်း ၃၆၂၉ ဧကနှင့် မိုးစပါးပျိုးခင်း ၁၃၂၉ ဧကပျက်စီးခဲ့ရာ နိုင်ငံတော်သမ္မတ၏ ထောက်ပံ့ရေးရန်ပုံငွေဖြင့် ငွေကျပ် သန်းပေါင်း ၁၀၁ ဒသမ ၅၁၄ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်မောင်က ပြောသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ကူညီထောက်ပံ့မှုများ

# ရေဘေးသင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၇**

ကျန်းမာရေး ဝန်ကြီးဌာနသည် မိုးရွာသွန်းမှုကြောင့် ရေလွှမ်းမိုးခံခဲ့ရသည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ပို့ဆောင်ခြင်း၊ အရေးပေါ်တုံ့ပြန်မှုဗဟိုဌာနဖွင့်လှစ်၍ ကြီးကြပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေဖြင့် ချင်းပြည်နယ် ဟားခါးမြို့ပေါ်ရှိ ယာယီကယ်ဆယ်ရေးစခန်းများတွင် ဆေးကုသပေးနေမှုများကို ကြီးကြပ်ခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ကင်မွန်းခြံကျေးရွာနှင့် အူဒူကျေးရွာတို့တွင် ဆေးကုသပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ကူးစက်ရောဂါစောင့်ကြည့်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ကလေးမြို့ပေါ်ရှိ ယာယီကယ်ဆယ် ရေး စခန်းများတွင် ရွှေ့လျားဆေးခန်း ဖွင့်လှစ်၍ ဆေးကုသပေးခြင်း၊ ကျောက်ကာကျေးရွာနှင့် ပြဉ်တော်ဦးကျေးရွာတို့တွင် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ရောဂါကာကွယ်တားဆီး စောင့်ကြပ်ကြည့်ရှုခြင်း၊ ရေတွင်း၊ ရေကန်များကို ကလိုရင်းဆေးခတ်ခြင်း၊ အခြားပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၊ စာသင်ကျောင်းများ၌ ခြင်ဆေးမှုတ်ခြင်း၊ ဖုံ၊ သွန်၊ လဲ၊ စစ် စသည့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများကို လည်းကောင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ကယ်ဆယ်ရေးစခန်းများနှင့် ရပ်ကွက်၊ ကျေးရွာများတွင် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ရောဂါကာကွယ်တားဆီးစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများ၊ ရေတွင်း၊ ရေကန်များကို ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများနှင့် အခြားပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေပြန်ကျသွားသောရပ်ကွက်နှင့် ကျေးရွာများတွင် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ၊ ပျက်စီးသွားသောယင်လုံအိမ်သာများ ပြုပြင်တည်ဆောက်သုံးစွဲခြင်းလုပ်ငန်းများ၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအတွက် ပိုးလောက်လမ်းနှင့် ခြင်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကိုလည်းကောင်း၊ ရွှေတောင်မြို့နယ်တွင် Bleaching Powder ပုံးများဖြန့်ဖြူးမှုနှင့် သုံးစွဲမှုအခြေအနေများကို ဆန်းစစ်ခြင်း၊ ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆေးဝါးပစ္စည်းများ ဖြန့်ဖြူးခြင်းလုပ်ငန်းများကိုလည်းကောင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ကူးစက်ရောဂါ ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုများ အနေဖြင့် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် အသည်းရောင် အသားဝါရောဂါသည်များအား ယာယီဆေးခန်းဖွင့်လှစ်၍ ကုသပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ရေတွင်း၊ ရေကန်နှင့် လက်နှိပ်တုံကင်များကို ကလိုရင်းဆေးခတ်ခြင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နတ်ချောင်းတိုက်နယ် ထိုမာကျေးရွာတွင် သာမန် ဝမ်းပျက်ဝမ်းလျှော ရောဂါသည်များအား ဆေးကုသပေးခြင်း၊ ရေတွင်း၊ ရေကန်များကို ကလိုရင်းဆေးခတ်ခြင်း၊ ကျန်းမာရေးပညာပေးခြင်းနှင့် ရောဂါကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်မြို့ ရေဘေး ကယ်ဆယ်ရေးစခန်းတွင် ဦးနှောက်ရောင်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကျန်းမာရေးပညာပေးခြင်း လုပ်ငန်းများကိုလည်းကောင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အလားတူ ကျန်းမာရေးဦးစီးဌာနက ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ရေဘေးသင့်ဒေသများသို့ ဆေးနှင့်ဆေးပစ္စည်းများကိုလည်း ထောက်ပံ့ပေးအပ်လျက်ရှိရာ ကလိုရင်း ရေသန့်စင်ဆေးမှုန့်(၅၀ ကီလိုဂရမ်ပါပုံး) ၂၆၇ ပုံး၊ ဆေးစိမ်ခြင်ထောင် အလုံး ၃၄၃၀၊ ရေသန့်ဆေးထုပ် ၁၈၉၀၀၊ ကလိုရင်းဆေးပြား ၂၈၈၀၀၊ DHF Test Kit ၃၀၊ အိမ်သာခွက် ၁၄၇၀၀ တို့ကို ပေးပို့ထောက်ပံ့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ကန်ကြီးထောင့်မြို့နယ်တွင် ရေဘေးသင့်ပြည်သူများသို့ ပစ္စည်းများပေးအပ်လှူဒါန်း

**ကန်ကြီးထောင့် ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ဒါးကမြစ်ရေသည် ဩဂုတ် ၉ ရက်တွင် စိုးရိမ်ရေမှတ် ၁၆ ပေသို့ ရောက်ရှိခဲ့ပြီး နေ့စဉ်တဖြည်းဖြည်း စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိခဲ့သည်။ အဆိုပါ မြစ်ရေမြင့်တက်လာမှုကြောင့် မြို့ပေါ်အမှတ်(၁) ရပ်ကွက် ကမ်းနားလမ်းနှင့် ကျေးရွာအချို့တွင် ရေဝင်နစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ရာ ရေဘေးကယ်ဆယ်ရေးစခန်း ၁၄ ခု ဖွင့်လှစ်ထားရှိခဲ့သည်။

အဆိုပါ ကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများနှင့် ကျေးရွာရေဘေးသင့်ပြည်သူများအား ဩဂုတ် ၁၆ ရက်တွင် သက်န်းကျွန်း(ယ) ရပ်ကွက် နာရေးကူညီမှုအဖွဲ့က အိမ်ထောင်စု ၁၀၀ အတွက် ဆန်၊ ရေသန့်၊ ငါးသေတ္တာ၊ ဖယောင်းတိုင်၊ မီးခြစ်၊ ငါးခြောက်ကြော်များ လှူဒါန်းခဲ့သည်။ ကွန်းခိုရာ လူမှုကူညီရေးအသင်းက အိမ်ထောင်စု ၃၀၀၀ အတွက် တာပေါ်လင်၊ စောင်၊ ရေသန့်နှင့် လူသုံးကုန်ပစ္စည်းများကို ကျေးရွာများအရောက်လှူဒါန်းခဲ့သည်။ ဆက်လက်၍ အာသောက ကျန်းမာရေးနှင့် ပညာရေး စောင့်ရှောက်ရေးအသင်းက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၁၇-၈-၂၀၁၅)

**နေပြည်တော် ဩဂုတ် ၁၇**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၁၇ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၀၀၀၁၂ စုမှ လူဦးရေ ၁၅၅၆၉၃၉ ဦး ရေဘေးသင့်ခဲ့ပြီး ၁၁၇ ဦးသေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၉၃၈၅၇၆၅၀၊ အရေးပေါ်အစားအစာတန်ဖိုးငွေကျပ်၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၅၀၈၅၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၃၂၂၂၇၃၃၇၄ ကျပ်နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၉၃၀၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၅၉၁၅၂၅၂၅၄ ကျပ်ကို ပေးပို့ထောက်ပံ့ခဲ့သည်။

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | ပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၃၅၀ | ၃၇၉၂၇၈၀ | ၄၀၃၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၇၀၀၀၀၀ | ၆၄၀၄၅၇၁၀ | |
| **ဇူလိုင်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၁၇ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၅၆၁ | ၆၅၆၈၃ | ၃၅၄၀၉၂ | ၁၉ | ၃၉၈၇၃၁၅၀ | - | ၁၇၅၀၀၀၀ | ၅၅၂၇၄၀၆၀ | ၁၃၀၀၀၀၀ | ၉၈၁၉၇၂၁၀ | |
| ၂။ | ကချင်ပြည်နယ် | ၅၀ | ၁၁၄၅ | ၆၂၁၉ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃။ | ရှမ်းပြည်နယ် | ၁၂၇ | ၁၄၈၆ | ၇၆၁၁ | ၉ | ၈၉၁၀၀ | - | ၁၀၀၀၀၀၀ | ၅၀၉၉၇၂၂ | ၅၀၀၀၀၀ | ၆၆၈၈၈၂၂ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၁၈၈ | ၃၇၅၅ | ၁၅၆၁၂ | ၁၂ | ၉၄၃၆၅၀၀ | - | ၄၉၀၀၀၀၀ | ၃၀၅၂၅၆၁၀ | ၁၁၀၀၀၀၀ | ၄၅၉၆၂၁၁၀ | |
| ၅။ | ချင်းပြည်နယ် | ၂၄၂၃ | ၂၆၅၄ | ၁၃၀၈၇ | ၅ | - | - | - | ၄၈၅၄၆၈ | ၁၀၀၀၀၀ | ၅၈၅၄၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၇၂၈ | ၉၈၀၂၆ | ၅၆ | - | - | - | ၇၀၄၀၃၆၉၄ | ၅၅၀၀၀၀၀ | ၇၅၉၀၃၆၉၄ | |
| ၇။ | ကရင်ပြည်နယ် | - | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈။ | မွန်ပြည်နယ် | - | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၂၁၅ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၂ | - | - | - | ၃၀၄၁၂၃၂၀ | - | ၃၀၄၁၂၃၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၃ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၃၄၇ | ၁၁၉၈၆၉ | ၄၈၄၇၉၂ | ၃ | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၁၄၂၀ | - | ၅၇၂၆၁၆၂၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၁၆၁၆၂ | ၆၁၂၇၁ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၁၉၀ | |
| | ပေါင်း | ၁၅၈၈၇ | ၃၈၁၅၇၄ | ၁၅၄၂၀၂၈ | ၁၁၀ | ၉၀၃၁၀၃၀၀ | ၁၁၄၅၁၄၅၀ | ၁၁၀၅၅၀၀၀၀ | ၃၀၆၅၆၇၇၉၄ | ၈၆၀၀၀၀၀ | ၅၂၇၄၇၉၅၄၄ | |
| | ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ စုစုပေါင်း | ၁၆၂၉၂ | ၃၈၃၇၂၀ | ၁၅၅၆၉၃၉ | ၁၁၇ | ၉၃၈၅၇၆၅၀ | ၁၅၂၄၄၂၃၀ | ၁၅၀၈၅၀၀၀၀ | ၃၂၂၂၇၃၃၇၄ | ၉၃၀၀၀၀၀ | ၅၉၁၅၂၅၂၅၄ | |

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော်  ဩဂုတ်  ၁၇**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများ ချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၄၀ တွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၄. ၃၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၄. ၇၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၂. ၀၇' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၂. ၀၀' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၃၀' |
| ၆။ | ကင်းတပ်ရေထိန်းတမံ | ၃၈၂၉၅ | ၅. ၅၀' |
| ၇။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၁. ၁၀' |
| ၈။ | ကိုးပင်ကန် | ၉၇၆၄ | ၀. ၇၀' |
| ၉။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၇၀' |
| ၁၀။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၀. ၄၀' |
| ၁၁။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၉၀' |
| ၁၂။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၉၀' |
| ၁၃။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၅၀' |
| ၁၄။ | မြောက်ယမားရေကူ ရေလှောင်တမံ | ၁၂၂၉၀၀ | ၂. ၃၀' |
| ၁၅။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၂. ၂၀' |
| ၁၆။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၁. ၅၀' |
| ၁၇။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၆၀' |
| ၁၈။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |
| ၁၉။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၇၀' |
| ၂၀။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၅၀' |
| ၂၁။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၁၀' |
| ၂၂။ | ဇလပ်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၁၀' |
| ၂၃။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၁၀' |
| ၂၄။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၄၈' |
| ၂၅။ | စဥ့်ကူးချောင်းဂေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၃၀' |
| ၂၆။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၈၀' |
| ၂၇။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၈၀' |
| ၂၈။ | တောင်ညိုရေလှောင်တမံ | ၂၀၀၀၀၀ | ၁. ၈၀' |
| ၂၉။ | ဘော်ဘင်ရေလှောင်တမံ(၁) | ၉၇၆၄၆ | ၀. ၂၀' |
| ၃၀။ | ဘော်ဘင်ရေလှောင်တမံ(၂) | ၂၆၅၀၈ | ၀. ၃၀' |
| ၃၁။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၀. ၈၀' |
| ၃၂။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၆၀' |
| ၃၃။ | မာလဲနတ်တောင် ရေလှောင်တမံ | ၅၀၉၇၀ | ၂. ၁၀' |
| ၃၄။ | ဆင်လမ်းရေလှောင်တမံ | ၆၈၄၆ | ၀. ၂၀' |
| ၃၅။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၆၀' |
| ၃၆။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၄၀' |
| ၃၇။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၆၅' |
| ၃၈။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၅၂' |
| ၃၉။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၁၀' |
| ၄၀။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၆၀' |

(သတင်းစဉ်)

# လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် ဩဂုတ် ၁၇ ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း (ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၇၅၉၉ | ၁၅၆၆၃ | ၁၂၇၉၁ | ၅၀၇၇ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၇ | - |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၀၃၁ | ၅၀၃၁ | ၅၀၃၁ | ၂၉၀၉ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၇၈၅၆ | ၁၇၅၉၉၀ | ၁၄၂၁၃၁ | ၁၁၁၈၄၀ | ၂၀၅၆၂ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၅၄၇ | ၁၅၂၄၀၅ | ၆၁၃ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၁၀၇၉ | ၉၆၈၄၆ | ၆၅၈၅၈ | ၄၈၂၃ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၀၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၁၄၂၁၈၇ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၄၃၆၃ | ၅၂၂၁၈ | ၆၅၆၃၈ | ၇၉၆၈ | ၃၄၅ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၀၈၂ | ၁၃၀၂၅ | ၃၅၈၀ | ၂၃၃၀ | ၂၀၅ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၁၀၉၈၂၀ | ၁၁၂၁၆၈ | ၉၅၆၈၁ | ၆၈၉၇၅ | ၄၈၆၁ |
| | စုစုပေါင်း | ၁၄၃၄၁၉၃ | ၁၁၆၂၀၉၈ | ၉၃၀၅၇၉ | ၆၄၂၅၃၃ | ၁၇၈၉၅၂ |



# ငဝန်တာရေစိမ့်ပေါက်နေရာများအား ပြုပြင်လျက်ရှိ

**ငါးသိုင်းချောင်း  ဩဂုတ်  ၁၇**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ငဝန်ရေကာတာ ရေစိမ့်ပေါက်နေရာတွင် ရေကြည်မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ တာတမံကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ရေစိမ့်ပေါက်နေရာအား မြေသားခွဲ ရှာဖွေပြုပြင်ခြင်းနှင့် လိုအပ်သော တာတမံပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဩဂုတ် ၁၇ ရက်က အလေးထားဆောင်ရွက်လျက်ရှိသည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယနေ့မွန်းတည့် ၁၂ နာရီတိုင်းထွာချက်အရ ၂၇ ဒသမ ၉၀ ပေသို့ ဆက်လက်ကျဆင်းလျက်ရှိပြီး တာတမံကြံ့ခိုင်ကောင်းမွန်ရန် လိုအပ်သောရေစိမ့်ပေါက်နေရာများကို မြို့နယ်ဆည်မြောင်းဦးစီးဌာနက အမြန်ဆုံးဆက်လက်ပြုပြင်ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ဆွာချောင်းတစ်လျှောက် ဆည်ရေများ ထုတ်လွှတ်သော်လည်း စိုးရိမ်စရာမရှိ

**ရေတာရှည်  ဩဂုတ်  ၁၇**

ယခုရက်ပိုင်း သစ်တောကြိုးဝိုင်းဒေသတစ်လျှောက် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဥယျာဉ်မှူးကျေးရွာအနီးရှိ ဆွာချောင်းရေလှောင်တမံမှ ဆွာချောင်းအတွင်းသို့ ရေများ ထုတ်လွှတ်လျက်ရှိရာ ချောင်းတစ်လျှောက်တွင် နေထိုင်ကြသော ဒေသခံများ စိုးရိမ်စိတ်များဖြင့် ပြောဆိုနေကြသော်လည်း ဆည်တမံနှင့် ပတ်သက်၍ စိုးရိမ်စရာလုံးဝမရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

ဩဂုတ် ၁၆ ရက် ညနေပိုင်းက ဆွာဆည်ဧရိယာအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ဩဂုတ် ၁၇ ရက်နံနက် ၁၁ နာရီ တိုင်းထွာချက်များအရ ၃၃၉ ဒသမ ၂ အထိ မြင့်တက်လာကြောင်း သိရသည်။

"ရေကတော့ ဆွာချောင်းထဲကို ၁၇ လက်မအပေါက် သုံးပေါက်ကနေလွှတ်နေပါတယ်။ သစ်တွေဆွဲလို့နိမ့်သွားတဲ့ ဆည်တမံမြောက်ဘက်ခြမ်း ဝါးယားကျင်းဘက်မှာ မနေ့က သဲအိတ် ၅၀၀ ကျော် ချထားပြီး ရေကင်းအတွက်လည်း ဝန်ထမ်းတွေ အလှည့်ကျ စောင့်ကြည့်နေတာပါ။ တမံရဲ့ကြံ့ခိုင်ရေးကတော့ ကောင်းမွန်ပါတယ်"ဟု ဆွာတမံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ဆွာချောင်းရေပိုလွှဲမှ ယခင်ရက်က ၂ ဒသမ ၂ ပေ ကျော်လျက်ရှိပြီး စိုးရိမ်ရေမှတ်မှာ ပေ ၃၄၀ ဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ဒါးကမြစ်ရေ စိုးရိမ်ရေမှတ်အောက် ကျဆင်း

**ကန်ကြီးထောင့်  ဩဂုတ်  ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ဩဂုတ် ၉ ရက်က စိုးရိမ်ရေမှတ် ၁၆ ပေသို့ ရောက်ရှိကျော်လွန်ခဲ့ပြီး အဆိုပါမြစ်ရေသည် ဩဂုတ် ၁၇ ရက်တွင် စိုးရိမ်ရေမှတ်အောက် ၁၅ ပေ ၄ လက်မသို့ ပြန်လည်ကျဆင်းသွားခဲ့ကြောင်း သိရသည်။


**မြို့နယ်(ပြန်/ဆက်)**

# ငါးသိုင်းချောင်းမြို့နယ်တွင် ရေကျသော်လည်း စိုးရိမ်ရေမှတ်ကျော်လွန်လျက်ရှိ

**နေပြည်တော်  ဩဂုတ်  ၁၇**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ်၏ ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ်ကျော်လွန်မြင့်တက်ခဲ့ရာမှ ဩဂုတ် ၈ ရက်မှစ၍ နေ့စဉ်လျော့နည်းကျဆင်းလျက်ရှိသော်လည်း သတ်မှတ်စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသေးကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရသိရသည်။

(သတင်းစဉ်)



# ယွမ်ငွေတန်ဖိုး လျှော့ချမှုကြောင့် ဒေသတွင်း အခြားနိုင်ငံများနည်းတူ အမေရိကန်ဒေါ်လာဈေးနှုန်း လှုပ်ရှားမှုဖြစ်ပေါ်ခြင်းဖြစ်

*"လတ်တလော ဘဏ်အချို့နဲ့ပတ်သက်ပြီး ထွက်ပေါ်လာတဲ့ သတင်းတွေက ကောလာဟလဖြစ်ပါတယ်။*
*မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဘယ်ဘဏ်ကိုမှ ပိတ်သိမ်းဖို့ စီစဉ်ထားတာ မရှိပါဘူး။"*
(ဦးဆက်အောင်)



**ပြီးခဲ့သည့် သီတင်းပတ်မှစ၍ မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ လဲလှယ်ရာတွင် ဈေးနှုန်းလှုပ်ခတ်မှု ရှိနေခြင်းနှင့် ပုဂ္ဂလိကဘဏ်များနှင့် ပတ်သက်သည့် သတင်းဂယက်များကြောင့် ယင်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် မြန်မာ့သတင်းစဉ် (ပြည်တွင်း) ကတွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်စုစည်း ဖော်ပြလိုက်ပါသည်။**

**မေး။ ။ လတ်တလောမှာ ဈေးနှုန်းလှုပ်ခတ်မှုရှိနေတဲ့ အမေရိကန်ဒေါ်လာ ဈေးနှုန်းနဲ့ ပတ်သက်ပြီး ဗဟိုဘဏ်ရဲ့ တာဝန်ရှိသူတစ်ယောက်အနေနဲ့ သုံးသပ်ရှင်းပြပေးပါရှင့်။**

ဖြေ။ ။ မြန်မာနိုင်ငံမှာရှိတဲ့ ဒေါ်လာဈေးက တည်ငြိမ်သွားတာ တစ်လလောက်ရှိသွားပါပြီ။ လွန်ခဲ့တဲ့ သီတင်းပတ်အင်္ဂါနေ့လောက်မှာ ဈေးကွက်လှုပ်သွားတာ တွေ့ရပါတယ်။ ဒီဖြစ်စဉ်က မြန်မာတစ်နိုင်ငံတည်းမှာမဟုတ်ဘဲ ဒေသတွင်း နိုင်ငံတော်တော်များများမှာ လှုပ်ခတ်သွားတာ တွေ့ရပါတယ်။

အဓိကကတော့ တရုတ်ပြည်က ယွမ်ငွေကြေးကို လျှော့ချတဲ့ (Devaluation) ဖြစ်တာကြောင့်ပါ။ နိုင်ငံအတော်များများက စီးပွားရေးလှုံ့ဆော်မှု (Economic stimulus) တွေသုံးပြီး ငွေကြေးတန်ဖိုးတွေ လျှော့ချလာတဲ့အချိန်မှာ တရုတ်ယွမ်ငွေက တည်ငြိမ်နေခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ ပို့ကုန်အခြေခံတဲ့ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို အားမကိုးတော့ဘဲ ပြည်တွင်းသုံးစွဲမှုကို အခြေခံတဲ့ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်လာတဲ့အတွက် အခြားနိုင်ငံငွေကြေးတွေ ကျဆင်းအောင်ပြုလုပ်နေတဲ့အချိန်မှာ မာနေတဲ့ တရုတ်ငွေကြေးကိုမချဘဲ တည်ငြိမ်အောင်ပြုလုပ်နေတယ်လို့ ထင်ကြေးပေးခဲ့ကြပါတယ်။ နိုင်ငံအတော်များများက မိမိတို့ငွေကြေးကို လျှော့ချလာတဲ့အတွက် ကမ္ဘာမှာ ငွေကြေးစစ်ပွဲ (Currency War) များဖြစ်နေပြီလားဆိုပြီး ထင်ကြေးပေးတဲ့သူတွေလည်းရှိပါတယ်။ အခုတော့ တရုတ်နိုင်ငံဟာ အဲဒီငွေကြေးစစ်ပွဲထဲကို ပါဝင်လာပြီဖြစ်တယ်လို့ပြောနေကြပါတယ်။ တရုတ်ငွေကြေးကျဆင်းလာတဲ့အတွက် အမေရိကန်နိုင်ငံက ခေါင်းကိုက်နေရပါတယ်။ အမေရိကန်ငွေကြေးက မာလာတဲ့အချိန်မှာ တရုတ်ငွေကြေး ကျသွားတော့ အမေရိကန်နိုင်ငံရဲ့ ကုန်သွယ်ရေးမှာ နစ်နာမှုတွေ ကြုံတွေ့ရမှာပါ။

အမေရိကန်နိုင်ငံဟာ အခု ၂၀၁၅ စက်တင်ဘာမှာ သူတို့ရဲ့ အတိုးနှုန်းကို တက်မယ်ဆိုပြီး စီစဉ်ထားတဲ့ မူဝါဒကို ပြန်စဉ်းစားစရာတွေဖြစ်သွားပါတယ်။ ဒီအတိုးနှုန်းတက်လိုက်ရင် အမေရိကန်ဒေါ်လာဈေး ပိုမာသွားနိုင်ပြီး တရုတ်ယွမ်ကလည်း လျှော့ချထားတော့ ကုန်သွယ်မှုပိုင်းမှာ ပိုပြီးတော့ နစ်နာမှုတွေ ဖြစ်သွားနိုင်ပါတယ်။ တရုတ်ငွေကြေးကို လျှော့ချလိုက်တဲ့အတွက် တော်တော်များများ နိုင်ငံတွေရဲ့ ငွေကြေးတွေကလည်းကျလာပါတယ်။ အင်ဒိုနီးရှား ရူပီးနဲ့ မလေးရှားရင်းဂစ်တွေက တော်တော်ကျသွားပါတယ်။ အဲဒါ့ကြောင့် မြန်မာငွေလည်း ရိုက်ခတ်မှုရှိပါတယ်။

**မေး။ ။ ဒီလိုဖြစ်စဉ်မတိုင်မီ နှစ်လလောက်မှာ မြန်မာကျပ်ငွေဈေးကျပြီး ဒေါ်လာငွေဈေး ဆက်တိုက်မြင့်တက်လာတာနဲ့ ဒီဖြစ်စဉ်က ဆက်စပ်မှုရှိလား ဆိုတာ သိပါရစေ။**

ဖြေ။ ။ ပြည်တွင်းမှာဖြစ်တဲ့ ကိစ္စတွေကြောင့် ငွေကြေးရိုက်ခတ်မှု ဖြစ်တာလားဆိုပြီး တော်တော်များများမေးကြတာပဲ။ အဲဒါကျတော့ တိုက်ဆိုင်မှုကြောင့်လား တော့မသိဘူး။ နိုင်ငံတကာ ဈေးကွက်ကြီးမှာ ဒီလိုဖြစ်သွားတဲ့အချိန်နဲ့ ပြည်တွင်းမှာဖြစ်တဲ့အချိန် ထပ်တူထပ်မျှဖြစ်တဲ့အတွက် ကျွန်တော်တို့ မြင်တာတော့ နိုင်ငံတကာဈေးကွက်ကြီးမှာ တရုတ်ယွမ်ငွေ ချက်ချင်းပြုတ်ကျသွားတဲ့ကိစ္စနဲ့ ဆက်စပ်မှုရှိမယ်လို့ ထင်ပါတယ်။

ကျွန်တော်တို့အနေနဲ့ကတော့ မြန်မာကျပ်ငွေကို တအားကြီးကျမသွားအောင် ဈေးကွက်ထဲကို ဒေါ်လာငွေရောင်းပါတယ်။ ဇွန်လကတည်းက စပြီးရောင်းတာ အခုချိန်ထိ ရောင်းနေပါတယ်။ ဆက်ပြီးရောင်းသွားဖို့လည်း ရှိပါတယ်။ ကျွန်တော်တို့ရဲ့ နိုင်ငံခြားငွေကြေးလေလံ (FX Auction) ကတစ်ဆင့် ဒေါ်လာငွေတွေ အများကြီးရောင်းထားပါတယ်။ လေ့လာစောင့်ကြည့်လုပ်ငန်းစဉ် (Monitoring Mechanism) တွေလည်း ပြန်လုပ်ထားပါတယ်။ ဘဏ်တွေရဲ့ Client တွေဖြစ်တဲ့ Importer တွေကိုလည်း ရောင်းကိုရောင်းရမယ်။ တကယ်လို့ Importer တွေကို ကျွန်တော်တို့ဆီက ဝယ်တဲ့ငွေရဲ့ ၈၀ ရာခိုင်နှုန်းကို မရောင်းထားဘူးဆိုရင် ဒီမှာဝယ်လို့မရအောင် ပြန်ထိန်းထားတာတွေ ရှိပါတယ်။ အခု ဘဏ်တွေကလည်း လိုအပ်တဲ့ ဒေါ်လာငွေကို ဗဟိုဘဏ်က ဝယ်ပြီးတော့ သူတို့ရဲ့ Client တွေကို ပြန်ရောင်းပေးပါတယ်။

**မေး။ ။ ဗဟိုဘဏ်က သတ်မှတ်တဲ့ရည်ညွှန်းတန်ဖိုး သတ်မှတ်ချက်နဲ့ ပတ်သက်ပြီး ဘယ်လိုအစီအစဉ်တွေနဲ့ သတ်မှတ်တယ်ဆိုတာသိပါရစေရှင့်။**

ဖြေ။ ။ ဒီနေရာမှာ ငွေကြေးလေလံဆိုတာကို ရှင်းပြချင်ပါတယ်။ ဗဟိုဘဏ်ရဲ့ နေ့စဉ်ငွေကြေးသတ်မှတ်ချက်က ထင်သာမြင်သာမရှိဘူးလို့ ပြောကြတာတွေ ရှိပါတယ်။ ဒါပေမယ့် ထင်သာမြင်သာမရှိဘူး ဆိုတဲ့ကိစ္စက နိုင်ငံခြားငွေကြေးလေလံဆိုတာကို ဘာမှန်းမသိသေးတဲ့အတွက် ပြောကြတာဖြစ်မှာပါ။ နိုင်ငံခြားငွေကြေးလေလံဆိုတာ နေ့စဉ် မနက် ၉ နာရီဆိုရင် ဘဏ်တွေကိုခေါ်တယ်။ နိုင်ငံခြားငွေရောင်းချင်တဲ့ ဘဏ်တွေ၊ ဝယ်ချင်တဲ့ ဘဏ်တွေရောက်လာပြီး သူတို့ကနေ နိုင်ငံခြားငွေ ဘယ်နှုန်းထားနဲ့ ပမာဏဘယ်လောက် ဝယ်ချင်ပါတယ်။ ဘယ်နှုန်းထားနဲ့ ပမာဏဘယ်လောက်ရောင်းချင်ပါတယ်ဆိုတဲ့ အဆိုပြုရပါတယ်။ အဲဒီဝယ်တဲ့၊ ရောင်းတဲ့ဈေးနှုန်းပေါ်မှာ မူတည်ပြီးတော့မှ ဗဟိုဘဏ်က နှုန်းထားသတ်မှတ်တာပါ။

ဗဟိုဘဏ်သတ်မှတ်တဲ့ နှုန်းထားက မြန်မာနိုင်ငံမှာရှိတဲ့ ပြည်တွင်းဘဏ်တွေရဲ့ နေ့စဉ် နံနက်တိုင်း အဆိုပြုတဲ့ ဘယ်လောက်ဈေးနဲ့ ရောင်းချင်တယ်။ ဘယ်လောက်ဈေးနဲ့ ဝယ်ချင်တယ်ဆိုတဲ့ ဈေးရဲ့ပြင်ပမှာ ကိုယ့်ဟာကိုယ် သတ်မှတ်လို့မရပါဘူး။

နောက်လေလံလုပ်ပြီးသွားပြီဆိုတာနဲ့ အင်တာနက်ပေါ်တင်ပါတယ်။ ဘဏ်ဘယ်နှုခုလာတယ်၊ ဘဏ်ဘယ်နှုခု Bid တင်တယ်၊ ဘဏ်ဘယ်နှုခုက Offer တင်တယ်၊ အနိမ့်ဆုံးဘယ် Rate ကနေ အမြင့်ဆုံးဘယ် Rate ဖြစ်ပြီး အဲဒီ့ထဲကမှ ဘယ် Rate ကို ယူပါတယ်ဆိုတာ အင်တာနက်မှာ နေ့တိုင်း တင်ပါတယ်။

**မေး။ ။ ဒီထက်ပိုပြီး ငွေကြေးဂယက်လှုပ်ခတ်သွားနိုင်ခြေ ရှိ/မရှိနဲ့ ရှိလာရင် ဗဟိုဘဏ်အနေနဲ့ ဘယ်လို ထိန်းကျောင်းသွားမယ်ဆိုတာ သိပါရစေရှင့်။**

ဖြေ။ ။ ဗဟိုဘဏ်အနေနဲ့က ထိန်းကျောင်းတဲ့ပုံစံ အမျိုးမျိုးရှိပါတယ်။ အဓိကအားဖြင့် ငွေကြေးမူဝါဒ (Monetary Policy) ပါ။ အခုလောလောဆယ်မှာ Monetary Policy အရ ဈေးကွက်ထဲက ငွေကြေးတွေကို နှစ်ဆကျော်လောက် နုတ်ယူနေပါတယ်။ မြန်မာငွေ ကျပ်တော့မှ မြန်မာငွေကျဆင်းမှုလျော့လာမှာပါ။ နိုင်ငံတကာမှာတော့ အခုလိုလုပ်တဲ့ တင်းကျပ်တဲ့ငွေကြေးမူဝါဒကို Open Market Operations (OMO) နည်းနဲ့ ဆောင်ရွက်ပါတယ်။ မြန်မာနိုင်ငံမှာက ချေးငွေစာချုပ်ဈေးကွက် (Secondary Bonds Market) မဖွံ့ဖြိုးသေးတဲ့အတွက်

## တွေ့ဆုံမေးမြန်း » မိုးသူဇာစိုး

OMO နည်းနဲ့မဟုတ်ဘဲ အခြားနည်းတွေဖြစ်တဲ့ Deposit Auction နည်းနဲ့ Reserve Requirement နည်းတွေကို သုံးပါတယ်။ နောက်တစ်ခုက Intervention နည်းနဲ့ ဈေးကွက်လိုအပ်တဲ့ နိုင်ငံခြားငွေကို ရောင်းပေးတာပါ။ နိုင်ငံတကာမှာ အခုလို Intervention ကို ဘဏ်အချင်းချင်းရောင်းဝယ်တဲ့ ဈေးကွက် (Multilateral Interbank Market) က ဆောင်ရွက်တာဖြစ်ပေမယ့် မြန်မာနိုင်ငံမှာ Bilateral Interbank Market ပဲ ရှိနေသေးတဲ့အတွက် နိုင်ငံခြားငွေကြေးလေလံကတစ်ဆင့် Official Intervention ပြုလုပ်ပါတယ်။ မြန်မာနိုင်ငံထက် အများကြီးတိုးတက်တဲ့ ဩစတြေးလျနိုင်ငံလို၊ နီးနီးစပ်စပ် ထိုင်းနိုင်ငံမှာဆိုရင်လည်း ငွေကြေးကျဆင်းတာတွေကို တွေ့ကြုံနေရပါတယ်။

**မေး။ ။ ဒေါ်လာဈေးတွေ မြင့်တက်တာ ခဏတာပဲဖြစ်မယ်ဆိုပြီး ဘောဂဗေဒ ပညာရှင်တချို့က သုံးသပ်ကြတာတွေ့ရပါတယ်။ ဒီလို ဈေးနှုန်းမြင့်တက်တာ၊ လှုပ်ခတ်မှုရှိနေတာနဲ့ ပတ်သက်ပြီး ဆရာ့ရဲ့ သုံးသပ်ရှုမြင်ပုံကိုလည်း သိပါရစေရှင့်။**

ဖြေ။ ။ လတ်တလော သတင်းစာထဲမှာ ဖတ်လိုက်ရတာတွေ ရှိပါတယ်။ ရေဘေးကြောင့် ကူညီကယ်ဆယ်ရေးတွေကနေတစ်ဆင့် ဒေါ်လာငွေတွေ ဝင်လာမှာဖြစ်လို့ ဒေါ်လာတက်တာဟာ ယာယီပဲဖြစ်မယ်လို့ သူတို့ရဲ့ ရှုထောင့်ကနေ အကဲခတ်တာလည်း မမှားပါဘူး။ တခြားရှုထောင့်တွေလည်း ရှိနေပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ဒေါ်လာငွေနဲ့ မြန်မာကျပ်ငွေလဲလှယ်နှုန်း အတက်၊ အကျ အလွန်ကြမ်းတမ်းမှုမရှိစေဖို့နဲ့ အရင်ကလို တရားဝင်ဈေးနဲ့ တရားမဝင်ဈေး အရမ်းကွာဟတဲ့ Multiple exchange rates မဖြစ်စေဖို့ ကြိုးစားနေပါတယ်။

**မေး။ ။ လတ်တလောဖြစ်ပေါ်နေတဲ့ ပုဂ္ဂလိကဘဏ်အချို့နဲ့ ပတ်သက်တဲ့ သတင်းတွေအပေါ်မှာ ဗဟိုဘဏ်ရဲ့ တာဝန်ရှိသူတစ်ယောက်အနေနဲ့ ဘာများ ပြောချင်ပါသလဲရှင့်။**

ဖြေ။ ။ လတ်တလော ဘဏ်အချို့နဲ့ပတ်သက်ပြီး ထွက်ပေါ်လာတဲ့ သတင်းတွေက ကောလာဟလဖြစ်ပါတယ်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ဘယ်ဘဏ်ကိုမှ ပိတ်သိမ်းဖို့စီစဉ်ထားတာ မရှိပါဘူး။ ဘဏ်တွေအနေနဲ့ ငွေကြေးအကျပ်အတည်းဖြစ်လာရင် မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်မှုရှိနေစေဖို့ ဗဟိုဘဏ်ကလိုအပ်တဲ့ ငွေကြေးအကူအညီတွေကို ဥပဒေနဲ့ အညီထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ ပုဂ္ဂလိကဘဏ်တွေအားလုံးက မြန်မာနိုင်ငံတော် ဗဟိုဘဏ်ရဲ့ကြီးကြပ်စိစစ်မှုအောက်မှာရှိပြီး ဗဟိုဘဏ်က ပြဋ္ဌာန်းထားတဲ့ သတ်မှတ်ချက်တွေနဲ့အညီ ဘဏ်လုပ်ငန်းတွေ ဆောင်ရွက်နေကြပါတယ်။ ဒီနေ့မွန်းလွဲပိုင်းကပဲ သက်ဆိုင်ရာဝန်ကြီးဌာနတွေက ပြည်ထောင်စုဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေနဲ့ မြန်မာငွေကြေးတည်ငြိမ်မှုရစေဖို့ ဗဟိုဘဏ်မှာ အစည်းအဝေးလုပ်ခဲ့ပါတယ်။ အစည်းအဝေးမှာ ငွေဈေးတည်ငြိမ်စေဖို့ ဆက်လက်ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်တွေကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။ ။

---

**❍သဘာဝဘေးအန္တရာယ်မှ**

အဆိုပါ အထူးဝန်ဆောင်မှု၌ Diamond Package တွင် ဖုန်းခေါ်ဆိုခအား တစ်မိနစ်လျှင် ကျပ် ၂၀ နှုန်း၊ Internet သုံးစွဲခအား 1MB လျှင် လေးကျပ်နှုန်းဖြင့်လည်းကောင်း၊ Gold Package တွင် ဖုန်းခေါ်ဆိုခအား တစ်မိနစ်လျှင် ၂၁ ကျပ်နှုန်း၊ Internet သုံးစွဲခအား 1MB လျှင် ငါးကျပ်နှုန်းဖြင့်လည်းကောင်း၊ Silver Package တွင် ဖုန်းခေါ်ဆိုခအား တစ်မိနစ်လျှင် ၂၂ ကျပ်နှုန်း၊ Internet သုံးစွဲခအား 1MB လျှင် ခြောက်ကျပ်နှုန်းဖြင့်လည်းကောင်း အထူးခြားဆုံး ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

MECTel CDMA 800 MHz 3G သုံးစွဲသူမိဘပြည်သူများအား MECTel က ထူးခြားသော အခမဲ့ဖုန်းခေါ်ဆိုနိုင်မှုအနေဖြင့် သဘာဝဘေးအန္တရာယ် အများဆုံး ကြုံတွေ့ခံစားရသော ချင်းပြည်နယ် ဟားခါးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၊ ညောင်တုန်းမြို့နယ်၊ သာပေါင်းမြို့နယ်နှင့် အင်္ဂပူမြို့နယ်တို့တွင် ဩဂုတ်လအတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေကြသူများ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် ဝန်ဆောင်မှု ပံ့ပိုးကူညီသည့်အနေဖြင့် MECTel ဖုန်းအချင်းချင်း အခမဲ့ခေါ်ဆိုသုံးစွဲနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**




**●ကျောဖုံးမှ**

တင်းနစ်ကစားသမား အန်ဒီမာရေးတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ရော်ဂျာဖလားနောက်ဆုံးဗိုလ်လုပွဲတွင် သုံးနာရီကြာ ယှဉ်ပြိုင်ကစားခဲ့ကြပြီး အန်ဒီမာရေးက ၆-၄၊ ၄-၆၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယခုနိုင်ပွဲသည် အန်ဒီမာရေးအတွက် ၂၀၁၃ ခုနှစ် ဝင်ဘယ်ဒန်တင်းနစ်ဖလား နောက်ဆုံးဗိုလ်လုပွဲနောက်ပိုင်း ဆားဘီးယားတင်းနစ်အကျော်အမော်ဂျိုကိုဗစ်အား ပထမဆုံးပြန်လည်အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဩဂုတ် ၃၁ ရက်တွင် နယူးယောက်မြို့၌ ကျင်းပမည့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲအတွက်လည်း ကြီးမားသည့်တွန်းအားပေးမှု တစ်ခု ဖြစ်လာခဲ့သည်။

ရော်ဂျာဖလားပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲတွင်မူ ရိုမေးနီးယားတင်းနစ်မယ် ဆီမိုနာဟာလက်ပ်က ဗိုလ်လုပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိဘဲ အနားယူသွားခဲ့ခြင်းကြောင့် ဆွစ်ဇာလန် တင်းနစ်မယ် ဘန်စစ်က အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

**(ငွေကြယ်)**

အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး

# မိတ္ထီလာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တွေ့ဆုံခြင်း

ချမ်းသာ(မိတ္ထီလာ)

လာမည့်နိုဝင်ဘာလ ၈ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကို ကျင်းပတော့မည်ဖြစ်သည်။ အထွေထွေရွေးကောက်ပွဲကျင်းပရန်အတွက် အခြေခံအကျဆုံးလုပ်ငန်းမှာ မဲစာရင်းပြုစုခြင်းလုပ်ငန်းဖြစ်သည်။ ထို့ကြောင့် အမြို့မြို့အနယ်နယ်တွင် ပထမအကြိမ် အခြေခံမဲဆန္ဒရှင်စာရင်းများကို ထုတ်ပြန်ကြေညာပြီးသည့်နောက်ပိုင်း မှားယွင်း၊ ကျန်ရှိ၊ ကန့်ကွက်လျှောက်လွှာများ ပြန်လည်ပြင်ဆင် အတည်ပြုပြီးသည့် မဲဆန္ဒရှင်စာရင်းကို ဩဂုတ်လ ၂၂ ရက်နေ့တွင် ထုတ်ပြန်ကြေညာရန် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများ အဆင့်ဆင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့်မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းဝင်းနှင့်တွေ့ဆုံ၍ လက်ရှိမဲဆန္ဒရှင်စာရင်းများ ပြုစုဆောင်ရွက်မှုအခြေအနေကို တစ်ခဏတာတွေ့ဆုံမေးမြန်းရေးသားလိုက်ပါသည်-

**မေး။ ။ မိတ္ထီလာမြို့နယ် ရွေးကောက်ပွဲမရှင်အဖွဲ့ခွဲက ဆောင်ရွက်နေတဲ့ လက်ရှိမဲဆန္ဒရှင်စာရင်း ပြုစုမှုအခြေအနေကို သိပါရစေ။**

ဖြေ။ ။ လက်ရှိတော့ တပ်ရင်းတပ်ဖွဲ့ မဲဆန္ဒရှင်စာရင်းတွေ ပြုစုနေပါတယ်။ မိတ္ထီလာမြို့နယ်မှာက တပ်ရင်းတပ်ဖွဲ့ ၂၀ ခန့်ရှိပြီးတော့ ခုမှရောက်ရှိလာတာဖြစ်တဲ့အတွက် နေ့ညမနေမနား မဲစာရင်းပြုစုဆောင်ရွက်နေပါတယ်။ ကွန်ပျူတာ ရှစ်လုံး၊ ပညာရေးဝန်ထမ်း ၁၅ ဦး လောက်နဲ့ သေသေချာချာ မဲစာရင်းပြုစုဆောင်ရွက်နေပါတယ်။

**မေး။ ။ပထမအကြိမ်အခြေခံမဲဆန္ဒရှင်စာရင်း ကြေညာပြီးနောက်ပိုင်း လက်ရှိအခြေအနေရ မဲဆန္ဒရှင်ဦးရေ ဘယ်လောက်ရှိပါသလဲ။**

ဖြေ။ ။ အခုပြုစုဆောင်ရွက်နေတဲ့ မဲဆန္ဒရှင်စာရင်းအရ တပ်ရင်းတပ်ဖွဲ့နဲ့ ကျန်ရှိလို့ ဖြည့်စွက်ပြုစုရတာတွေ ပေါင်းရင် နောက်ထပ်မဲဆန္ဒရှင် နှစ်သောင်းကျော်လောက် တိုးလာနိုင်တယ်။ ဒါကြောင့် ခန့်မှန်းမဲဆန္ဒရှင်ဦးရေ ၂၄၀၀၀၀ ရှိတာကနေ ၂၆၀၀၀၀ ခန့်ရှိလာနိုင်ပါတယ်။

**မေး။ ။ အခြေခံမဲဆန္ဒရှင်စာရင်းတွေပြုစုတုန်းက ကွယ်လွန်ပြီးသူတွေရဲ့ အမည်တွေ၊ ဘုန်းကြီးဝတ်နေတဲ့ သူတွေရဲ့အမည်တွေပါဝင်နေတာ ဘာကြောင့်လို့ ထင်ပါသလဲဗျ။**

ဖြေ။ ။ ကွယ်လွန်သူတွေအမည်ပါနေတာ မဲစာရင်းပြုစုပြီး မဲစာရင်းကြေညာတဲ့အချိန်ကျမှ ကွယ်လွန်သွားတာတွေရှိတာကြောင့် ဖြစ်ပါတယ်။ ပြီးတော့ ဘုန်းကြီးဝတ်သူတွေအမည်စာရင်းတွေပါနေတာကလည်း အမြဲတမ်းဝတ်နေတာမဟုတ်ဘဲ ယာယီဝတ်နေကြတဲ့သူတွေဖြစ်ပြီး မဲစာရင်းပြုစုဖို့ သွားလျှောက်တဲ့အခါကျတော့ သူတို့ကိုယ်တိုင်လည်း အမြဲဝတ်မှာလား၊ ခဏဝတ်တာလား မသေချာဘူး။ ဒါကြောင့် ရွေးကောက်ပွဲကျင်းပတဲ့အချိန်ကျရင် မဲပေးချင်လို့ လူဝတ်လဲရင် မဲပေးခွင့်ရရှိအောင် မဲစာရင်းထဲထည့်ထားတာပါ။ မဲစာရင်းမပါတာထက်စာရင် ပါတာက ပိုကောင်းပါတယ်။ တကယ်တမ်းမဲပေးမယ့်အခါ နီးမှ ဘုန်းကြီးဝတ်နဲ့ပဲဆိုရင် မဲစာရင်းက ထုတ်ပယ်မှာပါ။ လောလောဆယ်တော့ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးရအောင် ထည့်ထားတာပါ။

**မေး။ ။ အခြေခံမဲဆန္ဒရှင်စာရင်း ကြေညာတုန်းက မဲစာရင်းတွေမှာ ကွဲလွဲတာတွေရှိတယ်လို့ ပြောကြတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဘာများပြောချင်ပါသလဲ။**

ဖြေ။ ။ တကယ်တမ်း မဲဆန္ဒရှင်စာရင်းက မကွဲလွဲပါဘူး။ မဲစာရင်းပြုစုပုံပြုစုနည်းကို မသိလို့ ကွဲလွဲတယ်ထင်နေကြတာပါ။ ၂၀၁၀၊ ၂၀၁၂ တုန်းကလို ရပ်ကွက်၊ ကျေးရွာမှာ တင်နေထိုင်သူတွေကို မဲစာရင်းပြုစုတာမဟုတ်ဘဲ အိမ်ထောင်စုစာရင်းပေါ်မှာပဲ အခြေခံပြီးတော့ မဲစာရင်းပြုစုတာမို့ပါ။ ဥပမာ အိမ်ထောင်စုစာရင်းမှာ ၁၀ ဦးရှိပြီး လက်ရှိ ရပ်ကွက်၊ ကျေးရွာမှာနေထိုင်တာ ငါးဦးပဲရှိတယ်ဆိုရင် အိမ်ထောင်စုစာရင်း ၁၀ ဦးကိုပဲ ထည့်သွင်းပြုစုတာပါ။ အိမ်ထောင်စုစာရင်းမှာ ငါးဦးရှိပြီး လက်ရှိရပ်ကွက်၊ ကျေးရွာမှာ နေထိုင်တာ ၁၀ ဦးရှိရင်လည်း အိမ်ထောင်စုစာရင်းက ငါးဦးကိုပဲ မဲစာရင်းမှာထည့်သွင်းတာပါ။ ကျန်တဲ့သူတွေက သူတို့လာခဲ့တဲ့မဲဆန္ဒနယ်မှာပဲ မဲသွားပေးရမှာဖြစ်ပါတယ်။ ဒါမှမဟုတ် ကြိုတင်မဲပေးလို့ရပါတယ်။ ဒါကြောင့်မို့ ရပ်ကွက်၊ ကျေးရွာမှာ အမှန်တကယ်နေထိုင်သူတွေနဲ့ အိမ်ထောင်စုစာရင်းမှာရှိတဲ့လူဦးရေ မတူညီနိုင်ပါဘူး။ ရပ်ကွက်၊ ကျေးရွာမှာရှိတဲ့ လူဦးရေနဲ့ မဲဆန္ဒရှင်စာရင်းနဲ့လည်း မကိုက်ညီနိုင်ဘူး။ ဒါပေမယ့် တစ်နိုင်ငံလုံးမှာရှိတဲ့ မဲပေးနိုင်တဲ့လူဦးရေနဲ့ တစ်နိုင်ငံလုံးမဲဆန္ဒရှင်စာရင်းကို ဖြန့်ကြက်တိုက်စစ် ကြည့်ရင်တော့ ကိုက်ညီတာကိုတွေ့ရမှာဖြစ်ပါတယ်။

**မေး။ ။ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုပြီးနောက်ပိုင်း ပြင်ဆင်တဲ့ဦးရေ၊ကန့်ကွက်တဲ့ဦးရေ စသဖြင့်ဘယ်လောက်ခန့်ရှိပါသလဲ။**

ဖြေ။ ။ အခြေခံမဲဆန္ဒရှင်စာရင်း ထုတ်ပြန်ကြေညာပြီး အချိန်အတွင်းမှာတော့-

ပုံစံ(၃) မဲစာရင်းကျန်ရှိလျှောက်ထားတာ ၂၃၆၀ ( ဝ၉ ဒသမ ၉၆ ရာခိုင်နှုန်း)

ပုံစံ (၄) ကန့်ကွက်လျှောက်ထားတာ ၃၇၄ ဦး (သုည ဒသမ ၁၅ ရာခိုင်နှုန်း)

ပုံစံ (၄)(က) အချက်အလက်မှားလို့ ပြင်ဆင်တာ ၁၃၃၂ ဦး(သုည ဒသမ ၅၄ ရာခိုင်နှုန်း) ရှိခဲ့ပါတယ်။

**မေး။ ။ ပြည့်စုံမှန်ကန်တဲ့ မဲဆန္ဒရှင်စာရင်းဖြစ်လာဖို့ ပြုစုဆောင်ရွက်တဲ့နေရာမှာ ဘာတွေလိုအပ်မယ်ထင်ပါသလဲ။**

ဖြေ။ ။ အဲဒီလို မဲဆန္ဒရှင်စာရင်းရရှိဖို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်တစ်ခုတည်း ဆောင်ရွက်လို့မရပါဘူး။ ပြည်သူတွေကလည်း ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ ပြီးတော့ နိုင်ငံရေးပါတီတွေနဲ့ စောင့်ကြည့်လေ့လာသူတွေက မဲဆန္ဒရှင်စာရင်းတွေ ကွင်းဆင်းလေ့လာတဲ့အခါ တွေ့ရှိချက်တွေကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်နဲ့ လာရောက်ညှိနှိုင်း ပူးပေါင်းပြင်ဆင်ဆောင်ရွက်မယ်ဆို ပြည့်စုံမှန်ကန်တဲ့ မဲဆန္ဒရှင်စာရင်းရရှိမှာဖြစ်ပါတယ်။

**မေး။ ။ မိတ္ထီလာမြို့နယ်မှာ မဲရုံပေါင်း ဘယ်လောက်ရှိပြီး မဲရုံဝန်ထမ်းရော ဘယ်နှဦးခန့်ရှိမှာပါသလဲ။**

ဖြေ။ ။ တစ်မြို့နယ်လုံး မဲရုံပေါင်း ၂၉၃ ရုံရှိပြီးတော့ မဲရုံမှူး၊ ဒုမဲရုံမှူး၊ မင်တို့ဝန်ထမ်း၊ မဲစာရင်းစစ်ဆေးသူ၊ မဲစာရင်းလက်မှတ်ထုတ်ပေးသူ၊ မဲရုံလုံခြုံရေး စတဲ့မဲရုံဝန်ထမ်း စုစုပေါင်း ၄၅၀၀ ခန့်ရှိပါတယ်။ လောလောဆယ် မဲရုံဝန်ထမ်းတွေကို ပညာရေးဝန်ထမ်းတွေကိုပဲ အဓိကထား ခန့်သွားမှာပါ။ လိုအပ်ရင်တော့ ဌာနဆိုင်ရာတွေကို ညှိနှိုင်းပြီး ဆောင်ရွက်သွားမှာပါ။

**မေး။ ။ ရွေးကောက်ပွဲကျင်းပမယ့် နိုဝင်ဘာလ ၈ ရက်နေ့မှ အသက်(၁၈)နှစ်ပြည့်မယ့်သူတွေအတွက်ရော မဲပေးဖို့ ထည့်သွင်းဆောင်ရွက်ထားပါသလား။**

ဖြေ။ ။ ရွေးကောက်ပွဲကျင်းပမယ့် နေ့ရောက်မှ အသက်(၁၈)နှစ်ပြည့်မယ့်သူတွေစာရင်းပါ မဲစာရင်းမှာ ထည့်သွင်းပြုစုတာမို့ သူတို့လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါဘူး။

**မေး။ ။ ရွေးကောက်ပွဲမှာ သတင်းယူမယ့် မီဒီယာတွေနဲ့ စောင့်ကြည့်လေ့လာသူတွေအတွက် ဘယ်လိုဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ။ သတင်းယူမယ့် မီဒီယာသမားတွေအတွက် ကျင့်ဝတ်စည်းကမ်းတွေ ထုတ်ပြန်ကြေညာထားတာရှိသလို ပြည်တွင်းပြည်ပ စောင့်ကြည့်လေ့လာသူတွေအတွက်လည်း ကျင့်ဝတ်စည်းကမ်းတွေ ထုတ်ပြန်ထားတာရှိပါတယ်။ မီဒီယာသမားတွေ၊ စောင့်ကြည့်လေ့လာသူတွေအနေနဲ့ ကျင့်ဝတ်စည်းကမ်းတွေကို လိုက်နာမယ်ဆိုရင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အနေနဲ့ အပြည့်အဝ ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမှာပါ။ ရွေးကောက်ပွဲနီးရင်လည်း



ဦးသန်းဝင်း
မိတ္ထီလာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ

အဲဒီအတွက် ကျင့်ဝတ်စည်းကမ်းတွေ ထပ်မံကြေညာပေးမှာပါ။

**မေး။ ။ မဲဆန္ဒရှင်တွေကို ပညာပေးလုပ်ငန်းတွေအနေနဲ့ ဘာတွေဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ။ မဲဆန္ဒရှင် ပြည်သူတွေကို ပညာပေးလုပ်ငန်းအနေနဲ့ မဲစာရင်းတွေကြည့်ဖို့လည်း ဗီနိုင်းပိုစတာနဲ့ ရပ်ကွက်၊ ကျေးရွာအနှံ့ ကြေညာပေးထားသလို ကျေးရွာတွေမှာလည်း အပတ်စဉ် အသံချဲ့စက်တွေနဲ့ နှိုးဆော်ပါတယ်။ ပြီးတော့ မဲစာရင်းပြင်ဆင်တာမျိုးတွေလည်း လာရောက်ဆောင်ရွက်နိုင်ကြောင်းကို ရပ်/ကျေးကော်မရှင်တွေက တစ်ဆင့် အသိပညာပေးတာမျိုးတွေ ဆောင်ရွက်ပါတယ်။ ရွေးကောက်ပွဲကျင်းပခါနီးရင်လည်း မဲပေးပုံ မဲပေးနည်းကိုလည်း အသိပညာပေးဆောင်ရွက်သွားမှာပါ။

**မေး။ ။ မဲရုံဝန်ထမ်းတွေကိုလည်း အသိပညာပေး သင်တန်းတွေ ပြုလုပ်ပေးသွားဖို့ ရှိပါသလား။**

ဖြေ။ ။ မဲရုံမှူး၊ ဒုမဲရုံမှူးနဲ့ မဲရုံလုံခြုံရေးစတဲ့ မဲရုံဝန်ထမ်းတွေကို လာမယ့် စက်တင်ဘာလ ၉ ရက်နေ့ကနေ စက်တင်ဘာလ ၁၀ ရက်နေ့အထိ အသိပညာပေးသင်တန်း ဖွင့်လှစ်ပို့ချသွားမှာဖြစ်ပါတယ်။

**မေး။ ။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအနေနဲ့ ဖြည့်စွက်ပြောချင်တာများရှိရင် ပြောပေးပါဦး။**

ဖြေ။ ။ မဲစာရင်းတွေကို တတ်နိုင်သမျှ ရွေးကောက်ပွဲကျင်းပတဲ့အချိန်မှာ မှန်မှန်ကန်ကန်ဖြစ်အောင် မြို့နယ်ကော်မရှင်နဲ့ ရပ်/ကျေးကော်မရှင်အဆင့်ဆင့် သေသေချာချာ ပြုစုဆောင်ရွက်နေပြီး နိုင်ငံရေးပါတီတွေကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့အတွက် အမှန်တကယ် ရွေးကောက်ပွဲကျင်းပတဲ့အချိန် လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲတစ်ခုကျင်းပဖို့ မှန်ကန်ပြည့်စုံတဲ့ မဲစာရင်း တစ်ခုရလာမယ်လို့ယုံကြည်ပါတယ်။

# ခွေးရူးရောဂါနှင့် ခွေးလေခွေးလွင့် ပေါက်ပွားမှုထိန်းချုပ်ရေး ရန်ကုန်မြို့၌ မကြာမီစတင်မည်

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ ခုတွင် ခွေးလေခွေးလွင့် ပေါက်ပွားမှုထိန်းချုပ်ရေးအစီအစဉ် မကြာမီ စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း Myanmar Alliance For Rabies Control (MARC) အဖွဲ့မှ သိရသည်။

MARC အဖွဲ့အနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ခွေးလေခွေးလင့် ပေါက်ပွားမှုနှုန်းလျှော့ချခြင်းနှင့် အများပြည်သူအား ခွေးနှင့်သက်ဆိုင်သော ရောဂါအန္တရာယ်များ လျော့နည်းလာစေရန်နှင့် ခွေးရူးပြန်ရောဂါအပါအဝင် တိရစ္ဆာန်များမှတစ်ဆင့် လူကိုကူးစက်စေသော ရောဂါများဖြစ်ပွားမှုကိုလည်း လျှော့ချနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်သည်။

"ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်း လုပ်ဆောင်သွားမှာပါ။ အဲဒီလို မလုပ်ခင်မှာ ပြည်သူတွေဆီက အကူအညီရအောင် ပွင့်ပွင့်လင်းလင်းချပြမယ်။ သူတို့ပါဝင်လာတော့မှ ခွေးကောင်ရေ စစ်တမ်းကောက်မယ်။ ခွေးကောင်ရေ အရမ်းများတဲ့နေရာဆိုရင်လည်း ပတ်ဝန်းကျင်မှာ ခွေးကောင်ရေ ဘာကြောင့် တိုးလာတာလဲ၊ ခွေးတွေမှာ တခြားရောဂါတွေရှိသေးလား၊ စတာတွေ အရင်လေ့လာမယ်။ ပထမ ခြောက်လအတွင်းမှာ မြို့နယ်တွေမှာ ပန်းဖလက်၊ ဗီနိုင်းနဲ့ အခြားသော အသိပညာပေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု MARC အဖွဲ့မှ မစိုးသန္တာထက်က ပြောသည်။

ခွေးလေခွေးလွင့် ပေါက်ပွားမှုထိန်းချုပ်ရေးစီမံကိန်းကို နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များ၊ မြန်မာနိုင်ငံမှ တိရစ္ဆာန်ကုဆရာဝန်များက ခွေးလေခွေးလွင့်များနှင့် ဆက်စပ်နေသော ပြဿနာရပ်များကို နိုင်ငံတကာတွင် ဆောင်ရွက်နေသော အကောင်းဆုံးသော နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်သည်။

အဓိကအားဖြင့် တိရစ္ဆာန်များမှ လူကိုကူးစက်စေသော ရောဂါများမှ ကြိုတင်ကာကွယ်မှုကို အားစိုက်လုပ်ဆောင်သွားမည်ဖြစ်ပြီး ခွေးလေခွေးလွင့်များကို ကာကွယ်ဆေးထိုးပေးခြင်းနှင့် ခွေးလေခွေးလွင့်ပေါက်ပွားမှုနှုန်းကို လျှော့ချခြင်းနည်းစနစ်များဖြင့် အစိုးရဌာနဆိုင်ရာများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တိရစ္ဆာန်ဆရာဝန်များ၊ အခြားသော ကျွမ်းကျင်သူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ခွေးတွေကို သင်းကွပ်တာရယ်၊ သားဆက်ခြားတာတွေကို အဓိကလုပ်ဆောင်မှာပါ။ ခွေးတွေကို အဆိပ်ကျွေးတာ အင်မတန်ရက်စက်တယ်လို့လည်း ထင်မိတယ်။ ဒါ့ကြောင့် ဒီနည်းလမ်းကို မသုံးတော့ဘဲ လူတွေကိုလည်း မထိခိုက်အောင်၊ ခွေးမျိုးပွားမှုကိုလည်း ထိန်းချုပ်နိုင်အောင် အခုလိုဆောင်ရွက်တာပါ။ ခွေးထီးတွေက သင်းပြီးရင် အင်မတန်ငြိမ်သွားတယ်။ လူတွေကို ကိုက်တာ မရှိတော့ဘူး။ အီရန်နိုင်ငံမှာတုန်းကလည်း ဒီလိုလုပ်ခဲ့တာ ခြောက်လအတွင်းမှာ ၂၅ ရာခိုင်နှုန်းလောက် အောင်မြင်ခဲ့ပါတယ်"ဟု MARC မှ သုတေသနနှင့် နည်းပညာအကြံပေး Dr. Edward E. ကပြောသည်။


အဆိုပါ စီမံကိန်းသည် သုံးနှစ်တာကြာမြင့်မည်ဖြစ်ပြီး ဆောင်ရွက်နေစဉ်ကာလအတွင်း ပိုင်ရှင်ရှိသော ခွေးများနှင့် ခွေးလေခွေးလွင့်များအား ကြင်နာသောနည်းဖြင့် ထိန်းချုပ်ခြင်း၊ အခမဲ့ သင်းကွပ်ပေးခြင်း၊ သားကြောဖြတ်ပေးခြင်း၊ ခွေးရူးပြန်ကာကွယ်ဆေးထိုးပေးခြင်း၊ ခွေးရူးရောဂါရှိသောခွေးကို ညင်သာသောသောနည်းဖြင့် ဆေးထိုးသုတ်သင်ခြင်းပြုလုပ်သွားမည်ဖြစ်သည့်အတွက် ခွေးရူးပြန်ရောဂါကို ကန့်သတ်ထိန်းချုပ်နိုင်ပြီး ခွေးကောင်ရေပေါက်ပွားမှုကို ၃၀ ရာခိုင်နှုန်း လျှော့ချနိုင်မည်ဟု MARC အဖွဲ့မှ မျှော်မှန်းထားကြောင်း သိရသည်။

ထို့ပြင် MARC အဖွဲ့မှ လိုအပ်သော ခေတ်မီပစ္စည်းကိရိယာများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွေးလေခွေးလွင့် ဖမ်းဆီးရေးအဖွဲ့နှင့်အတူ ခွေးလေခွေးလွင့်များကို ဖမ်းဆီးကောက်ခံပြီး မှတ်ပုံတင်ခြင်းနှင့် temporary sheklter သို့ ပို့ဆောင်မှုကိစ္စရပ်များတွင် အတူပူးတွဲလုပ်ဆောင်သွားမည်ဖြစ်သည်။

"လေလွင့်ခွေးတွေက ရန်ကုန်မှာ အရမ်းများလာတယ်။ ဟောင်လို့ ခဲနဲ့ထုရင် ပိုင်ရှင်ရှိတယ်။ ကိုက်ရင်ပိုင်ရှင်ကမပေါ်တော့ဘူး။ အခုလို စနစ်တကျလုပ်မယ်ဆိုရင် ကောင်းပါတယ်။ တကယ်တော့ခွေးမွေးမယ်ဆို မှတ်ပုံတင်ပြီး မွေးသင့်တယ်"ဟု စံပြဈေးအနီးနေထိုင်သူ မအေးသွယ်က ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ ၂၀၁၄ ခုနှစ်တွင် ခွေးရူးပြန်ရောဂါကြောင့် နိုင်ငံတစ်ဝန်းသေဆုံးသူ ၁၇၆ ဦးရှိခဲ့ကာ ယခုနှစ်အတွင်းတွင်လည်း နှစ်ဦး ထပ်မံသေဆုံးခဲ့ကြောင်းသိရပြီး ရန်ကုန်မြို့တွင် ၂၀၁၄ အထိ ခွေးကောင်ရေ ခန့်မှန်းခြေပေါင်း သုံးသောင်းကျော်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

သီသီမင်း



# အော့စ်ဘတ်နောက်ခံလူ ရာမန်း ချယ်လ်ဆီးသို့ပြောင်းရန် သဘောတူညီ

ပရီမီယာလိဂ်လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းသည် ဘွန်ဒက်စ်လီဂါကလပ် အော့စ်ဘတ်အသင်းမှ နောက်တန်းကစားသမား ဘာဘာရာမန်းအား စာချုပ်ချုပ်ဆိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ဘရာဇီးကြယ်ပွင့် ဖီးလစ်ပီလူးဝစ်အား ယခုနွေရာသီအပြောင်းအရွှေ့အစပိုင်းက အသင်းဟောင်းအက်သလက်တီကိုမက်ဒရစ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ကစားစေခဲ့ပြီးနောက် အသင်း၏လိုအပ်လျက်ရှိသည့် ဘယ်နောက်ခံကစားသမားတစ်ဦးကို ခေါ်ယူရန်စီစဉ်ထားခဲ့သည်။

ထို့ကြောင့် ချယ်လ်ဆီးအသင်းသည် အော့စ်ဘတ်နောက်ခံလူ ရာမန်းအား စတမ်းဖို့ဒ်ဘရစ်ချ်အရောက် ခေါ်ယူရန်ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။ နောက်တန်းကစားသမား ရာမန်းက ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားရန်သဘောတူညီမှုရရှိခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းမှာ ကမ္ဘာ့အကောင်းဆုံးအသင်းများအနက် တစ်သင်းအပါအဝင် ဖြစ်ခြင်းကြောင့် ပြောင်းရွှေ့ကစားရသည်ကို ပျော်ရွှင်မိကြောင်း ပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၂)တွင် မန်စီးတီးအသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရပြီး အဆိုပါရှုံးနိမ့်မှုမှာ နောက်တန်းခံစစ်ပိုင်းအားနည်းချက်ရှိခြင်းကြောင့်ဖြစ်ကြောင်း ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုက မှတ်ချက်ပြုပြောကြားခဲ့သည့်အပြင် အော့စ်ဘတ်နောက်တန်းကစားသမား ရာမန်းမှာ နောက်ခံလူ အက်ပလီကူတာ နှင့် တွဲဖက်ကစားနိုင်မည်ဖြစ်သောကြောင့် အရေးပါသည့်ကစားသမားတစ်ဦးဖြစ်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

**ငွေကြယ်**

# ဘင်ဇီမာကို အာဆင်နယ်ဘာကြောင့် လိုအပ်နေတာလဲ



အာဆင်နယ်သည်ပရီမီယာလိဂ်ပွဲစဉ်(၁)တွင် ဝက်စ်ဟမ်းအသင်းအားရှုံးနိမ့်ခဲ့ရာ အာဆင်နယ်၏တိုက်စစ်တွင် ဂီရော့ဒ်နှင့် ဝဲလ်ကော့တို့နှစ်ဦးတည်းဖြင့် မလုံလောက်သည်ကို သက်သေပြသရာရောက်စေသည်။ ယင်းရလဒ်က အာဆင်နယ်အနေဖြင့်ရီးယဲလ်တိုက်စစ်မှူးကာရင်ဘင်ဇီမာအား ယခုနှစ်နွေစျေးကွက်မှာပင် အမ်းမရိတ်စ်ကွင်းဆီသို့ အဘယ်ကြောင့်အရောက်ခေါ်ယူချင်နေသည်ဆိုသည့်အချက်အား ပိုမိုထင်ဟပ်ပေါ်လွင်စေခဲ့သည်။

နည်းပြ အာစင်ဝင်းဂါးသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ၎င်းအလိုအရှိဆုံးကစားသမားစာရင်းကို အာဆင်နယ်ဘုတ်အဖွဲ့သို့ပေးပို့ထားပြီးဖြစ်ရာ ဘင်ဇီမာမှာ ထိုစာရင်း၏ထိပ်ဆုံး၌နေရာယူထားသည့်ကစားသမားလည်းဖြစ်သည်။ အာဆင်နယ်ဘက်မှ ဘင်ဇီမာအတွက်ပြောင်းရွှေ့ကြေးပေါင် ၄၆သန်းဖြင့် ကနဦးကမ်းလှမ်းမှုပြုခဲ့သော်လည်း အဆိုပါတိုက်စစ်မှူးမှာ ရောင်းချမည့်ကစားသမားမဟုတ်ဟု ရီးယဲလ်ဘက်မှ ချက်ချင်းတုံ့ပြန်ခဲ့သည်။

ဘင်ဇီမာကိုယ်တိုင်ကလည်း ရီးယဲလ်၌ ပျော်ရွှင်နေသည်ဟု ဆိုခဲ့သော်လည်း အာဆင်နယ်၏ ကြိုးပမ်းမှုမှာ ရပ်တန့်မသွားခြင်းမရှိဘဲ အပြောင်းအရွှေ့စျေးကွက်မပိတ်သိမ်းမီ ပိုမိုအရှိန်မြင့်လုပ်ဆောင်လာသည်ကိုတွေ့ရသည်။

ဘင်ဇီမာသည် ဘယ်ခြေမှဂိုးသွင်းယူနိုင်မှုနည်းပါးသော်လည်း ဘယ်၊ညာခြေနှစ်ဖက်စလုံးကောင်းကောင်းအသုံးချနိုင်သည့်ကစားသမားဖြစ်သလို ခေါင်းတိုက်ဂိုးများသွင်းယူရာတွင်လည်းသေသပ်ကောင်းမွန်သူဖြစ်သည်။ ထို့ပြင် ပင်နယ်တီဧရိယာအတွင်းအဆုံးသတ်အကောင်းမွန်ဆုံးလှုပ်ရှားနိုင်ကာ ရှေ့၊ နောက်အထိပါအတက်အဆင်းပြုချိတ်ဆက်၍ ပြိုင်ဘက်နောက်တန်းကစားသမားများအား ဗျူဟာမြောက်လှည့်စားနိုင်သည့် ကစားသမားမျိုးလည်းဖြစ်သည်။

ထို့ကြောင့် အာဆင်နယ်ကွင်းလယ်ကစားသမား ကာဇိုလာကပင် ဘင်ဇီမာ၏ကစားဟန်မှာ မည်သည့်လိဂ်အမျိုးအစားနှင့်မဆိုကိုက်ညီသူဖြစ်သည်ဟု မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်သူရဲကောင်းသီယာရီအွန်နရီက အာဆင်နယ်အနေဖြင့် ရီးယဲလ်တိုက်စစ်မှူးကာရင်ဘင်ဇီမာကိုသာအရခေါ်ယူနိုင်ခဲ့ပါက ပရီမီယာလိဂ်ချန်ပီယံအဖြစ်တစ်ကျော့ပြန်အောင်ပွဲခံနိုင်လိမ့်မည်ဟု ဆိုခဲ့သည်။ဘင်ဇီမာသည် အခြားတိုက်စစ်မှူးများနှင့်မတူညီသည့် စွမ်းရည်ရှိသော ကစားသမားမျိုးဖြစ်သည့်အတွက် ထိုကဲ့သို့သော အစွမ်းအစရှိသူကသာ ပြိုင်ဆိုင်မှုမြင့်မားသည့် ပရီမီယာလိဂ်နှင့် ချန်ပီယံလိဂ်ဖလားတို့ကို ရရှိအောင်ဆောင်ကြဉ်းပေးနိုင်မည်ဟု အွန်နရီက ထောက်ခံထားသည်။

ဝဲလ်ကော့နှင့် ဂီရော့ဒ်တို့နှစ်ဦးလုံးပေါင်းစပ်မှုရရှိသော အရည်အသွေးမျိုးကို ဘင်ဇီမာတစ်ဦးတည်းဝင်ရောက်ကစားနိုင်ရုံဖြင့် ရရှိနိုင်မည်ဖြစ်ပြီး ဆန်းချက်ဇ်နှင့် ရမ်ဆေးတို့၏တောင်ပံတိုးအားပါထပ်မံဖြည်းဆည်းပေးနိုင်လျှင် အာဆင်နယ်၏တိုက်စစ်သည်ပြီးပြည့်စုံသည့် တိုက်စစ်ဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် နည်းပြဝင်းဂါးအနေဖြင့် အွန်နရီနှင့်ဗန်ပါစီတို့မရှိတော့သည့်နောက်ပိုင်း အဆုံးသတ်ကောင်းမွန်သော တိုက်စစ်ကစားသမားပြတ်လပ်နေသည့် အာဆင်နယ်၏တိုက်စစ်နေရာ၌ ဘင်ဇီမာကဲ့သို့ ထိပ်တန်းတိုက်စစ်မှူးမျိုးကို ထပ်မံဖြည့်တင်းရန်မှတစ်ပါး အခြားရွေးချယ်စရာမရှိခြင်းဖြစ်သည်။

ထို့ပြင် အာဆင်နယ်က ဘင်ဇီမာအား တစ်ပတ်လုပ်ခပေါင် ၂၅၀၀၀၀ ပြောင်းရွှေ့ကြေးပေါင် ၄၅သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီးဖြစ်သည်ဟု ဒေးလီးစတားသတင်းစာကဖော်ပြခဲ့သည်။

**ရှိုင်ယန်ဟေဒင်**

## အားကစားလောက သတင်းတိုများ

- ➢ အာဆင်နယ်အသင်းသည် ပီအက်စ်ဂျီတိုက်စစ်မှူးကာဗာနီအားပြောင်းရွှေ့ကြေးပေါင် ၃၅ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန် ချိတ်ဆက်ကမ်းလှမ်းမှုများပြုလုပ်နေသည်။
- ➢ အင်တာမီလန်ကွင်းလယ်လူ မာတီယိုကိုဗာစစ်အား ပြောင်းရွှေ့ကြေး ပေါင် ၁၇ ဒသမ ၇ သန်းဖြင့် လီဗာပူးအသင်းဘက်မှ ကနဦးကမ်းလှမ်းမှုပြုခဲ့ရာ ပယ်ချခံရပြီး နောက်ပိုင်း ပေါင် ၂၁ ဒသမ ၃ သန်းဖြင့် ထပ်မံကမ်းလှမ်းမှုပြုခဲ့သည်။
- ➢ အဲဗာတန်အသင်းသည် ဒိုင်နမိုကိဗ်အသင်းမှ ယာမိုလန်ကိုအားခေါ်ယူရန် ကြိုးပမ်းနေသည်။
- ➢ လီဗာပူးနည်းပြ ဘရန်ဒန်ရော်ဂျာသည် တိုက်စစ်မှူးဘာလော့တယ်လီအားအသင်းမှ ပြောင်းရွှေ့ရန်ပြောကြားခဲ့သည်။
- ➢ အော့စ်ဘတ်အသင်းသည် ဘာစီလိုနာအသင်းနောက်ခံလူ ဂျာရတ်ပီကေးအား ခေါ်ယူရန်စိတ်ဝင်စားနေသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- ➢ ဗြိတိန်နံပါတ်(၁) အင်ဒီမာရေးက ကမ္ဘာ့အဆင့်(၁) နိုဗက်ဂျိုကိုဗစ်ချ်အား ၆-၄၊ ၄-၆၊ ၆-၃ဖြင့်အနိုင်ယူကာ ရိုဂျာဖလားအား ဆွတ်ခူးရရှိခဲ့သည်။
- ➢ ရီးယဲလ်အသင်းခေါင်းဆောင် ရာမို့စ်သည် မိခင်ကလပ်အသင်းနှင့် ၂၀၂၀သက်တမ်းရှိ စာချုပ်အား ထပ်မံတိုးမြင့်ချုပ်ဆိုခဲ့သည်။
- ➢ မန်ယူဂိုးသမား ဒီဂီယာက ရီးယဲလ်ဂိုးသမားဖြစ်လာလျှင်ပျော်ရွှင်ဝမ်းမြောက်မိမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ➢ ဩစတြေးလျဂေါက်ရိုက်ကစားသမား ဂျာဆန်ဒေးသည် အမေရိကန်ပီဂျီအေဖလားကို သတ်မှတ်ရိုက်ချက်ထက် အချက်၂၀လျော့ရိုက်ကာ ပထမဆုံးအခိက ဖလားကိုဆွတ်ခူးနိုင်ခဲ့သည်။




ဩဂုတ် ၁၆ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်စီးတီးနဲ့ ချယ်လ်ဆီးတို့ရဲ့ပွဲစဉ်မှာ အိမ်ရှင်မန်စီးတီးအသင်းက ချယ်လ်ဆီးကို သုံးဂိုးပြတ်နဲ့အနိုင်ယူပြီး ချန်ပီယံခြေစွမ်းပြသခဲ့နိုင်ခဲ့ပါတယ်။ ဒီပွဲစဉ်မှာ မန်စီးတီးတိုက်စစ်မှူးအဂူရိုက ပွဲချိန် ၃၁မိနစ်မှာ အဖွင့်ဂိုးသွင်းခဲ့ပြီးနောက်ပိုင်း မန်စီးတီးကပဲပွဲကိုလွှမ်းမိုးထားခဲ့ပါတယ်။ ချယ်လ်ဆီးအသင်းဟာ ဘောလုံးပိုင်ဆိုင်မှုအသာစီးရရှိခဲ့ပေမယ့် ကော်စတာဂိုးပေါက်ပျောက်နေသလို လူစားဝင်ကစားခဲ့တဲ့ ဖယ်လ်ကာအိုကလည်း ခြေစွမ်းမပြနိုင်ခဲ့တာကြောင့် ချေပဂိုးတစ်ဂိုးမှတောင်မသွင်းနိုင်ဘဲ ယခုလိုဂိုးပြတ်နဲ့အရေးနိမ့်ခဲ့တာဖြစ်ပါတယ်။

ပွဲချိန်၇၉မိနစ်နဲ့ ၈၅မိနစ်တို့မှာ ကွန်ပနီနဲ့ ဖာနန်ဒင်ညိုတို့နှစ်ဦးဟာ မန်စီးတီးအတွက် သေချာပေါက်အနိုင်ဂိုးနှစ်ဂိုးကိုထပ်မံသွင်းယူနိုင်ခဲ့တာကြောင့် မန်စီးတီးဟာပရီမီယာလိဂ်အမှတ်ပေးဇယားကို ရမှတ်ခြောက်မှတ်နဲ့ ဦးဆောင်နေခဲ့ပါ တယ်။ မော်ရင်ဟိုဟာ ချယ်လ်ဆီးဆေးအဖွဲ့ဝင်တွေနဲ့ပြဿနာတက်ခဲ့ပြီးနောက် ယခုပွဲမှာလည်းဂိုးပြတ်နဲ့အရေးနိမ့်ခဲ့တာကြောင့် တကယ့်ကိုအခက်ကြုံတဲ့ရက်သတ္တပတ်ပဲဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် မော်ရင်ဟိုက ဂျွန်တယ်ရီကို ဒုတိယပိုင်းမှာ ဇူးမားနဲ့ လူစားလဲခဲ့တဲ့ ဆုံးဖြတ်ချက်အပေါ် ကာကွယ်မှုပြုခဲ့ပြီး ယခုပွဲရလဒ်ဟာ အတုအယောင်သာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

ဒါပေမယ့်သေချာတာတစ်ခုကတော့ ချယ်လ်ဆီးဟာ ဒီနှစ်ဘောလုံးရာသီမှာ မနှစ်ကခြေစွမ်းမျိုးမရှိတော့ဘဲ ကွင်းလယ်ကစားကွက်ဆက်လက်အားကောင်းနေပေမယ့် တိုက်စစ်ကဂိုးသွင်းနိုင်မှုမရှိတဲ့အတွက် နှစ်ပွဲပေါင်းရမှတ်တစ်မှတ်သာရရှိပြီး အမှတ်ပေးဇယား၁၆နေရာမှာသာရပ်တည်ခဲ့ပါတယ်။

မန်စီးတီးအသင်းရဲ့ ယခုနိုင်ပွဲမှာအဓိကကျခဲ့တာက အဂူရိုနဲ့ ဆေးလ်ဗားတို့နှစ်ဦးဖြစ်ခဲ့ပြီး စတာလင်ကလည်း ခြေစွမ်းပြနိုင်ခဲ့တာကြောင့် မန်စီးတီးအနေနဲ့ ယခုလိုနှစ်ပွဲဆက်တိုက် ဂိုးပြတ်နိုင်ပွဲတွေရရှိနေခဲ့တာပဲဖြစ်ပါတယ်။ ချယ်လ်ဆီးဟာ ယခုပွဲမှာ နည်းဗျူဟာပိုင်းမှာအမှားအယွင်းမရှိသလို အကောင်းဆုံးလူစာရင်းနဲ့ ပွဲထွက်လာခဲ့ပေမယ့် မန်စီးတီးအသင်းက ကောင်းလွန်းတာကြောင့် ယခုလိုဂိုးပြတ်အနိုင်ရလဒ်နဲ့ မဟာပြိုင်ဘက်အသင်းကို အနိုင်ယူနိုင်ခဲ့တာဖြစ်ပါတယ်။

**မေလှဲ့သင်း**

# ဗလင်စီယာနောက်ခံလူ အော့တမန်ဒီအား ပေါင် ၂၅ သန်းဖြင့် ခေါ်ယူရန် မန်စီးတီးနီးစပ်မှုရှိနေ

မန်စီးတီးအသင်းသည် စပိန်လာလီဂါကလပ် ဗလင်စီယာအသင်းမှ ဗဟိုနောက်တန်းကစားသမား အော့တမန်ဒီအား ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူရန် နီးစပ်မှုရှိနေပြီဖြစ်ကြောင်းသိရသည်။

မန်စီးတီးအသင်းသို့ အော့တမန်ဒီပြောင်းရွှေ့ကစားရန်နီးစပ်မှုရှိနေပြီဖြစ်သော်လည်း ဗလင်စီယာအသင်းသည်နီဂရီဒို၏ အပြောင်းအရွှေ့နှင့်စပ်လျဉ်း၍ အကြွေးကျန်ရှိနေသေးခြင်းကြောင့် အော့တမန်ဒီ၏ စျေးနှုန်းကို လျှော့ချရန်ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်းလည်း သိရသည်။

အာဂျင်တီးနားအသင်းသည် ယခုနွေရာသီတွင် ကိုပါအမေရိကဖလားပြိုင်ပွဲ၌ နောက်ဆုံးဗိုလ်လုပွဲသို့ရောက်ရှိခဲ့ခြင်းကြောင့် အသက်(၂၇)နှစ်အရွယ်ရှိ အော့တမန်ဒီအား ခေါ်ယူရန်စိတ်ဝင်စားသည့်အသင်းအတော်များများရှိခဲ့ပြီး မန်ယူအသင်းကလည်း ခေါ်ယူရန်စိတ်ဝင်စားခဲ့သည်။

နောက်တန်းကစားသမား အော့တမန်ဒီသည် ဗလင်စီယာအသင်းအတွက် အဓိကအားထားရသည့်ကစားသမားတစ်ဦးဖြစ်ခဲ့သော်လည်း ဗလင်စီယာအသင်းမှာ ဘဏ္ဍာရေးပြဿနာအခက်အခဲရင်ဆိုင်နေရခြင်းကြောင့် အော့တမန်ဒီအား မန်စီးတီးအသင်းသို့ ရောင်းချရန် သဘောတူခဲ့ခြင်းဖြစ်သည်။

**အလင်းသစ်**

# ကျောက်စိမ်းဆွဲပြားခိုးယူသွားသူ တရုတ်နိုင်ငံသားနှစ်ဦးအား နှစ်နာရီအတွင်း ဖမ်းဆီးရမိ

**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းဈေး ဗဟိုရုံရှိ ကျောက်မျက်ရောင်းဝယ်ရေးဆိုင်သို့ ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီ မိနစ် ၅၀ ခန့်တွင် တရုတ်နိုင်ငံသားအမျိုးသားနှစ်ဦး ရောက်ရှိလာပြီး ကျောက်မျက်ရတနာများ ဝယ်ယူလိုကြောင်းပြောသဖြင့် ဆိုင်ဝန်ထမ်းများက ကျောက်မျက်ရတနာပစ္စည်းများ ထုတ်ပြခဲ့သည်။ ၎င်းတို့သည် မည်သည့်ပစ္စည်းမျှ ဝယ်ယူခြင်းမရှိဘဲ ပြန်လည်ထွက်ခွာသွားစဉ် မသင်္ကာ၍ ပြသခဲ့သည့် ကျောက်မျက်ရတနာများအား စစ်ဆေးကြည့်ရာ ငွေကျပ် ၁၅ သိန်းခန့် တန်ဖိုးရှိ ကျောက်စိမ်းဆွဲပြားတစ်ခု ပျောက်ဆုံးနေသည်ကိုတွေ့ရသောကြောင့် တိုင်တန်းခဲ့ရာ ပန်းဘဲတန်း မြို့မရဲစခန်းက အမှုဖွင့် စုံစမ်းဖော်ထုတ်ခဲ့သည်။

အမှုမှ တရုတ်အမျိုးသားနှစ်ဦးအား ဖမ်းဆီးရမိရေးအတွက် ပန်းဘဲတန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မင်္ဂလာဒုံလေဆိပ်ရှိ အမှတ်(၁) လေကြောင်း ရဲတပ်ဖွဲ့ခွဲ (ရန်ကုန်)မှ တပ်ဖွဲ့ဝင်များနှင့် လေဆိပ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စုံစမ်းရှာဖွေခဲ့ရာ ၎င်းတို့ နှစ်ဦးကို ယင်းနေ့ မွန်းတည့် ၁၂ နာရီခန့် (မှုခင်းဖြစ်ပွားပြီး နှစ်နာရီအတွင်း)တွင် မင်္ဂလာဒုံလေဆိပ် ပြည်ပထွက်ခွာ စစ်ဆေးရေးဂိတ်၌ တွေ့ရှိခဲ့သည်။

၎င်းတို့အား စစ်ဆေးရှာဖွေရာ တရုတ်နိုင်ငံ ဟူနန်ပြည်နယ်နေ Mr.Liu



Jian Yue (၄၇)နှစ်နှင့် Mr.Yang Jian Zhang (၅၁)နှစ်တို့ဖြစ်ကြောင်း၊ Mr.Liu Jain Yue ၏ လည်ပင်း၌ ပျောက်ဆုံးသွားသည့် ကျောက်စိမ်းဆွဲပြားအား ဝတ်ဆင်လျက်တွေ့ရှိခဲ့သည်။ ထို့ကြောင့် ပြစ်မှုကျူးလွန်သူ တရုတ်နိုင်ငံသားနှစ်ဦးအား ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိသည်။ **(ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့)**



# လားရှိုးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၊ ဘိန်းဖြူ သုည ဒသမ ၁၅၄ ကီလိုနှင့်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရွှေလီစစ်ဆင်ရေး (၂) စီမံချက်ကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၇ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးနှင့် မူးယစ်တပ်ဖွဲ့စု (၁၀၂) နေပြည်တော်မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် လားရှိုး-မန္တလေးသွားကားလမ်း ခေးနင်းအေးရှားဝေါလ် တိုးဂိတ်အနီးတွင် ကွတ်ခိုင်မှ မန္တလေးသို့ ရန်ယုံတာ မောင်းနှင်လာသည့် ယာဉ်အမှတ် ၇ခ/---- မစ်ဆူဘီရှိ ပါဂျဲရိုး မော်တော်ယာဉ်ကို ရှာဖွေရာ ယာဉ်၏ ယာဘက် နောက်တံခါးအတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၁၁ ခွက် (အလေးချိန် သုည ဒသမ ၁၅၄ ကီလို)၊ ဝဲဘက် နောက်တံခါးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၊ ယာဉ်၏ ရှေ့ခန်းဝဲဘက်ထိုင်ခုံအောက်မှ M-22 ကျည် ၉၆တောင့်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ရန်ယုံတာ (၃၅) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်းသိရသည်။ **(ကြေးမုံ)**

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Pre Installation Survey လုပ်ငန်းများကို MV.FUGRO EQUINOX ဖြင့် ဩဂုတ် ၂၀ ရက်မှ စက်တင်ဘာ ၁၇ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ Pre Installation Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် တည်နေရာများမှာ location WP4 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၁ မိနစ် ၃၄ ဒသမ ၀၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၉ မိနစ် ၂၁ ဒသမ ၁၅၅ စက္ကန့်၊ location WP5 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၄ မိနစ် ၃၁ ဒသမ ၇၅၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၀၂ ဒသမ ၄၆၃ စက္ကန့်၊ location WP6 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ် ၂၈ ဒသမ ၆၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၂၄ ဒသမ ၇၀၇ စက္ကန့်နှင့် location WP7 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ် ၃၇ ဒသမ ၉၁၅ စက္ကန့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၄ မိနစ် ၄၈ ဒသမ ၀၃၇ စက္ကန့်တို့တွင်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Pre Installation Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV.FUGRO EQUINOX ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။ **ငါးလုပ်ငန်းဦးစီးဌာန**

# ဘီယာများနှင့် Sprite အချိုရည်များအား သာဓုကန်စက်မှုဇုန်အနီး ဖျက်ဆီး

**ရန်ကုန် ဩဂုတ် ၁၇**

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် ကုန်သွယ်မှုလမ်းကြောင်းများ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ ကမ်းရိုးတန်းဆိပ်ကမ်းများ၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် နှစ်နိုင်ငံနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများအနီး ပတ်ဝန်းကျင်တွင် Mobile Team အဖွဲ့များဖြင့် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးအတွက် တရားမဝင်ပစ္စည်းများ၊ စားသောက်ကုန်များအား စိစစ်တားဆီးဆောင်ရွက်လျက်ရှိရာ စစ်ဆေးတွေ့ရှိမှုများအပေါ် ပို့ကုန်/သွင်းကုန်ဥပဒေနှင့် ပင်လယ်ရေကြောင်းအကောက်ခွန်ဥပဒေများအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာ၌ သက်သေခံပစ္စည်းများဖြစ်သော သက်တမ်းလွန်ဘီယာနှင့် Sprite အချိုရည် ၄၄၅၉၂ ပုလင်း (စုစုပေါင်း တန်ဖိုး ငွေကျပ် ၃၃၈ သိန်းခန့်)အား ဩဂုတ် ၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ရွှေပြည်သာမြို့နယ် အမှတ်(၄)ရပ်ကွက် သာဓုကန်စက်မှုဇုန်အနီး ဒေါနလမ်းသွယ်(၃) ကွန်ကရစ်လမ်းမပေါ်တွင် Mobile Team ဌာနဆိုင်ရာအဖွဲ့စုံမှ ရွှေပြည်သာမြို့နယ် စည်ပင်သာယာရေးဦးစီးဌာနပိုင် လမ်းကြိတ်စက်ဖြင့် နင်းကြိတ်ဖျက်ဆီးခဲ့ပြီး ဖျက်ဆီးခဲ့သော အမှိုက်များအား အမှိုက်သိမ်းယာဉ်တစ်စီးဖြင့် လှော်ကားအမှိုက်ပုံသို့ သယ်ယူစွန့်ပစ်သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်မြင့်အေး (မြန်/ဆက်)**



# မူဆယ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၈၅ ပြားနှင့် ဘိန်းဖြူဘလောက်တုံး ၄၃ တုံး သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရွှေလီစစ်ဆင်ရေး (၂) စီမံချက်ကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက်က မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်၊ မူးယစ်တပ်ဖွဲ့စု (၁၀၂) နေပြည်တော်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ စွမ်စော်ရပ်ကွက် ခိုဝိန်းရပ်နေ မဖန်းချိုးလင့်၏ နေအိမ်ကို ရှာဖွေရာ နေအိမ်ခန်းရှိ စပါးအိတ်များအကြား သိုဝှက်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၈၅ ပြားနှင့် ခုတင်အောက်ရှိ ကားဆီတိုင်ကီအတွင်းမှ တစ်တုံးလျှင် အလေးချိန် သုည ဒသမ ၃၅ ကီလိုစီရှိ ddd တံဆိပ်ပါ ဘိန်းဖြူဘလောက်တုံး ၂၁ တုံး၊ တရုတ်စာတန်းပါ ဘိန်းဖြူဘလောက်တုံး ၂၁ တုံး၊ သစ်ရွက်ပုံတံဆိပ်ပါ ဘိန်းဖြူဘလောက်တုံး တစ်တုံး စုစုပေါင်း ဘိန်းဖြူ ဘလောက်တုံး ၄၃ တုံး (ဘိန်းဖြူ အလေးချိန် ၁၅ ဒသမ ၀၅ ကီလို) စုစုပေါင်းတန်ဖိုး ကျပ်သိန်း ၃၀၁၀ တို့ကို သိမ်းဆည်းရမိသဖြင့် မဖန်းချိုးလင့် (၂၂)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

**ရန်ကုန်စတော့အိပ်ချိန်းတွင် မှတ်ပုံတင်၍ အစုရှယ်ယာရောင်းချခွင့်ပြုမည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၏ အရည်အသွေးသတ်မှတ်ချက်“စံ”များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ**

“Explanation of Listing Criteria for Public Companies on YSX”

ရန်ကုန်စတော့အိပ်ချိန်းအား မကြာမီဖွင့်လှစ်မည်ဖြစ်ပါသည်။ ရန်ကုန်စတော့အိပ်ချိန်း၌ မှတ်ပုံတင်၍ အစုရှယ်ယာရောင်းချခွင့်ပြုမည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၏ အရည်အသွေးသတ်မှတ်ချက်“စံ”များ(Listing Criteria)နှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ၁၇-၈-၂၀၁၅ရက်မှစ၍ မှတ်ပုံတင်ကြေး(Registration Fee)နှင့်အတူ အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၊ ဥပဒေအကြံပေးအဖွဲ့အစည်းများနှင့် စာရင်းစစ် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးတွင် ၂၀-၈-၂၀၁၅ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းတက်ရောက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

နေ့ရက် - ၂၂-၈-၂၀၁၅ရက်(စနေနေ့)
အချိန် - နံနက် ၁၀နာရီ
နေရာ - မြန်မာနိုင်ငံစာရင်းကိုင်သင်တန်းကျောင်း
ကောလိပ်လမ်း၊ သခင်မြပန်းခြံအနီး၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး
အမှတ် ၂၁-၂၅၊ ဆူးလေဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၇၀၁၀၀

**ငွေချေးသက်သေခံလက်မှတ်များအား အီလက်ထရွန် နစ်နည်းဖြင့်မှတ်တမ်းတင်ထိန်းသိမ်းခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာ**

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းများ လဲလှယ်ရောင်းဝယ်ရေး ဥပဒေပုဒ်မ(၇၁)(ခ) နှင့်အညီငွေချေးသက်သေခံလက်မှတ်များအား အီလက်ထရွန် နစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းခြင်းဆိုင်ရာ အမိန့်ကြော်ငြာထုတ်ပြန် ပြီးဖြစ်ပါသည်။

၂။ သို့ပါ၍ အဆိုပါအမိန့်ကြော်ငြာစာတွင်ပါဝင်သည့် အသေးစိတ်အချက်အလက်များကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ရုံးတည်ရှိရာ အမှတ်(၂၁-၂၅)ဆူးလေ ဘုရားလမ်း၊ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံ၊ ဒုတိယထပ်၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီးတွင် စိတ်ပါဝင်စားသော ကုမ္ပဏီများနှင့် အများပြည်သူများ လာရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

**ကျေးဇူးဥပကာရတင်ရှိခြင်း**

ဖေဖေ ကိုအေးချမ်းအောင်နှင့် မေမေ မဖြူသီဟန်တို့၏ သမီးဦးရတနာအား ၁၇-၈-၂၀၁၅ရက်တွင် အောင်မြင်စွာ မွေးဖွားသန့်စင်ပေးပါသော တပ်မှူးပါမောက္ခဗိုလ်မှူးကြီး ဒေါ်အေးအေးနှင့် ပါရဂူကြီးများ၊ စေတနာအပြည့်ဖြင့် ဝိုင်းဝန်းကူညီပေးကြသော ဆရာဝန်၊ သူနာပြု၊ ဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ ဝမ်းမြောက်ကြောင်းသတင်းမေးမြန်းကြသူများကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောဘိုးဘိုး၊ ဘွားဘွားများ
ဖေဖေ-ကိုအေးချမ်းအောင်
မေမေ-မဖြူသီဟန်

**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ်လူသစ် ဘဝသစ်**

# သာယာနေပျော်ဖွယ် ကမ္ဘာကြီးဖြစ်ဖို့ မေတ္တာပွားစို့

ဒေါက်တာ မောင်ဖြေ

"ရတု၊ ကဗျာ၊ ပျို့၊ လင်္ကာနှင့် သာသည့်သီချင်း အဲဆောင်းညှင်းနှင့်မကင်းမပြတ်နေအပ်၏" ဟု ဝန်ကြီးပဒေသရာဇာက ညွှန်းဆိုထားသည့်အတိုင်း ရှေးကဝိစာဆိုများ၏ စာကောင်းပေမွန်များကို မပြတ်လေ့လာရင်း ရေးဖွဲ့သီကုံးနေကြသည်။ ဖော်ထုတ်နေကြရမည်။

ဆယ့်နှစ်ရာသီဘွဲ့မဟုတ်သော်လည်း ဩကာသလောကကြီးကို ဝင်စားဖွဲ့နွဲ့သော လင်္ကာပါဒများကို အနည်းနှင့်အများထည့်သွင်းစပ်ဆိုထားကြသည့် စာဆိုများလည်းရှိပေသည်။ စကားပြေများကိုသာ ပြုစုတော်မူခဲ့သော မင်းဘူးဆရာတော်ဦးဩဘာသ အရှင်မြတ်သည် ဝိဓူရဇာတ်တော်နိဂုံးတွင် ဝါခေါင်လ၏ ရာသီဘွဲ့ကို---"ထည့်သွင်းစပ်ဆိုထားသည်မှာ-

"လကားဝါခေါင်၊ တောင်လေဆောင်၍၊ ကျွန်းသောင်မြစ်ဝှမ်း၊ ကမ်းပြည့်လျှံလျက်၊ တင်ကျမ်းရေပြင်၊ ကိုင်းပင်ဖောင်ပွင့်၊ ဖွေးဖွေးဆင့်လျက်၊ ကျူးရင့်ချိန်ဆုံး၊ ပဒုန်မှုန်းလျက်၊ ထစ်ချုံးရိုက်မည်၊ မိုးပွဲစည်လျက်၊ စိုပြည်မြေပြင်၊ ပန်းသစ်ပင်လည်း၊ ညွှန့်ရှင်ဆိုင်းဆိုင်း၊ ရိပ်ညိုမှိုင်းနှင့်၊ စက်ကျိုင်းလန်းလန်း၊ မြရည်ညွှန်းသို့ ထက်ဝန်းစုံညီ၊ သိဟ်ရာသီ၌" ဟူ၍ တန်ဆာဆင်ဖွဲ့နွဲ့ထားသည်။

ဝါခေါင်၏ အဓိပ္ပာယ်ကို ဝေါဟာရလီနတ္ထဒီပနီ၌ "ထိုလကိုပင် ဝါခေါင်လခေါ်ဝေါ်သည်မှာ မိုးခေါင်သည်ဟူသောဝေါဟာရကဲ့သို့ ရဟန်းသံဃာတော်တို့ ဝါမဆိုဝါမကပ်(ဝါခေါင်)ဝါဝေးသောလယူရန်ရှိ၏"ဟု ဖွင့်ဆိုထား၏။ ဤသို့ကျမ်းပြုဆရာလေ့သင်းအတွင်းဝန်မင်းဆိုလိုသည်မှာ ဝါခေါင်တွင်ခေါင်သည်။ ဝေးကျူ သီခေါင်၊ ကုန်းခေါင်၊ မိုးခေါင်၊ ယခေါင်တို့၌ကဲ့သို့ ဝေးကွာခြင်းအဓိပ္ပာယ်ရှိ၏။ သို့ဖြစ်၍ ဝါဝေးသည်ဟုဆိုလို၏။ ဝါဝေးခြင်းဆိုသည်မှာ ရဟန်းတော်များဝါမဆိုရ၊ ဝါမကပ်ရသောလဟုအဓိပ္ပာယ်ရ၏။

ရှေးအခါက ဝါခေါင်လကို နံကာဟုခေါ်ဆိုလာ၏။ ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ နံကာ၏အဓိပ္ပာယ်ကိုဖွင့်ထားသည်မှာ ဝါခေါင်လကို ပါဠိဘာသာအားဖြင့် နိက္ခမနိယဟုခေါ်၏။ နိက္ခမနိယဆိုသည်မှာ နေမင်းသည် အတွင်းခရီးမှအပြင်ခရီးသို့သွားသောလဟု အဓိပ္ပာယ်ရ၏။ ယင်းနိက္ခမနိယ သဒ္ဒါရွေ့လျား၍ မြန်မာ ဘာသာနံကာဝေါဟာရဖြစ်သည်ဟု နံကာပုဒ်၏ ရင်းမြစ်နှင့် အဓိပ္ပာယ်ကိုပြဆိုထား၏။ ဆရာကြီးဦးဖိုးလတ်က နံကာလ ဝါခေါင်လကို လယ်လုပ်ထွန်ယက်စိုက်ပျိုးချိန်ဟု ဆိုထားသည်။ ပုဂံခေတ်ထိုးကျောက်စာများတွင် နံကာလဟု သုံးစွဲထား၏။

"ထက်အာကာ ဘုံစွန်းက၊ တောက်ထွန်းလို့ ထိန်ဝါ၊ သရဝဏ်ရွှေကြယ်မင်း၊ လင်းတဲ့ချိန်ခါ၊ လေညင်းငယ်လာ၊ သိဟ်ရာသီမို့၊ ရှုတိုင်းငယ်ဘယ်ညာက၊ ပန်းခတ္တာဝတ်မှုန်ကျင်းတယ်၊ သင်းပျံ့လှိုင်လို့. ။ဟူ၍ ဖိုးသူတော်ဦးမင်းက ဝါခေါင်လကို စာပန်းချီစီကုံးခဲ့သည်။ "ကမ်းပြည့်ညိုညို၊ ရေတခိုဝယ်၊ မယ်ဖိုဆွေစုံ၊ ပျော်ရေးပဲကြုံတော့" ဟု လူဦးမင်းက လေးချိုးဖြင့် ဖွဲ့ဆိုထားသည်။

"ဆွမ်းအုပ်နီနီ မေမေရွက်လို့၊ နက်ဖြန်မနက်ကျောင်းတက်မယ်၊ မောင်လည်းလိုက်မယ်၊ ချန်မထားနဲ့၊ အမေသွားတော့ ပျင်းလှတယ်၊ ကျောင်းကြီးပေါ်မှာ မောင်ငယ်ဆော့တော့၊ ဘုန်းကြီးအော်လို့ ရိုက်လိမ့်မယ်၊ မောင်မဆော့ပေါင်၊ စိပ်ပုတီးနှင့်၊ ဘုန်းတော်ကြီးလိုနေပါ့မယ်၊ လိုက်မယ်လိုက်မယ်"ဟူသောဥပုသ်စောင့်ကဗျာလေးမှာလည်း ဝါတွင်းကာလပုံရိပ်ပင်ဖြစ်သည်။

တချို့ဒေသအရပ်တို့တွင် ဝါခေါင်လတွင်ကား မှိုင်းရီ မှောင်ပြာနေသည်။ တောင်စူးစူးတွင်ကား မိုးသက်လေတို့က ဆင်လျက်ရှိသည်။ ပင်လယ်ပြင်တွင် လှိုင်းဖြူဖြူဂယက်များက မနားတမ်းပြေးနေ၏။ သပြေသီးသောလ၊ ရေကြီးသော လ၊ ထန်းသီးကြွေသောလ၊ မိုးစွေသောလကား ဝါခေါင်လ ဖြစ်၏။

"ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ကာ၊ မိုးမရွာ၊ရွာပါသော်လည်း မိုးမသည်း"ဟူ၍ ရှေးကဗျာတစ်ပုဒ်တွင် တွေ့ရ၏။ ဝါခေါင်လသည် ထနောင်းပန်း၊ ကြောင်ကျစ်ပန်း၊ ဆူးရစ်ပန်းများပွင့်သောလဖြစ်၏။

အောက်ပြည်အောက်ရွာတွင် မိုးလှိုင်လှိုင်ရွာနေပြီဖြစ်သော ဝါခေါင်လသည် မြစ်ရေချောင်းရေတိုးကာလျှံတက်သည်။ "ဝါဆိုဝါခေါင်ရေဖောင်ဖောင်" "ဝါဆိုဝါခေါင်ရေတွေကြီးလို့ သပြေသီးမှည့်ကောက်စို့ကွယ်"ဟူ၍လည်း ပညာရှင်များက မှတ်တမ်းတင်ခဲ့ကြသည်။

မိုးကောင်းကင်အလှတိမ်ပန်းချီကို ရှုမြင်ရသူတိုင်း၏ ရင်တိုင်းဝယ် တငြိမ့်ငြိမ့်ခံစားနိုင်ရန် ရဟန်းစာဆိုရှင်ဥတ္တမကျော်ကလည်း "တိမ်ညိုမိုလ္လာ၊ တိမ်စုကာနှင့်၊ တိမ်ပြာရောယှက်၊ မရမ်းဖက်၍၊ တိမ်သက်တံရောင်၊ အဝါဆောင်ဝယ်၊ မှောင်ခဲ့တစ်ခါ၊ ပြာခဲ့တချို့၊ ညိုခဲ့တစ်လီ၊ ရီခဲ့တစ်ဖုံ၊ မှုန်ခဲ့တစ်ချက်၊ ယုဂန်ထက်က၊ လေးဖက်လေးစုံ၊ တိမ်ဂဠုန်လည်း၊ နဂါးရုံကြွေ၊ ရန်ချင်တွေ့သော်"ဟူ၍ အလင်္ကာမြောက်စွာရေးဖွဲ့ထားသော တပေါင်းလရာသီ၏ တောလားကြီးကလည်း လဝါခေါင်မိုးလယ်လ၏ အဖြစ်သနစ်နှင့်တိုက်ဆိုင်လှပေသည်။

"ရှုမဆုံးတော့သည်××× စိမ်းလဲ့လဲ့နှစ်စဉ်×××

လယ်ကွင်းတွေက----တစ်မျှော်တစ်ခေါ်စိုပြည်လွင်---"

ဆရာကြီးမြို့မငြိမ်းရေးဖွဲ့သည့် သီချင်း၏ခြေဆင်းနှင့်အညီ မြန်မာလယ်ကွင်းတစ်ခွင်တစ်ပြင်၌ အစိမ်းရောင်ကော်ဇောကြီးများခင်းထားသည့်ပမာလိုစိမ်းနေသည်။ ပျိုးပင်တို့က စပါးပင်လယ်ကြီးပမာ တင်စားကာခေါ်နိုင်သည်။ လယ်ယာလုပ်သားကြီးများကလည်း ပျိုးနုတ်နေကြသည်။ ကောက်စိုက်သူပျိုဖြူချောတို့က လူရွှန်လူကောင်းသီချင်းဖြင့် အော်ဟစ်ကာ ကောက်စိုက်နေကြ၏။

ထိုအချိန်သည် မြန်မာ့သစ်တောကြီးများအတွင်း၌ကား နွေအခါက သင်းသတ်ထားသော သစ်ကြီးပါးကြီးများကို မြစ်ရိုးတစ်လျှောက် မြန်မာ့ကျွန်းသစ်ဖောင်ကြီးများဖြင့် ရေမျောကာ တာဝန်ကျေစွာကြိုးပမ်းကြ၏။ တစ်ခါတစ်ရံတွင် အချိန်မဟုတ်သော မုန်တိုင်းများကြောင့် မိုးရွာလေလျှင် ဆည်ရေလျှံ၍ဖြစ်စေ ရေကြီးတတ်သည်ကို ကြုံတွေ့ရသော သဘာဝဘေးအန္တရာယ်နှင့်လည်းရင်ဆိုင်ကြရသည်။

ထိုစဉ်သမယတွင် စပါးပင်ကြီးများကို မြင်ရပြီဖြစ်သည့်အတွက် တောင်သူလယ်သမားတို့သည် ကျေနပ်ပျော်ရွှင်နေကြရမည်ဖြစ်သော်လည်း လယ်ရေမြုပ်လျှင် ပျိုးပင်တို့ပုပ်တတ်သည်။ ရေကြီးလျှင် ပျိုးပင်တို့ကျွတ်တတ်သည်။ လယ်ကဏန်းများဝင်လာတတ်သည်။ ပျိုးပင်၊ စိုက်ပင်တို့အတွက် တစ်ဖန်ပူပင်နေရ၏။ စပါးပင်များကို ပိုးမွေးသလိုမွေးကြ၏။ ရိုးရာမုန့်အဖြူ အနီများကိုပြုလုပ်၍ ပူဇော်ပသပြီး ပေးဝေလှူဒါန်းမှုလည်း ပြုကြသည်။ မိုးမပြတ်ပါစေနှင့်၊ ပိုးမဖျက်ပါစေနှင့် ဆုတောင်းတတ်ကြ၏။

**မြတ်ဘုရားရှင်က မေတ္တသုတ်နိဒါန်းတွင် မေတ္တာဘာဝနာပွားများသူတို့ လိုက်နာပြုကျင့်ထိုက်သောတရားများကို မိန့်မှာတော်မူထားသည်။ မေတ္တာဟူသည် သန့်စင်အေးမြလှ၏။ သူတစ်ပါး၏ ကောင်းကျိုးစီးပွားကို လိုလား၏။ အငြိုးအာဃာတကို ပယ်ဖျောက်တတ်၏။ သူတစ်ပါးကောင်းကျိုးကို ဆောင်ရွက်ပေးလေသည်. . .**

ရာသီဥတုမှန်သောဝါခေါင်လတွင် အထက်အညာဒေသ၌ မိုးမသည်းတတ်။ ရွာပြန်သော်လည်း တဖွဲဖွဲမျှသာ။ တစ်ခါတစ်ရံ လယ်ယာတောင်သူတို့ လုပ်ငန်းခွင်၌ မိုးနည်း၍ လယ်ရေငတ်ရသည်။ ပျိုးပင်တို့ညှိုးရသည်။ ကောက်စိုက်သူတို့စိတ်အားငယ်ရသည်။ ပျိုးပင်ကောက်ပင်တို့ စိမ်းစိုအောင် မိုးကိုအားထားရပြန်သည်။

ဤလ၏ရာသီပွဲမှာ စာရေးတံပွဲဖြစ်သည်။ စာရေးတံပွဲပြုလုပ်သည့်အစဉ်အလာမှာ ဘုရားရှင်လက်ထက်တော်ကပင် စတင်ပေါ်ပေါက်သည်ဟု ဆိုကြ၏။ စာရေးတံမဲပြုလုပ်ခြင်းနှင့်ပတ်သက်၍"ဝါခေါင်လပြည့်ကျော် ၈ ရက်နေ့ ဂါမဝါသီပုဂ္ဂိုလ်၊ အရညဝါသီပုဂ္ဂိုလ်၊ အရိယာသံဃာတော်အပေါင်းတို့အား ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းတို့အသုံးအဆောင်နှင့်စပ်သည်ကို အစေ့အစုံစွဲ၍ ပဒေသာပင် ၂၆၀ ကို အတွင်းတော်၌သွင်းပြီးလျှင် အရှင်မိဖုရားခေါင်ကြီးနှင့်တကွ ရေစက်သွန်းတော်မူ၍ သလာကဘတ္တစာရေးတံဆွမ်းလှူတော်မူသည်ကို ဘကြီးတော်မင်းတရားလက်ထက် စာရေးတံပွဲကျင်းပသည်ကို ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး ဒုတိယတွဲ စာမျက်နှာ ၂၂၉ တွင် ရေးသားထားသည်။ သလာကဘတ္တဆိုသည်မှာ ပါဠိစကားဖြစ်၍ စာရေးတံဆွမ်းဟု အဓိပ္ပာယ်ရှိ၏။

ဝါခေါင်လတွင် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားသော "မေတ္တာအခါတော်နေ့"ဖြစ်၍ မေတ္တသုတ်ရွတ်ဆိုပွားများကြ၏။

မြတ်ဘုရားရှင်က မေတ္တသုတ်နိဒါန်းတွင် မေတ္တာဘာဝနာပွားများသူတို့ လိုက်နာပြုကျင့်ထိုက်သောတရားများကို မိန့်မှာတော်မူထားသည်။ မေတ္တာဟူသည်သန့်စင်အေးမြလှ၏။ သူတစ်ပါး၏ ကောင်းကျိုးစီးပွားကို လိုလား၏။ အငြိုးအာဃာတကို ပယ်ဖျောက်တတ်၏။ သူတစ်ပါးကောင်းကျိုးကို ဆောင်ရွက်ပေးလေသည်။

မြတ်ဘုရားရှင်ကို ဆန့်ကျင်သောမာရ်နတ်၊ အာဠဝကဘီလူး၊ နာဠာဂီရိဆင်၊ အင်္ဂုလိမာလ၊ စိဉ္စမာဏ၊ သစ္စကပရိဗိုဇ်၊ နန္ဒောပနန္ဒနဂါး၊ ဗကဗြဟ္မာတို့ကို မေတ္တာလက်နက်ဖြင့် အောင်မြင်ခဲ့ခြင်းဖြစ်သည်။ မေတ္တာလက်နက်ကား တန်ခိုးထက်လှ၏။ မေတ္တာဆောင်လျှင် အောင်မြင်မှုရကြ၏။ မေတ္တာဘာဝနာပွားများခြင်းကြောင့် ချမ်းသာစွာ အိပ်ရနိုးရ၏။ အတိတ်ကောင်းအိပ်မက်ကောင်းကိုသာ မြင်မက်ရ၏။ လူနတ်တို့ ချစ်ခင်ကြ၏။ နတ်များ၏ ကူညီခြင်းခံရ၏။ မီး၊ အဆိပ်၊ ဓားစသည့် အန္တရာယ်မှ ကင်းဝေး၏။ မတွေမဝေသေဆုံးရ၏။ ဗြဟ္မာ့ပြည်သို့ လာရောက်ရ၏။ နိဗ္ဗာန်ချမ်းသာကို ရရှိနိုင်ရန် အထောက်အပံ့ကြီးလည်းဖြစ်၏။

အရာရာကိုအောင်နိုင်ဖို့ အခက်အခဲများကို ကျော်လွှားနိုင်ဖို့ မေတ္တာဖျန်းဖို့ လိုအပ်လေသည်။ မိသားစု၊ ညီအစ်ကို မောင်နှမ၊ ရပ်ရွာ၊ မြို့နယ်၊ တိုင်းပြည်နိုင်ငံအတွင်းတွင် အားလုံးသည် မေတ္တာမပျက်ဖို့ လိုလေသည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် မေတ္တာထားနိုင်ဖို့ လိုအပ်သည်။ သို့မှသာ ဤကမ္ဘာမြေသည် သာယာနေပျော်ဖွယ်ကောင်းသော ကမ္ဘာ့ရွာကြီးဖြစ်လာပေမည်။

အင်္ဂုတ္တိုရ်ပါဠိတော် ပထမတွဲ မေတ္တသုတ်တော်တွင် ပါရှိသည်မှာ အကြင်သူသည်သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့ အစုရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးကိုလည်း အနိုင်မကျင့်စေ။ ထိုသို့ မေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန် အပြင်ရန်ဟူ၍ မရှိဟု ဟောကြားတော်မူထားပေသည်။



နှစ်စဉ်ဝါခေါင်လတွင် ကျင်းပသော မဟာဒုက်စာရေးတံမဲ ဆွမ်းကပ်အလှူပွဲမှ သံဃာတော်များကို ဖူးတွေ့ရစဉ်။

## ယာဉ်နှင့်ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးမှတ်ပုံတင်များဆောင်ရွက်

**ရေစကြို ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နယ်လှည့်သက်တမ်းတိုးအဖွဲ့မှ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ရီဦးဆောင်သော ဝန်ထမ်းများသည် ဩဂုတ် ၁၅ ရက်က ရေစကြိုမြို့ စိတ္တသုခ အ. ထ. က (ခွဲ) ကျောင်းတွင် မော်တော်ယာဉ်သက်တမ်းတိုးပေးခြင်း၊ မော်တော်ဆိုင်ကယ်သက်တမ်းတိုးပေးခြင်း၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးပေးခြင်း လုပ်ငန်းများကို နေ့ချင်းပြီးဆောင်ရွက်ပေးကြောင်းသိရသည်။

ဒီနေ့မှာ ပခုက္ကူခရိုင် က. ည. န ရုံးက လာရောက်ပြီး ယာဉ်သက်တမ်းတိုးမှတ်ပုံတင်လုပ်ငန်းနဲ့ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုး လုပ်ငန်းတွေကွင်းဆင်း ဆောင်ရွက်ပေးနေတယ် ဒေသခံတွေအနေနဲ့ အဆင်ပြေတယ်။ ပခုက္ကူသွားလုပ်ရရင် အချိန်လည်းကုန် စရိတ်လည်းထောင်းတယ်၊ ကိုယ့်မြို့မှာဆိုတော့ အချိန်ကုန်လည်းသက်သာ စရိတ်လည်း သက်သာသွားတယ်" ဟု နယ်မှ လိုင်စင်သက်တမ်းတိုးသူတစ်ဦးက ပြောသည်။

(ဖေထွဏ်းဇော်-ရေစကြို)

## ရေဘေးသင့်ပြည်သူများအား ဆေးကုသမှုပေး

**ပုသိမ် ဩဂုတ် ၁၇**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ပြည်သူ့ဆေးရုံတွင် ဒေါက်တာစောဝင်း(ပါမောက္ခ/ကလေးအထူးကု)ဦးဆောင်လျက် မြန်မာနိုင်ငံဆရာဝန်အသင်းမှ အထွေထွေရောဂါကုဆရာဝန်များလိုက်ပါ၍ ဩဂုတ် ၁၆ ရက်က ငါးသိုင်းချောင်းမြို့ ရေဘေးသင့်ရပ်ကွက်/ကျေးရွာများရှိပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့်ဗဟုသုတပေးခြင်းတို့အား ငါးသိုင်းချောင်းမြို့ ပြည်သူ့ဆေးရုံဆရာဝန်ကြီး ဒေါက်တာဝင်းမိမိခိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအသင်း အာယုပါလဆေးအလှူတော်အဖွဲ့၊ အောက်ဆီဂျင်အလှူတော်အဖွဲ့တို့နှင့် ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

# ရေဘေးသင့်သူများပြည်သူများကိုကူညီရန် ဓာတ်ပုံအရောင်းပြပွဲ ကျင်းပ

**မကွေး ဩဂုတ် ၁၇**

ရေဘေးသင့်ပြည်သူများအား ပြန်လည်ထူထောင်နိုင်ရေး ကူညီရန်အတွက် ဓာတ်ပုံအရောင်းပြပွဲကို ဓာတ်ပုံပညာရှင်ခုနစ်ဦး ဦးစီးဆောင်ရွက်ပြီး မကွေးမြို့ ဆားစည်ရပ်ကွက် ကမ်းနားလမ်း ကျောက်သားဥယျာဉ်ပန်းခြံ၌ ဩဂုတ် ၁၃ ရက်မှစတင်ကာ သုံးရက်တိုင်တိုင် ပြသရောင်းချခဲ့ပြီး ရရှိလာသောငွေကြေးများကို ရေဘေးသင့်သူများ ပြန်လည်ထူထောင်ရန် ကူညီသွားမည်ဖြစ်ကြောင်း ဓာတ်ပုံပညာရှင် ထိန်လင်း (မကွေး) က ပြောသည်။

နေခြည်နေဝင်း (မကွေး)၊ ထိန်လင်း (မကွေး)၊ ဦးခင်မောင်လွင် (မင်းဘူး)၊ ဇော်မောင်မောင် (စန္ဒကူး)၊ ဝင်းဇော်ဦး (အမရာ-မင်းဘူး) နှင့် ကျော်စွာမိုး (မင်းလှ)၊ ရဲချစ်ပိုင် (မင်းလှ) တို့က ဆယ်နှစ်ကျော်ဓာတ်ပုံများ၊ ငါးနှစ်နှင့် လတ်တလော ရိုက်ကူးဓာတ်ပုံများအပြင် နှစ်ပေါင်းများစွာ အခက်အခဲကြားမှရိုက်ထားသည့် ဓာတ်ပုံများ အပါအဝင် ဓာတ်ပုံကားကြီးပေါင်း ၁၄၀ ကျော်ကို ပြသရောင်းချခဲ့သည်။

"ကျွန်တော်တို့ရဲ့ဓာတ်ပုံပြပွဲကို မင်းလှ၊ မင်းဘူး၊ ကျောင်းတော်ရာနဲ့ မကွေးမြို့က ဓာတ်ပုံပညာရှင်တွေစုစည်းပြီး မကွေးတိုင်းဒေသကြီးမှာ ရေဘေးသင့်ပြည်သူတွေ ပြန်လည်ထူထောင်နိုင်ရေးကို အဓိကကူညီနိုင်အောင် ဓာတ်ပုံတစ်ရာ့လေးဆယ်ကျော်နဲ့ စတင်ရတာပါ။ ကားကြီးဓာတ်ပုံတစ်ပုံ ငွေသုံးသောင်းနဲ့ရောင်းချပါတယ်။ ဩဂုတ် ၁၃ ရက်ကစတင်ရောင်းပေမယ့် ရာသီဥတုကြောင့် ရောင်းချရတာ အဆင်မပြေခဲ့ပါဘူး။ ၁၄ ရက်မှ ညနေပိုင်းစရောင်းရတယ်။ ၁၅ ရက်နေ့ကျတော့ စိတ်ပါဝင်စားသူတွေပိုများလာပါတယ်။ ပထမဆုံးအရောင်းပြပွဲဆိုတော့အခက်အခဲနည်းနည်းတော့ရှိပါတယ်။ ရောင်းအားတော့ နည်းနေပါသေးတယ်" ဟု ကိုထိန်လင်းက ပြောသည်။

ယင်းဓာတ်ပုံပြသရောင်းချခြင်းမှ ရရှိငွေဖြင့် စေတုတ္တရာ၊ ပွင့်ဖြူ၊ ရေနံချောင်းမြို့နယ်များမှ ကျေးလက်ဒေသများအရောက် ပြန်လည်ထူထောင်ခြင်းများပြုလုပ်ပေးမည်ဖြစ်သည်။ ဓာတ်ပုံပညာရှင်များ အနှစ်နှစ်အလလ စုဆောင်းထားသည့် ပညာရပ်များဖြင့်ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း၊ ယင်းဓာတ်ပုံများဆက်လက်ရောင်းချနိုင်ရန် သက်ဆိုင်ရာများသို့ ခွင့်ပြုချက်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ကိုထိန်လင်းက ဆက်လက်ပြောပြသည်။ **ဇွဲထက်ရှင်**

# မကွေးရှိကျေးရွာများသို့ထောက်ပံ့ရေးပစ္စည်းများလှူဒါန်း



**တပ်ကုန်း ဩဂုတ် ၁၇**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် မေတ္တာရိပ်လူမှုကူညီရေးလူငယ်အဖွဲ့များဦးစီးပြီး တပ်ကုန်းမြို့၌ အလှူခံဌာနဖွင့်လှစ်၍ မြို့နယ်အတွင်းရှိ စေတနာရှင်များလှူဒါန်းသော ငွေ၊ ပစ္စည်းမျိုးစုံနှင့် နွားစာများကို မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်တစ်ဖက်ကမ်းရှိ ကျောက်ရဲကျွန်းအုပ်စု၊ မာန်ပြေအုပ်စု၊ ဘိုးကျွန်းအုပ်စု၊ အေးသာယာကျေးရွာ စသည့်ကျေးရွာပေါင်း ၂၀ ကျော်အား မေတ္တာရိပ်လူမှုကူညီရေးလူငယ်အဖွဲ့များမှ ဩဂုတ် ၁၃ ရက်က သွားရောက်လှူဒါန်းခဲ့သည်။

လှူဒါန်းသည့်ပစ္စည်းမျိုးစုံမှာ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ အချိုရည်၊ ရေသန့်၊ အဝတ်အထည်၊ ဖိနပ်၊ ဆေးမျိုးစုံ၊ နွားစာများနှင့် နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ်တာဝန်ခံ ဦးမြင့်ရွှေခေါင်းဆောင်ပြီး တပ်ကုန်းမြို့နယ်အတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းရှင်များမှ ထည့်ဝင်ငွေကျပ် ၂၆ သိန်းနှင့် တပ်ကုန်းမြို့စေတနာရှင်များ၏စုပေါင်းလှူဒါန်းငွေ ၁၂၉ သိန်း စုစုပေါင်း ၁၅၅ သိန်းတို့ကို သွားရောက်လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်(ပြန်/ဆက်)**

# ရန်ကုန်မြို့တော်လုံးဆိုင်ရာ လူငယ်ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၇**

'သန့်ရှင်းစိမ်းလန်းသာယာစေ မြို့တော်ရန်ကုန်မြေ' ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် လူငယ် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာရေးဆွဲပြိုင်ပွဲကို ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြသီလာခန်းမတွင် ဩဂုတ် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပခဲ့သည်။



အဆိုပါပြိုင်ပွဲတွင် 'စည်းကမ်းမဲ့အမှိုက်မပစ်ရေး ပြည်သူများဆောင်ရွက်ပေး' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်တွင် ရန်ကုန်တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများမှ မူလတန်းကျောင်းသူ ကျောင်းသား ၈၃ ဦး၊ အလယ်တန်း ၁၅၃ ဦး၊ အထက်တန်း ၆၁ ဦး စုစုပေါင်းပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၂၉၇ ဦး၊ ပန်းချီပြိုင်ပွဲတွင် ၁၉၇ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၁၆၃ ဦး၊ ပိုစတာပြိုင်ပွဲတွင် ၁၂၄ ဦး၊ တက္ကသိုလ်အဆင့်နှင့် အလွတ်တန်းဝါသနာရှင်များ ယှဉ်ပြိုင်ကြောင်း၊ ၂၀၁၄ ခုနှစ်ကကျင်းပသည့် ပထမအကြိမ်ပြိုင်ပွဲတွင် လူငယ် ၁၆၂ ဦးဝင်ပြိုင်ခဲ့ပြီး ယခုနှစ်တွင် ၂၉၇ ဦးရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာနမှ လက်ထောက်ဌာနမှူးက ပြောသည်။

ပြိုင်ပွဲကို နံနက် ၉ နာရီမှ ၁၂ နာရီအထိနှင့် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ နှစ်ပိုင်းခွဲ၍ ကျင်းပခဲ့ပြီး လက်တွေ့ပြိုင်ပွဲမှ ပန်းချီ၊ ကာတွန်း၊ ပိုစတာများကို ဩဂုတ် ၁၇ ရက်တွင် မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)မှ စိစစ်ရွေးချယ်ပြီး ဆုရရှိသူများကို FM ရေဒီယိုများ၊ သတင်းစာများတွင်ကြေညာပြီး ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့တော်ခန်းမ၌ ဩဂုတ် ၂၈ ရက်တွင် အသီးသီးချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်တက်ရောက်ပြီး လသာ (၂) ကျောင်းအုပ်ဆရာမကြီးထံ ကျောင်းဘက်စုံသုံးရန် အလှူငွေပေးအပ်ခဲ့သည်။ **ဖိုးသန့်**

# ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့တွင် အာဟာရ ရက်သတ္တပတ် လှုပ်ရှားမှုဆောင်ရွက်

**ငရုတ်ကောင်း ဩဂုတ် ၁၇**

ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့၏ ဓမ္မိကာရုံကျောင်းတိုက်တွင် Save the Children အဖွဲ့နှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှုကို ဩဂုတ် ၁၆ ရက်တွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါလှုပ်ရှားမှုတွင် ရေကျော်အုပ်စု ကျန်းမာရေးဌာနခွဲအတွင်းရှိ ကျေးရွာလေးရွာမှ ပြည်သူ ၁၃၀ တက်ရောက်ခဲ့ကြသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် ငါးနှစ်အောက်ကလေးများ အာဟာရပြည့်ဝစွာ စားသုံးရန်နှင့် မိခင်နို့တိုက်ကျွေးရန် အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြခြင်း၊ ပညာပေးဗီဒီယိုပြသခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မျိုးကျော်သူ(ပြန်/ဆက်)**

# မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီနှင့် ရပ်ရွာအခြေပြုအဖွဲ့များတွေ့ဆုံပွဲ ကျင်းပ

**ချောင်းဆုံ ဩဂုတ် ၁၇**

မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီနှင့် ရပ်ရွာအခြေပြုအဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက ချောင်းဆုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် (TCRC) ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းသိန်းနှင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးမှူး ဒေါ်အေးရီတို့က အဖွင့်အမှာစကားပြောကြားပြီး (ရွှေကျွန်းသာကွန်ရက်) ဒုဥက္ကဋ္ဌ ဦးတင့်ဝေက ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားခဲ့သည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ဝင်းဝင်းမာမွန်က ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လူမှုဝန်ထမ်းလုပ်ငန်းများ ရှင်းလင်းပြီး ကလေးများဦးဆောင်သော သုတေသနပြုမှုတွေ့ရှိချက်များအား ကလေးအဖွဲ့နှင့် CBO အဖွဲ့ဝင် ဒေါ်မြင့်မြင့်အေးတို့က ဆွေးနွေးခဲ့သည်။ ယင်းနောက် တက်ရောက်လာသူများက ကလေးသူငယ်အခွင့်အရေးများနှင့်ပတ်သက်ပြီး စကားဝိုင်းဆွေးနွေးပွဲများပြုလုပ်ခဲ့ကာ ဆွေးနွေးချက်များအပေါ် မြို့နယ် (TCRC) ကော်မတီမှ အကြံပေးချက်များပေးခဲ့ကြောင် းသိရှိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရေများပြန်လည်ကျဆင်း၍ မိမိတို့၏ နေရပ်သို့ပြန်

**ပုသိမ် ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် ဩဂုတ် ၁၄ ရက် ညနေ ၃ နာရီမှ ငဝန်မြစ်ရေများ ပြန်လည်ကျဆင်းသဖြင့် ကယ်ဆယ်ရေးစခန်းမှ မိမိတို့နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ကြကြောင်း သိရသည်။ ဓနုဖြူမြို့နယ်အတွင်းရှိ ရှမ်းစုကျေးရွာအုပ်စု၊ စစ်ကွင်းကျေးရွာအုပ်စု၊ ရိုးချောင်းကျေးရွာအုပ်စုတို့မှ အိမ်ထောင်စု ၁၀၅ စု၊ လူဦးရေ ၄၄၇ ဦးတို့သည် မိမိတို့၏နေအိမ်များသို့ပြန်လည်ထွက်ခွာသွားကြကြောင်း သိရသည်။ **မောင်မောင်မြင့်(ပြန်/ဆက်)**

# မြင်းမူမြို့ ရှင်ပင်ရွှေစောလူးဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး နာယကဆရာတော်ကြီးများ၏ ဩဝါဒခံယူ

**မြင်းမူ ဩဂုတ် ၁၇**

မြင်းမူမြို့ ရှင်ပင်ရွှေစောလူးဘုရားဓမ္မာရုံ၌ ရှင်ပင်ရွှေစောလူးဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး ဆိုင်ရာဩဝါဒခံယူပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပခဲ့သည်။

ၚင်းနောက် ရှင်ပင်ရွှေစောလူးဘုရားဂေါပကဥက္ကဋ္ဌ ဦးဉာဏ်ယဉ်က ဘုရားပွဲတော်ကျင်းပရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကိုတင်ပြလျှောက်ထားပြီး (၁၃၇၆ ခုနှစ်) ဝါခေါင်လတွင်ကျင်းပခဲ့သော ရှင်ပင်ရွှေစောလူးဘုရားပွဲတော် ရသုံးငွေစာရင်းကို တာဝန်ရှိသူမှ ရှင်းလင်းတင်ပြလျှောက်ထားသည်။

ရှင်ပင်ရွှေစောလူးဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို (၁၃၇၇ ခုနှစ် ဝါခေါင်လဆန်း ၈ ရက်မှ ဝါခေါင်လပြည့်ကျော် ၅ ရက်)အထိ ဩဂုတ်၂၃ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ၁၃ ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး ရွှေမဟာသီရိခန်းမကြီးတွင် ပထမဝင်မည့် မိုးဆန်းပန်းဇာတ်ပွဲနှင့် ဒုတိယဝင်မည့် ဟံဇာမိုးဝင်းဇာတ်အဖွဲ့တို့က ကပြဖျော်ဖြေမည်ဖြစ်ပြီး အခြားပျော်ပွဲရွှင်ပွဲများဖြင့်လည်း ပွဲတော်လာပြည်သူများကို ဖျော်ဖြေတင်ဆက်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရှင်ပင်ရွှေစောလူးဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးအတွက် ဩဝါဒခံယူပွဲသို့ နိုင်ငံတော်ဩဝါဒစရိယ ဆရာတော်၊ ပွဲတော်ကျင်းပရေးဆရာတော်များ၊ မြို့ပေါ်ရှိကျောင်းထိုင်ဘုန်းကြီး ၃၁ ပါးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘုရားကြီးဂေါပကအဖွဲ့ဝင်များနှင့် မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဆွေးနွေးခဲ့ကြပြီး စုစုပေါင်း ၇၄ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။ **(၆၂၄)**

# မန္တလေးကုန်စည်ပြပွဲ (၂၀၁၅) ဖွင့်ပွဲတွင် နိုင်ငံခြားကုမ္ပဏီများမှထုတ်လုပ်သော ထုတ်ကုန်များပြသရောင်းချ

**မန္တလေး ဩဂုတ် ၁၇**

WINNER Economic Enterprise Service Co,Ltd က ကြီးမှူး၍ မန္တလေးကုန်စည်ပြပွဲ (၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၈ နာရီ မိနစ် ၃၀ က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၁ လမ်းရှိ မန္တလေးမြို့တော်ခန်းမတွင်ကျင်းပရာ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီး ဦးအောင်မောင်းတက်ရောက်အားပေးပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

မန္တလေးကုန်စည်ပြပွဲ (၂၀၁၅) တွင် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှထုတ်လုပ်သော စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ နီပေါနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှတင်သွင်းသော လက်ကိုင်ဖုန်းများ၊ တရုတ်နိုင်ငံမှတင်သွင်းသော တိုင်းရင်းဆေးဝါးများ၊ ယာဉ်အလှဆင်ပစ္စည်းများ၊ ကိုရီးယားသမ္မတနိုင်ငံမှတင်သွင်းသော အိမ်အလှဆင်ပစ္စည်းများ၊ ပါကေးများ၊ ရေသန့်ပစ္စည်းများ၊ ဂျပန်နိုင်ငံ ကင်နွမ်ကုမ္ပဏီမှတင်သွင်းသော အဆင့်မြင့်ကင်မရာများ၊ စင်ထွာအမှတ်တံဆိပ် ငွေရေစက်များ၊ ကတ္တားများ၊ ပေါင်ချိန်စက်များ၊ ထိုင်းနိုင်ငံမှတင်သွင်းသော အဝတ်အထည်များ၊ အလှကုန်ပစ္စည်းများ၊ အမျိုးသမီးသုံးပစ္စည်းများ၊ ရေမွှေးများ၊ ကလေးကစားစရာပစ္စည်းများ၊ တရုတ်နိုင်ငံမှတင်သွင်းသော လေအေးပေးစက်များ၊ မီးငြိမ်းသတ်ရေးဆေးဘူးများ၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံထုတ် မော်တော်ဆိုင်ကယ်များအား ကုမ္ပဏီများမှ တိုက်ရိုက်အထူးနှုန်းဖြင့် ရောင်းချပေးရာ လာရောက်လေ့လာသူ၊ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

မန္တလေးကုန်စည်ပြပွဲကို ဩဂုတ် ၁၄ ရက်မှ ၁၇ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှည ၈ နာရီအထိ ကျင်းပပြီး Model & Dancer Show၊ ပျော်ရွှင်ဖွယ်ရာ Game အစီအစဉ်များ၊ လူရွှင်တော် ချစ်ချော၊ ပွမ်ပွမ်၊ မင်းသမီးဝမ်းကေဇင်တို့က မွန်းတည့် ၁၂ နာရီတွင်တစ်ကြိမ်၊ ညနေ ၅ နာရီတွင်တစ်ကြိမ် ဖျော်ဖြေပေးရာ အခမဲ့လာရောက်လေ့လာနိုင်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**




## ထူးချွန်ကျောင်းသားသုံး လက်တွေ့အသုံးချ မသိမဖြစ်ဝေါဟာရများ

ထူးချွန်ကျောင်းသားသုံး လက်တွေ့အသုံးချ မသိမဖြစ်ဝေါဟာရများ (မြန်မာ-အင်္ဂလိပ်) စာအုပ်ထွက်ရှိ လာသည်။ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ရုံးသူ ရုံးသားများအတွက် အသုံးအတွင်ကျယ်ဆုံးနှင့် လူသုံးများသော ဝေါဟာရ ၂၇၀၀၀ ကျော်ပါဝင်သည်။

ဝေါဟာရများကို လူတိုင်းနေ့စဉ်ပုံမှန်သင်ယူပြီး စာဖတ်ချင်စိတ်ပိုမိုထက်သန်လာစေရန်နှင့် ဝေါဟာရပိုမို ကြွယ်ဝလာစေရန်ခေါင်းစဉ်ခွဲပေါင်း ၁၀၀ကျော် ပါဝင်သည်။ Phonetic အသံထွက်အတိုင်း အနီးစပ်ဆုံးအသံထွက်၊ ယနေ့ခေတ်အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေထားသော စကားလုံးများထဲမှ ထူးခြားထိမိသည့် ပညာရပ်ဆိုင်ရာဝေါဟာရများကို သီးသန့်ရွေးချယ်စုစည်းထားခြင်းဖြစ်သည်။ ဤစာအုပ်သည် အင်္ဂလိပ်ဘာသာလေ့လာ သူများ၏ လိုအပ်ချက်၊ အားနည်းချက်များကို ကူညီဖြည့်ဆည်းပေးနိုင်မည့်လက်တွေ့ အသုံးချဝေါဟာရ အဘိဓာန်စာအုပ်ဖြစ်သည်။

စာအုပ်ကို မဖျိုမစာပေ အမှတ် (၂၃၇) ပထမထပ် (ဝဲ) (၃၉) လမ်းအပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၅၁၅၆၈၄၃တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိထားသည်။



## မဟာယာန ဗုဒ္ဓဘာသာ မြန်မာ–အင်္ဂလိပ် စွယ်စုံအဘိဓာန်

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် လော့စင်းဂျလိခရိုင် အဇူမာမြို့ သုန္ဒရာရာမ ဗြဟ္မဝိဟာရ ကျောင်းတော်ကြီးကိုတည်ထောင်တော်မူသောဆရာတော် အရှင်သုန္ဒရအား ဂုဏ်ပြုသောအားဖြင့်ဒေါက်တာဦးဉာဏဝရပြုစုသည့် မဟာယာန ဗုဒ္ဓဘာသာမြန်မာ-အင်္ဂလိပ်စွယ်စုံအဘိဓာန်စာအုပ်ထွက်ရှိလာသည်။

ဗုဒ္ဓဘာသာတွင် မူရင်းဝါဒမှာ ထေရဝါဒ ဗုဒ္ဓဘာသာဖြစ်သည်။ မြတ်စွာဘုရားရှင် လက်ထက်တော်မှ အခြေတည်သည် ထေရဝါဒဗုဒ္ဓဘာသာသည်ကာလရွေ့လျားသောအခါ ဂုဏ်ခွဲ၊ ဝါဒကွဲများဖြစ်ပေါ်လာသည်။ ထိုအခွဲများတွင် မဟာယာနဗုဒ္ဓဘာသာမှာ ထင်ရှားပြီး ကမ္ဘာ့နိုင်ငံအများအပြားတွင် ယနေ့ထက်တိုင် ထွန်းကားနေဆဲဖြစ်သည်။ မဟာယာန ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ လက်ခံယုံကြည်ထားသည့် အယူဝါဒ၊ ကျမ်းဂန်များနှင့် ဝေါဟာရအသုံးအနှုန်းများကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် အဘိဓာန်သဖွယ် တင်ပြထားရာ ထေရဝါဒဗုဒ္ဓဘာသာဝင်များအနေဖြင့် မဟာယာန ၏ သဘောသရုပ်နှင့် ဖြစ်ထွန်းနေမှုများကို ဗဟုသုတအလို့ငှာ လေ့လာနိုင်သည်။

စာအုပ်ကို သုခီစာပေ၊ ဖုန်း ၀၉-၅၀၀၉၉၂၄ က တန်ဖိုး ကျပ် ၆၀၀၀ ဖြင့်ဖြန့်ချိထားသည်။




## မရွှေဖဲမဟုတ် မနီမဟုတ်သည့် စီးဆင်းခြင်းသိက္ခာ

မောင်စံပြောရေးသားသည့် မရွှေဖဲမဟုတ် မနီမဟုတ်နှင့် စီးဆင်းခြင်းသိက္ခာ စာအုပ်ထွက်ရှိလာသည်။ ထိုစာအုပ်သည် သင့်ဘဝ၊ မြဝတီ၊ ရှုမဝ၊ တိုင်းရင်းမေ၊ ပေဖူးလွှာ၊ မဟေသီ၊ ရုပ်ရှင်အောင်လံစသည့် ထင်ရှားသော မဂ္ဂဇင်းများတွင် ဖော်ပြပါရှိပြီးသော မောင်စံပြော၏ ကဗျာများကို စုစည်းဖော်ပြထားခြင်းဖြစ်သည်။

ရှည်ကြာခဲ့ပြီဖြစ်သော ကဗျာများကို စုစည်းထားခြင်းဖြစ်၍ အဟောင်းဖြစ်သော်လည်း ရသမြောက်ကဗျာများ၏ သဘောအရ ယနေ့ထက်တိုင် အသက်ဝင်နေဆဲဖြစ်သည်။ ဘဝနှင့်ထင်ဟပ်သော ကဗျာများမှာ ရိုးဂုဏ်ကို ပေါ်လွင် စေပါသည်။ ကဗျာကာရန်အတွေးများကို တင်းကျပ်စွာ ဖွဲ့မထားဘဲ ဖတ်ရလွယ်ကူရုံခတ်ဖော့ဖော့ရေးသားထားသည်။ ခေတ်ဟောင်းဖြစ်သော်လည်း ခေတ်ပေါ်ကဗျာများ၏ ထူးခြားသော လက္ခဏာများပါဝင်နေ၍ ကဗျာမြတ်နိုးသူတိုင်း ဖတ်ရှုသင့်ပါသည်။

စာအုပ်ကို မျိုးဆက်သစ်စာပေ၊ အမှတ် ၃၄၊ ၄လွှာ ကျိုတော်လမ်း ကျိုတော်ရပ်ကွက် ပုဇွန်တောင်မြို့နယ် ရန်ကုန် မြို့က တန်ဖိုးကျပ် ၂၅၀၀ဖြင့်ဖြန့်ချိထားသည်။



## ဦးနှောက်နှင့်မှတ်ဉာဏ်ထက်သန်စေရန် လေ့ကျင့်ခန်းများ

ဦးနှောက်နှင့်မှတ်ဉာဏ်ထက်သန်စေရန် လေ့ကျင့်ခန်းများ စာအုပ်သည် Dr.Tracy Packiam Alloway ရေးသားပြုစုသည့် Training Your Brain for Dummies စာအုပ်ကို ဆီလျော်အောင် မြန်မာပြန်ထားခြင်းဖြစ်သည်။ ဒေါက်တာထရေစီသည် Ph.D တစ်ဦးဖြစ်ပြီး University of Surling,UK ၏ မှတ်ဉာဏ်နှင့်လူ့သက်တမ်း လေ့လာမှုပညာရှင်တစ်ဦးဖြစ်သည်။

လူတို့သည် အသက်အရွယ်ကြီးရင့်လာသောအခါ အမှန်တကယ်ပင် မှတ်ဉာဏ်ချို့ယွင်းလာခဲ့လျှင် မှတ်ဉာဏ်ကို လေ့ကျင့်ခြင်းဖြင့် ပြန်လည်တိုးပွားစေနိုင်သလား။ ဦးနှောက်ကို ပိုမိုကောင်းမွန်အောင်(ဝါ)ဉာဏ် ကောင်းအောင် လေ့ကျင့်မှုပြုလုပ်နိုင်ပါသလားစသည့် မေးခွန်းများအတွက် အဖြေကို ပေးနိုင်မည်ဖြစ်သည်။

ငယ်ရွယ်သူတစ်ဦးဖြစ်လျှင် ရှိရင်းစွဲဦးနှောက်ဉာဏ်ရည်ကို လေ့ကျင့်ခြင်းဖြင့် ပိုမိုကောင်းမွန်စေနိုင်သကဲ့သို့ အသက်အရွယ်ကြီးရင့်သူ တစ်ဦးဖြစ်လျှင်လည်း မှတ်ဉာဏ်တိမ်းချော်မှုများကို ဤစာအုပ်ပါ လေ့ကျင့်မှုများဖြင့် ပြန်လည်တိုးပွားစေနိုင်မည်ဖြစ်သည်။ ရင်သွေးငယ်တို့၏ အနာဂတ်အတွက် ဦးနှောက်ဉာဏ်ရည်ရင့်သန်မှုနှင့် မှတ်ဉာဏ်ရင့်သန်မှုကို ဤစာအုပ်ပါလေ့ကျင့်မှုများကို လေ့ကျင့်စေခြင်းဖြင့် ဦးနှောက်အရည်အသွေးကို တိုးတက်မြင့်မားစေမည်ဖြစ်သည်။ ထိုစာအုပ်ကို မနောဖြူစာပေမှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊မြန်မာ့မီးရထား**
**အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း**

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၆၅/မမ/(CE)15-16 | (က) ဘောလီတံတား(၄၀၀)ပေအတွက်ပစ္စည်းများ | 121-Tons |
| | (ခ) သံငြမ်းစင်( Light Steel Trestle )(၃၀၀)ပေ အတွက်ပစ္စည်းများ | 301 -Tons |

တင်ဒါပိတ်မည့်နေ့/အချိန်– ၇.၉.၂၀၁၅(တနင်္လာနေ့)(၁၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၁၇.၈.၂၀၁၅) ရက်နေ့မှစ၍ ရုံးချိန် အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထားကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း -01-294352,291994,

**တောင်ပြုံးပွဲသို့ ရွှေကြေးစည်**

▲ ချိုးရေသုံးပွဲ၊ ညအိပ်နှံ့၍မန္တလေးသီးသန့်(၃)ရက်နှင့်ပြင်ဦးလွင်၊ စစ်ကိုင်း(၅)ရက်ခရီး ဆက်၍(မုံရွာ၊ရွှေဘို)(ပုဂံ၊ ပုပ္ပါး၊စွယ်တော်လေးဆူ) ၆-ရက်။ (တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်စမ်း၊ဂူ) ၇-ရက်။ ခရီးများအားလုံး(၁၁)ရက်ခရီး။ ဩဂုတ်လ ၂၁/၂၄ ထွက်မည်

▲ တောင်ပြုံးပွဲ၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ၊ ဝမ်တိန် (၈)ရက် (အဘထွက်ပွဲစုံစမ်းပါ)

ဖုန်းဆိုးတန်း: ☎240860/372290 ဒေါ်ပုံ09-49282825 ကဖောကြည်အိမ်ရာ09421029191

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

အလုံလမ်း၊ အမှတ် (၂၂၈)၊အဆင့်မြင့်ကွန်ဒိုမီနီယမ်တွင် SHEET PILE လုပ်ငန်းဆောက်လုပ်မည် ဖြစ်သဖြင့် စိတ်ပါဝင်စားသူလုပ်ငန်းရှင်များ အိတ်ဖွင့်ထင်ဒါ (ပစ္စည်း+တန်ဖိုးတွက်ချက်မှု)တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။
ဆက်သွယ်ရန်ဖုန်း -01-2301763 ~ 9 (Ext: 444,204)

**ရောင်း/ငှား**

| | | | | | |
|---|---|---|---|---|---|
| ၁။ | တ/ဥ | မင်းခေါင်း (၂) လမ်း | (20'×60') | မြေ | 1950 သိန်း |
| ၂။ | တ/ဥ | မေတ္တာလမ်းမ | (18'×60') | 2BN | 2950 သိန်း |
| ၃။ | စမ်းချောင်း | သံတံတားလမ်း | (13'×50') | GF | 980 သိန်း |
| ၄။ | စမ်းချောင်း | စေတနာလမ်း | (10'×30') | GF | 680 သိန်း |
| ၅။ | ပန်းဘဲတန်း | (၃၂) လမ်း | (18'×50') | Lift | 1380 သိန်း |
| ၆။ | ကျောက်တံတား | (၃၇) လမ်း | (13'×50') | 2F(အငှား) | 4.5 သိန်း |

Ph - 09-5036664, 09-448006266

**မူးယစ် ဆန့်ကျင် အောင်ပွဲဆင်**

**မြေကွက်ရောင်းရန်ရှိသည်**


ကလောမြို့၊ အောင်ပန်း-
ကလောလမ်းမအနီး(အင်းပြင်း)
ဂုတ်ကွက် ပေ(၈၀-၉၅)
ရောင်းရန်ရှိသည်။
ဖုန်း-၀၉-၄၂၃၇၃၁၀၉၊
၀၉-၄၄၈၀၂၃၀၁၀၊
၀၉-၂၆၀၅၇၅၉၇၇

**သမီးအဖြစ်မှစွန့်လွှတ်ခြင်း**

ဒေါ်သိန်းသိန်း[၁၂/ဥကမ(နိုင်)၀၀၅၆၈၇]၏ သမီးဖြစ်သူ မမို့မို့သွင် [၁၂/ ဥကမ(နိုင်)၀၀၅၉၆၂]ကိုင်ဆောင်ထားသူအား သမီးအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။ သူမနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဒေါ်သိန်းသိန်း
[၁၂/ဥကမ(နိုင်)၀၀၅၆၈၇]

**MIC**
**Myanmar Imperial College**




တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများအတွက်

- Diploma in Business (HND)
- Diploma in Advertising & Branding (HND)
- Diploma in Hospitality & Tourism (HND)
- Bachelor of Business & Management
- Bachelor of Marketing Management
- Bachelor of Tourism Management

MBA | DBA

+ ဗြိတိန်နိုင်ငံ Northampton University မှ တိုက်ရိုက်ပေးအပ်သော နိုင်ငံတကာ အသိအမှတ်ပြု Diploma နှင့် Bachelor Qualifications
+ ပြည်တွင်းပြည်ပမှ Professors၊ Lecturers နှင့် အတွေ့အကြုံရှိ စီးပွားရေး ပညာရှင်များ
+ နိုင်ငံတကာအဆင့်မှီ တက္ကသိုလ်ကျောင်းဝန်း

09 732 10001 / 09 4211 00222
No.1, Zay Myout St. U Wisara Roundabout. Dagon Tsp. Yangon
September Intake!

**အခန်းဆက်ဝတ္ထုရှည်**



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

**တက္ကသိုလ်ဘုန်းနိုင်**

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ် လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

ထိုအခါ သစ္စာလေးပါး တရားရှာရန် တောထွက်သော ကုမာရအား အနော်မာသောင်မကူးမိမီ တားဆီးရန် အားထုတ်သော မာရ်နတ်မင်းကဲ့သို့ နယ်ချဲ့သမားနှင့် လက်ပါးစေတို့သည် ရေနံမြေသပိတ်တပ်ကြီး မကွေးမှ မကျော်နိုင်ရန် အစွမ်းကုန်အားထုတ်လေတော့၏။

သပိတ်တပ်ကြီး၏ ဗိုလ်ချုပ်ကြီး အာဠာဝက သခင်ဖိုးလှကြီး အမှူးပြုသော လူခေါင်းဆောင်များကို လည်းကောင်း၊ ဦးဝါယမ. . . အမှူးပြုသော ရဟန်းခေါင်းဆောင်များကိုလည်းကောင်း

မကွေးအရေးပိုင်က ပုဒ်မ ၁၄၄၊ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၀၇၊ ၁၀၈ တို့အရ ဖမ်းဆီးချုပ်နှောင်လိုက်သည်။

သပိတ်တပ်ကြီးကိုလည်း လုံ့စွပ်တပ် သေနတ်ကိုင်စစ်တပ်၊ မြင်းတပ်၊ ပုလိပ်တပ်တို့နှင့်ဝိုင်းထားလိုက်၏။

ဤသတင်းသည်တစ်ပြည်လုံးသို့မပြန့်နိုင်မီ မကွေးမှ မိုင်သုံးဆယ်သာဝေးသော ရေနံချောင်းမြို့ဆီသို့ တောမီးပမာပျံ့နှံ့သွားသည်။

ရေနံချောင်းတစ်မြို့လုံး၌ စိုးရိမ်ကြောင့်ကြမှု လွှမ်းသွားသည်။ ဒေါသလည်းထွက်ကြသည်။ သပိတ်တပ်ကြီး မပြိုကွဲသွားစေရန် ကူညီရေးအတွက် စီစဉ်ပြင်ဆင်မှုများလည်းလုပ်ကြ၏။

ထိုတစ်ညဉ့် ဘေးမဲ့ချောင်းပေါ်တွင် နတ်တော်၏ ဆောင်းည ငွေလရောင်သည် ရွှန်းရွှန်းမြမြအေးအေး ကြည်ကြည် ကျဆင်းသက်ရောက်နေ၏။

သက်ခိုင်၏ အမေ၊ မလေးနွယ်၏ ဒေါ်လေးသက်သက်ကလည်း အကြော်ဖိုု၌ အလုပ်များနေ၏။

သက်သက်သည် ညပိုင်း၌ အကြော်မကြော်။ နံနက်မုန့်ဟင်းခါး ရောင်းရန်အတွက်သာ ပြင်ဆင်သည်။

မုန့်ဟင်းခါးကို စားသူများအတွက် တစ်ပန်းကန် နှစ်ပြားမျှပေးဝယ်ရသဖြင့် လွယ်ကောင်း လွယ်ပေသည်။ ချက်ရောင်းရသူအတွက်မူ မသက်သာ။ လက်ဝင်လေလှသည်။

ညဦးပိုင်းတွင် သက်သက်သည် ဆီချက်၏။ ဆီနှစ်မျိုးချက်သည်။ ကြက်သွန်ဖြူ ကြက်သွန်နီသတ်သော ဆီချက်ကတစ်မျိုး။ နနွင်းအုပ်ရသည့် ငရုတ်သီးဆီပြန်သော ဆီချက်နီကတစ်မျိုး။ ပုစွန်ဆီသို့ အရောင်လှရသည်။ ငံပြာရည်ကျိုရသည်။ အများကြိုက်သလို ဟင်းကိုပေ့ါပေ့ါ ချက်ထားသဖြင့်ငံပြာရည်က လိုသည်။ ဝယ်စားသူများက ဆီချက်တွန့်တိုလျှင်ခွင့်လွှတ်နိုင်သော်လည်းငံပြာရည်ကိုမူ ဖောဖောပေးမှ ကြိုက်သည်။ ငံပြာရည် မည်မျှထည့်ထည့် ဟင်း၌ ငါးအခတ်များပါမှ ချိုသည်။ သို့ရာတွင် သူတို့က ငံပြာရည်တောင်းလျှင်တွန့်တို၍ မဖြစ်။ မကွေးရေနံချောင်း အရပ်မှာ ငါးပိ၊ ငံပြာရည်ရှား၍ ဈေးကြီးသည်။ ထို့ကြောင့် သက်သက်က ငံပြာရည်ကို ဆားထိုးပြီး ရေရောကျိုထားရ၏။

ငရုတ်သီးမှုန့်ကိုလည်း ကိုယ်တိုင်လှော်ရ၏။ ဈေးတွင်းမှ ငရုတ်သီးမှုန့်ကို အလွယ်တကူ ဝယ်လျှင်ရသော်လည်း မညက်လည်း မညက်သည့်အပြင် ဖလံဖြူများလည်း ပါတတ်သေးသည်။ ကုလားမများရောင်းသော ငရုတ်မှုန့်အစိမ်းထောင်းကို ဝယ်ပြန်လျှင်လည်း ဆေးဆိုးထားသော ဆန်မှုန့်များရောပါလာတတ်သည်။ တစ်ဖန် ငရုတ်ခြောက်မှုန့် အစိမ်းထောင်းသည် ဝမ်းနာတတ်သည် ဆိုကာ စားသူများက မကြိုက်လှ။ သက်သက်သည် ငရုတ်သီးကို ဖလံဖြူမပါစေဘဲ ရွေးပြီး အိုးကင်းတွင် ဆီ မစို့မပို့ ထည့်၍သင်းနေအောင် လှော်သည်။

မုန့်ဟင်းခါးတွင် မပါမပြီးသည်မှာ ငှက်ပျောအူဖြစ်သည်။ ငှက်ပျောပင်ပွား ပေါက်စများမှ အူတိုင်ရရန်မှာ လွယ်လည်း လွယ်သည်။ ပေါလည်းပေါသည်။ သို့ရာတွင် ငှက်ပျောအူတိုင်နုတ် အချက်မခံ။ ပျော့တတ်သည်။ မုန့်ဟင်းခါး စားသူက ငှက်ပျောအူတိုင်ကို ကြွပ်ကြွပ်မာမာ စားချင်ကြသည်။ ပိုဆိုးသည်မှာ ငှက်ပျောအူတိုင်နုနုသည် ဟင်းကို ခါးစေ၍ အရောင်ကိုလည်း မည်းစေတတ်သည်။ အသီးအခိုင်ခုတ်ပြီး ကျန်ရစ်သော ငှက်ပျောပင်ကြီးမှ အူတိုင်သည် အသင့်လျော်ဆုံးဖြစ်၏။ သက်သက်၏ ချစ်လှစွာသောသား သက်ခိုင်သည် ငှက်ပျောအူတိုင်ကောင်းကောင်းကိုရှာပေးနိုင်စွမ်းရှိသည်။

ငှက်ပျောအူတိုင်ကဲ့သို့ပင် မုန့်ဟင်းခါးတွင် မပါမဖြစ်သော အရာကား ကြက်သွန်ဥကြီးပင် ဖြစ်သည်။ ဟင်းရည်မှ ဆယ်ပေးလိုက်လျှင် ကြက်သွန်ဥပါသွားရမည်။ ဤကြက်သွန်ဥသည် နူးညံ့ပျော့ပျောင်းနေရမည်။ ကြေစော်လည်း မနံစေရ။ ရောင်းသူဘက်မှ ကြည့်ပြန်လျှင်လည်း တစ်ပန်းကန် တစ်ဥမပေးနိုင်။ ထို့ကြောင့် ဟင်းချက်စဉ်ကတည်းက ကြက်သွန်ဥကို နူးညံ့ပျော့ပျောင်းအောင်၊ ကြေစော်မနံအောင် တစ်ပန်းကန်တွင် ကြက်သွန်ဥ တစ်လွှာနှစ်လွှာပါအောင် သတိထားချက်ရသည်။

ငါးကိုမူ ငါးခူရရ၊ ငါးကျည်းရရ၊ ငါးရံ့ရရ၊ ငါးဖယ်ရရ. . . ရသည်ကို ဝယ်ရ၏ သက်သက်က ငါးခူနှင့်ငါးကျည်းကိုသာ ဦးစားပေးသည်။

ငါးကိုမူပြုတ်ထားရ၏။ အသားများနူးသော်. . . အရိုးနွှင်ပြီး အသားချည်း ထွင်ယူရ၏။

ဟင်းချက်ခါနီး၌ ကြက်သွန်ဖြူ ကြက်သွန်နီ၊ နနွင်း၊ ချင်းတို့ကို ဆီသတ်ပြီး ငါးအသားများကို ထည့်ရ၏။ ငါးပိရည်ကျိုလေးကိုလည်း ဖျော်ထည့်ပေးရ၏။ ငါးပိရည်ကျိုသည် ဟင်းကို မြမြစိမ်းစေကာ အနံ့ကိုလည်း မွှေးစေ၏။ ထို့နောက် ပဲမှုန့်ကို ရေဖျော်ထည့်ပေးရသည်။

သက်သက်၏ မုန့်ဟင်းခါး ချက်နည်းမှာရေနံချောင်း မုန့်ဟင်းခါးချက်နည်းမဟုတ်ပါ။ သုံးဆယ်မြို့အထက် ပေါင်းတည်၊ ရွှေတောင်၊ ပြည်၊ အောင်လံ၊ တောင်တွင်း၊ မကွေး၊ ရေနံချောင်း. . . ဤမြို့များမှ မုန့်ဟင်းခါးချက်နည်းမဟုတ်ပါ။ မိတ္ထီလာ၊ ကူမဲ၊ ကျောက်ဆည်၊ မန္တလေးမြို့များမှ မုန့်ဟင်းခါးချက်နည်းလည်း မဟုတ်ပါ။

သက်သက်က သူ့မုန့်ဟင်းခါးကို ရန်ကုန်မုန့်ဟင်းခါးဟု နာမည်ထားသည်။ ရွှေဘုံသာရပ်ကွက်တွင် တွင်းစားသူဌေးသမီးဘဝ၌ နေခဲ့ရစဉ်တတ်ခဲ့သောပညာဖြစ်သည်။ ထိုစဉ်ကမူ ကောင်းနိုးရာရာကို အပျော်ချက်ပြုတ်စားခဲ့ရဖူး၏။

ရန်ကုန်မုန့်ဟင်းခါးအစစ်မှာ ဆီချက်ဆမ်းမပေး၊ ဟင်းအိုးကြီးကို ဖွင့်လိုက်လျှင်ပင် ဟင်းရည်မျက်နှာပြင်ပေါ်၌ပုစွန်ဆီသွေးငရုတ်ဆီများ ဝေ့နေပြီးဖြစ်နေ၏။

သက်သက်၏ မုန့်ဟင်းခါးစားပရိသတ်များက မုန့်ဟင်းခါးပန်းကန်တွင်းသို့ရောက်ပြီးမှ ဆီချက်လောင်းပေးသည်ကိုကြိုက်ကြသည်။ ထို့ကြောင့်သက်သက်က ဆီချက်ကို သီးသန့်ထားရ၏။

ဘဲဥလည်း ပြုတ်ရသည်။ နံနံပင်လည်း လှီးထားရသည်။ သံပရာသီးကိုလည်း စိတ်ထားရ၏။

ဤအလုပ်များကို သက်သက်သည် တစ်ဦးတည်းသောသား သက်ခိုင်၏ အကူအညီနှင့် လုပ်ရ၏။

သက်သက်သည် ဆီချက်၊ ချက်ခြင်း၊ ငံပြာရည်ကျိုခြင်း၊ ငရုတ်သီးလှော်ခြင်း၊ ငါးပြုတ်ခြင်း၊ ဘဲဥပြုတ်ခြင်း၊ နံနံပင်လှီးခြင်း စသည်တို့ကို ဤချောင်းဘေးရှိ တဲငယ်တွင် ညဉ့်ဦးပိုင်း၌ အပြီးလုပ်သည်။ မုန့်ဟင်းခါးဟင်းကိုမူ နံနက်ဝေလီဝေလင်း၌ သက်သက်က ဟင်းအိုးတည်နေစဉ် သက်ခိုင်က ဘေးမဲ့ရွာတွင်းရှိ မုန့်ဟင်းခါးဖိုမှ မုန့်ဟင်းခါးစိမ်းကို တောင်းလေးတစ်ခုနှင့် သွားထမ်းယူရသည်။ သက်ခိုင် ပြန်ရောက်လာချိန်တွင် ဟင်းလည်းကျက်၍ သက်သက်လည်း ရေမိုးချိုး သနပ်ခါးဘဲကျားလိမ်းပြီး ဖြစ်နေသည်။ နေထွက်တပြူတွင် သက်သက်မုန့်ဟင်းခါးရောင်း ထွက်သောအခါ သက်ခိုင်က အိမ်တွင် ကျန်ရစ်ပြီး နေ့လယ်ပိုင်း၌ အကြော်ကြော်နိုင်ရန် စီစဉ်ထားရ၏။

**သက်ခိုင်သည် မိခင်ကို ညာလိုက်ရခြင်းသာ ဖြစ်သည်။ အမှန်မှာ သူ့လက်မှ ခွေးကိုက်ခံထားရသော ဒဏ်ရာများသည် ကိုက်ခဲနာကျင်နေ၏။ တစ်ကိုယ်လုံးမှာ ပူသလို ချမ်းသလိုနှင့် တဖိန်းဖိန်း တဖျဉ်းဖျဉ်း ဖြစ်နေသည်။ စွပ်ကျယ်စပို့ရှပ်လက်တိုကလေးကိုသာ ဝတ်ထားရသောကြောင့် ဆောင်းည၏ အအေးဒဏ်ကိုလည်း ခံစားနေရသည်။ ဆောင်းည၏ အအေးဒဏ်ကိုမူ သက်ခိုင်သည် ခံစားနေကျဖြစ်သောကြောင့် . . .**

ဤကား သမုဒ္ဒရာဝမ်းတစ်ထွာအတွက် သက်သက်သည် ဘေးမဲ့ချောင်းဘေး တဲငယ်တွင် အလုပ်များနေ၏။ ခါတိုင်းလျှင် ပင်ပန်းသည်မှန်သော်လည်း သက်သက်သည် ပျော်ပျော်ရွှင်ရွှင် ရှိမြဲတည်း။ လုပ်ရင်းကိုင်ရင်း တေးသီချင်းလေးများကိုပင် ညည်းနေတတ်သည်။ ယခုညဉ့်၌မူ သက်သက်၏ စိတ်သည် မပျော်ရွှင်၊ သီချင်းလည်း မညည်းနိုင်။

သက်သက်၏ စိတ်များက မကွေးမြို့ဆီ ရောက်နေ၏။ ရင်တွင်းနှင့် လည်ချောင်းတွင်းဝယ် ဆို့နင့်နင့်ဖြစ်နေသောကြောင့် သီချင်းမညည်းနိုင်ပါ။

သက်သက်သည် လုပ်နေကျ အလုပ်များကို နာမ်မဲ့သော စက်ရုပ်ကဲ့သို့ လုပ်နေရ၏။

သက်ခိုင်သည်လည်း သူလာနေကျ လမ်းလေးအတိုင်း ထင်းစည်းလေးတစ်စည်းကို ထမ်းပြီး အကြော်ဖိုဆီ လျှောက်လာ၏။ သို့ရာတွင် ဆိုနေကျ သီချင်းလေးကို မဆို။ ဆိတ်ဆိတ်ငြိမ်ငြိမ်သာလျှင်တည်း။

သက်ခိုင်က ထင်းစည်းလေးကို မြေပေါ်၌ ချလိုက်ပြီးသောအခါမှ သက်သက်က စကားဆိုသည်။

"ဒီတစ်စည်းဆိုရင် လောက်ပါပြီ သားရေ၊ ထပ်မသယ်နဲ့တော့၊ ဒါထက် သားလက်က ဘယ့်နှယ်နေသေးလဲ"

"နည်းနည်းလေးပဲ နာနေတယ်၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး မေမေ"

သက်ခိုင်သည် မိခင်ကို ညာလိုက်ရခြင်းသာ ဖြစ်သည်။ အမှန်မှာ သူ့လက်မှ ခွေးကိုက်ခံထားရသော ဒဏ်ရာများသည် ကိုက်ခဲနာကျင်နေ၏။ တစ်ကိုယ်လုံးမှာ ပူသလို ချမ်းသလိုနှင့် တဖိန်းဖိန်း တဖျဉ်းဖျဉ်း ဖြစ်နေသည်။ စွပ်ကျယ်စပို့ရှပ်လက်တိုကလေးကိုသာ ဝတ်ထားရသောကြောင့် ဆောင်းည၏ အအေးဒဏ်ကိုလည်း ခံစားနေရသည်။ ဆောင်းည၏ အအေးဒဏ်ကိုမူ သက်ခိုင်သည် ခံစားနေကျဖြစ်သောကြောင့် မမှုလှ။

ဤအအေးဒဏ်သည် အရေပြားအောက် နက်နက်မသွား။ ဆောင့်ကြောင့်လေးထိုင်ပြီး ပုဆိုးခြုံ၍ ငြိမ်ငြိမ်လေးစိမ့်၍ စိမ့်၍ ချမ်းလာနေသည်။ ချမ်းလာပြီးနောက် ပူတူတူ ဖြစ်လာပြန်သည်။ အထူးသဖြင့် မျက်လုံးများနှင့် ပါးစပ်တွင်းက ပူလှသည်။ လည်းချောင်းကလည်းခြောက်နေ၏။

သက်သက်ကမူ သက်ခိုင်၏စကားကို ယုံကြည်လက်ခံလိုက်ပြီး။

"သား ဆာရင် ထမင်းစားတော့လေ၊ မေမေတော့ အိမ်ရောက်မှစားတော့မယ်" ဟု ဆိုသည်။

နေမကောင်းလှသော်လည်း သက်ခိုင်က ဆာလောင်နေသည်။ ထို့ကြောင့် သူ့မိခင်က ခွင့်ပြုသောအခါ ညစာ ထမင်းစားရန် ပြင်သည်။

သက်ခိုင်သည် သံပန်းကန်ပြားတစ်ချက်ကို ယူသည်။ အပြင်ဘက်၌ မီးခိုးမှိုင်းတို့နှင့် မည်းတူးနေသော ဒန်အိုးငယ်ကို ဖွင့်သည်။ ပြီးမှ လက်မဆေးရသေးကြောင်း သတိရသောကြောင့် လက်ထဆေးသည်။ လက်ဆေးပြီးမှ ဒန်အိုးငယ်ကို ပြန်ဖွင့်ကာ အတွင်းမှ ထမင်းကို နှိုက်ခူးသည်။ ထမင်းတစ်ဆုပ်ကို ထမင်းအိုးထဲတွင်ပင် မိခင်အတွက် ဦးချထားလိုက်၍ ပန်းကန်တွင်းသို့ မိမိအတွက် ထမင်းဆက်ထည့်သည်။

သက်ခိုင်က ထမင်းပန်းကန်ကို လှမ်းပေးသောအခါ သက်သက်က ဖိုပေါ်ရှိ အိုးတွင်၌ ဆူစပြုနေသော ငါးပြုတ်ရည် တစ်ဇွန်း ဆမ်းပေးသည်။

သက်ခိုင်သည် ငါးပြုတ်ရည် ဆမ်းထားသော ထမင်းထက် ငရုတ်သီးမှုန့်ဖြူးပြီး နှံ့အောင်နယ်၏။ ထိုနောက် နံနံပင် နှစ်ခက်ကို လည်းကောင်း၊ ဆန်ခါတွင်း၌ ညနေက ချန်ထားသော ပဲလုံးကြော်နှစ်ချပ်ကို လည်းကောင်း၊ သံပရာသီး တစ်စိတ်ကို လည်းကောင်းယူပြီး မီးဖိုနား ကပ်ကာ ထမင်းစစား၏။

သက်သက်က ကြင်နာစွာ မေး၏။

"သား. . . ဘဲဥပြုတ် စားဦးမလား၊ မေမေ တစ်ခြမ်းပေးမယ်လေ"

"တော်ပြီ မေမေ၊ ကျွန်တော် ဘဲဥပြုတ် မစားချင်ပါဘူး၊ ဆီချက်တော့ တစ်ဇွန်း ဆမ်းပေးပါ၊ ငံပြာရည်လည်း တစ်ဇွန်း ဆမ်းပေးနော် မေမေ"

သက်သက်က သား တောင်းသမျှကို ပေးသည်။

စင်စစ် သက်သက်သည် သားကို ဘဲဥပြုတ်တစ်ခြမ်း အမှန်ပေးလိုသည်။ သက်ခိုင်ကလည်း တစ်ခြမ်း မဟုတ်၊ တစ်လုံးစားချင်သည်။ သို့ရာတွင် သူပင်ပန်းလွန်း၍ . . . စားလည်း စားချင်လှလွန်း၍ တစ်ခါတစ်ရံ သကြားလုံး နှစ်ပြားဖိုး ဝယ်စားသည်အား ခွင့်ပြုသည့်အတွက် မေမေ့ကို သူကျေးဇူးတင်လှပါပြီ။ မမနွယ် လာခေါ်တိုင်း ကားခ တစ်မက် ထုတ်ပေးသောကြောင့်လည်းထမ်မံအထူး ကျေးဇူးတင်လှပါပြီ။ သားအမိနှစ်ယောက် နေ့ရော ညရော လုပ်ကြမှ စားစားသောက်သောက်ဖြင့် တစ်နေ့လျှင် တစ်ကျပ်၊ တစ်ကျပ်ခွဲသာမြတ်သည့် အကြောင်းကို သက်ခိုင် ကောင်းကောင်းသိပြီးဖြစ်၏။ ထို့ကြောင့်လည်း ဘဲဥပြုတ်ကို သူမစား။

သက်ခိုင်သည် ထမင်းကို ဆက်စားသည်။ ခါတိုင်းဆိုလျှင် ဘာနှင့်စားရစားရ ထမင်းမြိန်ရိုးဖြစ်သည်။ ယနေ့ညဉ့်၌မူ မမြိန်။ ငရုတ်သီးကလည်းမစပ်။ ငံပြာရည်ကလည်း မငံ။ သံပရာသီးကလည်း မချဉ်။

သက်ခိုင်သည် သူ့ကိုယ်သူ ဖျားချင်နေမှန်းသိနေ၏ ထမင်းတစ်ပန်းကန် ကုန်သောအခါ ထပ်မထည့်တော့ဘဲ သက်ခိုင်က ပန်းကန်လည်းဆေး၍ လက်လည်းဆေးသည်။ လက်ကို ထင်းပုံပေါ်ရှိ လက်နှီးနှင့်သုပ်ပြီးမေး၏။

"ကျွန်တော် ဘာလုပ်ပေးရဦးမလဲ မေမေ"

"နံနံပင် လှီးစရာပဲ ကျန်တော့တယ်၊ ဒါပေမဲ့ သား နားတော့လေ၊ မေမေပဲ ဆက်လုပ်လိုက်တော့မယ်"

**ဆက်လက်ဖော်ပြပါမည်။**




**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

ပြည်တွင်းရေးရာ

## မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာကိုးရွာ တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်

**ကနီ ဩဂုတ် ၁၇**

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း ကျေးရွာတစ်ရွာလျှင် သိန်း ၃၀၀ နှုန်းဖြင့် ထူးကျေးရွာ၊ ညောင်သူများကျေးရွာ၊ လည်ရှည်ရွာမကျေးရွာ၊ ငါးဖျက်ကျေးရွာ၊ အင်ချောင်ကျေးရွာ၊ မုဌော(န)ကျေးရွာ၊ ရေသာရွာမကျေးရွာ၊ ညောင်ပင်ဝန်းကျေးရွာနှင့် ချောင်းမ(န)ကျေးရွာစသည့် ကျေးရွာကိုးရွာ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ကျေးရွာများအလိုက် စီမံကိန်းများဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆိုင်က "ကျွန်တော်တို့မြို့နယ်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် မြစိမ်းရောင်ရန်ပုံငွေများ ရရှိတဲ့ကျေးရွာကိုးရွာကို ရန်ပုံငွေများအမြန်ထုတ်ပေးနိုင်ရေး ကျေးရွာများမှ ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းရွေးချယ်ဆောင်ရွက်ခြင်းများကို နယ်မြေကွင်းဆင်းဆောင်ရွက်ရာမှာ ကျေးရွာပြည်သူလူထု၏ သဘောဆန္ဒများနဲ့အညီ ဖွဲ့စည်းဆောင်ရွက်ပြီးတော့ ကျွန်တော်တို့ ဩဂုတ်လတတိယပတ်အတွင်း စတင်ထုတ်ချေးပေးပြီး စက်တင်ဘာလမှာ အပြီးထုတ်ချေးသွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

ကနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆိုင်နှင့် ဝန်ထမ်းများက ဩဂုတ် ၁၅ ရက်တွင် ငါးဖျက်ကျေးရွာသို့သွားရောက်၍ ယင်းကျေးရွာမှ ပြည်သူလူထု၏ သဘောဆန္ဒတူညီမှုဖြင့် ကျေးရွာ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်ပြီး ယင်းကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့နည်းစေရန် နိုင်ငံတော်မှ ၂၀၁၄-၂၀၁၅ ခုနှစ်မှစတင်၍ ကျေးရွာပေါင်း ၁၄၅၀ ကို မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ **သန်းဌေးအောင်(ကနီ)**

## ရေကြီးရေလျှံပျက်စီးမှုကြောင့် ပြန်လည်ပြုပြင်သည့်လုပ်ငန်းများ ဆည်မြောင်းဦးစီးဌာနနှင့် တည်ဆောက်ရေး(၄)မှ ဆောင်ရွက်

**ကလေး ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် ရေကြီးရေလျှံပျက်စီးမှုကြောင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများအတွက် ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းအင်အားများအပြင် တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူး ဦးအောင်ဗိုလ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် ညွှန်ကြားရေးမှူး ဦးစိုးနိုင်(စက်မှု)တို့ ဦးဆောင်သောအဖွဲ့သည် ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက ဝန်ထမ်းအင်အား၊ စက်ယန္တရားအင်အားများဖြင့် အားဖြည့်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ငန်းများဆောင်ရွက်နေကြောင်း သိရသည်။



အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အတွင်း စပါးစိုက်ခင်းများ ရေရရှိရေးအတွက် မြို့လှရပ်ကွက်မြောင်း ငါးမွှာရေပေးမြောင်း၊ ချင်းဆိုင်၊ ခုံသာကျေးရွာနှင့် သစ်စိမ့်ပင်မြောင်း သဲနုန်းပြန်လည်တူးဖော်ခြင်းကြောင့် ရေစတင်လွှတ်ပေးနိုင်ခြင်း၊ ဇင်းကလင်း-ရေလဲဦး-ပေါက်ခုံလမ်းရှိ ရေလဲဦး-ပေါက်ခုံလမ်း ပြုပြင်ဖောက်လုပ်ခြင်း လုပ်ငန်းများအတွက် JCB, HY-322, HY-462, HY-512 အမျိုးအစား စက်ယန္တရားများ အသုံးပြုကာ ဆောင်ရွက်ပြီးစီးခဲ့သည်။

အလားတူ ကလေးမြို့နယ် ပြည်သူ့ဆေးရုံသန့်ရှင်းရေးနှင့် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးခြင်း၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဆောင်များ ရေပေးခြင်း၊ စာသင်ခန်းများသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ကျောင်းဝင်းအတွင်းရှိ လမ်းများအား ချောင်းကျောက်ခင်းခြင်း၊ မြို့တွင်း အောင်မြေမာန်၊ ညောင်ပင်သာရပ်ကွက်ရှိလမ်းများပေါ်တွင် စွန့်ပစ်အမှိုက်များအား သယ်ယူစွန့်ပစ်ခြင်း၊ အမှတ်(၁၁)အခြေခံပညာအလယ်တန်း ကျောင်းခွဲဝင်းအတွင်း ရှိရွှံ့ညွှန်များရှင်းလင်းဖယ်ရှားခြင်း၊ အမှတ်(၁၅)အခြေခံပညာမူလတန်းလွန်ကျောင်းဝင်းအတွင်းရှိ ရွှံ့နွံများ သယ်ယူစွန့်ပစ်ခြင်း၊ ကလေး-ကလေးဝ လမ်းဘေးရေနုတ်မြောင်းတူးဖော်ခြင်း၊ မဂ်လာဥယျာဉ်ရပ်ကွက် စိုက်ပျိုးရေးလမ်း ရေနုတ်မြောင်းသန့်ရှင်းရေးပြုလုပ်ခြင်း စသည့်မြို့တွင်း၊ မြို့ပြင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ပြုပြင်ခြင်းတို့အတွက် Water Bowser, Tipper, JCB၊ WL-155, WL-154, HY-494, WL-157, HY-493, HY-518 Dumper အမျိုးအစား စက်ယန္တရားအင်အားနှင့် လူအင်အားများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇိုဟေဆာ(ပြန်/ဆက်)**

## တောင်ကမ်းပါးပြိုကျ၍ လမ်းများပိတ်ဆို့၊ နေအိမ်ပြိုကျပျက်စီး၍ လူတစ်ဦးသေဆုံး

**မိုးကုတ် ဩဂုတ် ၁၇**

မိုးကုတ်မြို့နယ်တွင် ဩဂုတ် ၁၅ ရက် နံနက် ၂ နာရီမှ နံနက် ၉ နာရီအထိ မိုးရေချိန် ၆ ဒသမ ၁၀ လက်မ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မြို့နယ်အတွင်း နေအိမ်အဆောက်အအုံ ပြိုကျပျက်စီးမှုများ၊ အုတ်တံတိုင်းပြိုကျပျက်စီးမှုများ၊ တောင်ကမ်းပါးများပြိုကျမှုများ ဖြစ်ပေါ်ခဲ့ပြီး လမ်းတံတားပိတ်ဆို့မှုများနှင့် လူသေဆုံးမှုတို့ ဖြစ်ပွားခဲ့သည်။



အဆိုပါမိုးရွာသွန်းမှုကြောင့် မြို့မရပ်ကွက်၊ ချမ်းမြေ့သာယာရပ် ဦးဇော်အောင်၏ (2×1) ခန်း၊ တစ်ထပ်သွပ်မိုး နေအိမ်ပြိုကျပျက်စီးခဲ့သဖြင့် ဦးဇော်အောင်၏ ဇနီးဖြစ်သူ ဒေါ်ရင်မိုးသည် မြေပိ၍ သေဆုံးခဲ့ကြောင်းသိရပြီး နေအိမ်ပြိုကျမှု၊ နေအိမ်အစိတ်အပိုင်းပျက်စီးမှုနှင့် နေအိမ်ခြံစည်းရိုးအုတ်တံတိုင်းပျက်စီးမှုကို နေအိမ် ရှစ်လုံးဖြစ်ခဲ့ပြီး အဆိုပါဘေးအန္တရာယ်ဖြစ်ပွားသည့် နေရာများသို့ မြို့နယ်ကူညီကယ်ဆယ်ရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ ပြည်သူများနှင့်အတူ ကယ်ဆယ်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည်။ **မိုးကုတ်(ပြန်/ဆက်)**

## ရေဘေးရှောင်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းထောက်ပံ့

**မြင်းခြံ ဩဂုတ် ၁၇**

မြင်းခြံမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေဝင်ရွှေ့ပြောင်းရသော ရေဘေးရှောင်ပြည်သူ အိမ်ထောင်စုများအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မန္တလေးမြို့ပေါ်ရှိ စေတနာရှင်၊ အလှူရှင်များမှ လှူဒါန်းထောက်ပံ့သည့် ပစ္စည်းများပေးအပ်ပွဲကို ဩဂုတ် ၁၄ ရက် နံနက်က ညောင်ဦးမြို့နယ် အနော်ရထာခန်းမ၌ပြုလုပ် ခဲ့ရာ ရေဝင်ရွှေ့ပြောင်းရသော ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုအဖွဲ့ဝင်များ၊ တာဝန်ရှိသူများလာရောက်၍ လက်ခံရယူခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ကယ်ဆယ်ရေးပစ္စည်းများမှာ ကြက်ဥ၊ ခေါက်ဆွဲခြောက်ထုပ်၊ သကြားနီး၊ ထီး၊ ဖိနပ်၊ ရေသန့်၊ ဘီစကတ်မုန့်ထုပ်၊ ဗလာစာအုပ်၊ ဆပ်ပြာထုပ်ကြီး၊ တိုင်းရင်းဆေး၊ မျက်နှာသုတ်ပဝါကြီး၊ လတ်၊ သေး၊ ရွှေဝါဆပ်ပြာ၊ ဆပ်ပြာမွှေးခဲတို့အပြင် ကျွဲ၊ နွားများအတွက် အာဟာရပြည့် ယူရီးယားသကာတုံးတို့အား ပေးအပ်ခဲ့ကြောင်း သိရသည်။

မြင်းခြံမြို့နယ်အတွင်းရှိ ရေဝင်ရွှေ့ပြောင်းရသည့် ရပ်ကွက်၊ ကျေးရွာများမှ သဘော်တင်၊ ကြက်လျှာ၊ ကျောင်းကုန်း၊ လေးအိမ်တန်း၊ အင်ကြင်းပင်၊ ဘောလုံး၊ လက်ပံပင်၊ လှိုင်းတက်၊ အောင်ပြည်စိုး ပြည်တော်သာ၊ သဲဖြူဝ (န)၊ ကျီးပင်၊ သဲဖြူဝ (ရွာမ)၊ မြောက်ကျွန်း၊ ပတ္တာ( ရ )၊ တဲကုန်း၊ နယ်ခြား၊ တောင်ကျွန်း၊ ညောင်ပင်ရွာ၊ ကျွဲခြံ၊ ဖိုးတုတ်ဖြူကျေးရွာများဖြစ်ကြောင်း၊ ရေဝင်ရွှေ့ပြောင်းအိမ်ထောင်စု စုစုပေါင်းမှာ ၉၄၄ ဖြစ်ပြီး လူဦးရေ ၃၃၄၆ ဦးရှိကြောင်း ယခုတိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ထောက်ပံ့သည့်ပစ္စည်းများကို ရေဘေးရှောင်ပြည်သူများလက်ဝယ်အရောက် ဖြန့်ဝေပေးပြီးဖြစ်သည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

## ကလေးမြို့နယ် ရေကြီးရေလျှံမှုကြောင့် ပျက်စီးသောလယ်မြေများအတွက် အထူးအထွက်တိုး စပ်မျိုးစပါးများဖြန့်ဝေ

**ကလေး ဩဂုတ် ၁၇**

ကလေးမြို့နယ်တွင် ဇူလိုင်လကုန်နှင့် ဩဂုတ်လပထမပတ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပွားကာ စိုက်ပျိုးမြေဧကပေါင်း ၆၀၀၀၀ ခန့် ရေလွှမ်းမိုးပြီး ၄၆၀၅၉ ဧကထိခိုက်ကာ ၃၂၈၉၈ ဧက ပျက်စီးခဲ့ကြောင်း သိရသည်။

ယခုအခါ ကလေးမြို့နယ်တွင် ရေဘေးပြန်လည်ထူထောင်ရေး ရွှေ့တန်းစခန်း လေးနေရာ၌ ဖွင့်လှစ်ထားရှိရာ ထိခိုက်ပျက်စီးသွားသောလယ်မြေများကို အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ပေးပို့သော GW-1 အထူးအထွက်တိုးစပ်မျိုးစပါး ၇၈၉ ဧကစာ၊ ရွှေသွယ်ရင်စပ်မျိုးစပါး ၆၃၃ ဧကစာ စုစုပေါင်း ၁၄၂၂ ဧကစာအား ကျေးရွာအုပ်စု ၁၀ စုသို့ ဖြန့်ဝေပြီးဖြစ်ကြောင်း သိရသည်။

ယင်းအပြင် တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနမှရောက်ရှိလာသော လယ်ထွန်စက်များအနက် ရာဇဂြိုဟ်ဆည်အနီးတွင် လယ်ယာမြေများပြန်လည်ထွန်ယက်နိုင်ရန် ဩဂုတ် ၁၄ ရက်က ထွန်စက်အစီး ၁၀ စီး၊ ဩဂုတ် ၁၅ ရက်က နတ်မြောင်းကျေးရွာ၌ ကိုးစီး၊ သာစည်ကျေးရွာ၌ သုံးစီး၊ ထိုမာကျေးရွာ၌ ရှစ်စီး၊ ဆည်တော်ဦးကျေးရွာ၌ ငါးစီး၊ ကျောင်းတိုက်ကျေးရွာ၌ ငါးစီး၊ မြို့ပေါ်သန့်ရှင်းရေးအတွက် နှစ်စီး၊ ဆည်တော်ဦးကျေးရွာသွားလမ်း ရွှံ့ညွှန်များရှင်းလင်းရန် လေးစီးတို့ကို အသုံးပြုထားပြီး ကလေးဝမြို့တွင်လည်း လမ်းများရှင်းလင်းရန်အတွက် ထွန်စက်ငါးစီးအား အသုံးပြုထားသည်။ **ဂျိုးနက်**

## ကော်မရှင်အဖွဲ့ခွဲများကို ရွေးကောက်ပွဲဆိုင်ရာ သင်တန်းပို့ချ

**မြို့သစ် ဩဂုတ် ၁၇**

မကွေးခရိုင် မြို့သစ်မြို့နယ် မြို့နယ်ကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့်အဖွဲ့သည် ငွေးကုန်းအုပ်စု ငွေးကုန်းကျေးရွာတွင် မွန်းလွဲ ၁ နာရီက ရွေးကောက်ပွဲဆိုင်ရာသင်တန်းများကို ဖွင့်လှစ်ပို့ချခဲ့သည်။

မြို့နယ်ကော်မရှင်အဖွဲ့ဥက္ကဋ္ဌက ရွေးကောက်ပွဲဆိုင်ရာအကြောင်းအရာများနှင့် မဲပေးပိုင်ခွင့်ရှိပြည်သူများအနေနှင့် မိမိပေးလိုသည့်ပါတီအသီးသီးရှိ ကိုယ်စားလှယ်များကို သတ်မှတ်စည်းမျဉ်းစည်းကမ်းအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ကာ မဲပေးစေလိုကြောင်းနှင့် မိမိပေးလိုက်သည့်မဲကို ပယ်မဲမဖြစ်စေလိုပါက သတ်မှတ်နေရာတွင် မဲပေးရန်မှာကြားခဲ့သည်။

အဖွဲ့ဝင်ဦးလှထွန်းနှင့် ဒေါ်နှင်းဝေဦးတို့ကလည်း ရွေးကောက်ပွဲနှင့်ပတ်သက်သည့် အချက်အလက်များကို ငွေးကုန်းကျေးရွာနှင့် တက်ရောက်လာသောဒေသခံပြည်သူများ လွယ်လွင့်တကူ သိရှိနားလည်သဘောပေါက်စေရန် ဆွေးနွေးမှာကြားပို့ချခဲ့သည်။ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင် စေရန် သင်တန်းဆင်းများအား ကော်မရှင်အဖွဲ့များနှင့် ပူးပေါင်းကာကျေးရွာများ၌ သင်တန်းများပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်ဇော်(မြို့သစ်)**

## ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များကို ရပ်ကွက် နှင့် ကျေးရွာအဖွဲ့ခွဲများ နိုင်ငံရေးပါတီများ တွေ့ဆုံရှင်းလင်းဆွေးနွေး

**ညောင်ရွှေ ဩဂုတ် ၁၇**

ရွေးကောက်ပွဲဆိုင်ရာအချက်အလက်များကို ညောင်ရွှေမြို့နယ်ရှိ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများသို့ ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမတွင် ရှင်းလင်းခဲ့ကြောင်း သိရသည်။

ရှင်းလင်းပွဲတွင် ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးပွင့်က အမှာစကားပြောကြားပြီး တောင်ကြီးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးဇော်မြင့်ဝင်းနှင့် ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးတို့က ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ၊ ဥပဒေ၊ နည်းဥပဒေများ၊ ကျင့်ဝတ်များ၊ ရုံးလုပ်ငန်းဆိုင်ရာများကိုရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။ **နေမျိုးသူရိန်**

# စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်အတွင်း ရေနစ်မြုပ်ခဲ့၍ ပိတ်ထားသောစာသင်ကျောင်းနှစ်ကျောင်း ပြန်လည်ဖွင့်လှစ်

**ခင်ဦး ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အတွင်း ဇူလိုင် ၂၇ ရက်က မိုးမြစ် ရေကြီးရေလျှံမှုဖြစ်ပွားကာ အခြေခံပညာမူလတန်းကျောင်းနှစ်ကျောင်း ရေနစ်မြုပ်ခဲ့သဖြင့်ပိတ်ထားခဲ့ရသည်။

အဆိုပါပိတ်ထားသော မူးသာကျေးရွာ၊ တာတိုင်ကျေးရွာ စာသင်ကျောင်းတို့ကို ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ကျောင်းသားမိဘများ၊ ပညာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များမှ ရေကျသည်နှင့်တစ်ပြိုင်နက် စာသင်ခန်းအတွင်း တင်ကျန်နေသည့် နုန်းမြေများ၊ ရွှံ့များ၊ စာသင်ကျောင်းပတ်ဝန်းကျင်တို့ကို သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သဖြင့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ဩဂုတ် ၁၄ ရက်တွင် မြို့နယ်ပညာရေးရုံးမှ ကျောင်းသား၊ ကျောင်းသူများကို အာဟာရဆန်ပြုတ်တိုက်ကျွေးခဲ့သည်။

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန မြို့နယ်ပညာရေးရုံးမှ ရေဘေးသင့်သော ကျောင်းနှစ်ကျောင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျောင်းထောက်ပံ့ကြေးငွေကျပ်ကိုးသိန်း၊ သန့်စင်ခန်းပြုပြင်ရန်ငွေကျပ်နှစ်သိန်း၊ ရွှံ့ညွန်များရေဆေးသန့်စင်ရန် ငွေကျပ်နှစ်သိန်း၊ ရေတုံကင်များသန့်စင်ရန် ငွေကျပ်ခြောက်သိန်း၊ အာဟာရကျွေးရန် ငွေကျပ်လေးသိန်း စုစုပေါင်းငွေကျပ် ၂၃ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနေ့က အဆိုပါကျောင်းနှစ်ကျောင်းကို စာရေးထိုင်ခုံအစုံ ၅၀ ကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# (၉၄)လမ်းနှင့် ဈေးဖြတ်လမ်းမိသားစုမှ ဒေါင်ကြီးကျေးရွာ ရေဘေးသင့်ပြည်သူများသို့ သွားရောက်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၇**

မင်္ဂလာတောင်ညွန့်မြို့နယ် (၉၄)လမ်းနှင့် ဈေးဖြတ်လမ်းမိသားစုသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်ရှိ ဒေါင်ကြီးကျေးရွာ ရေဘေးသင့်ပြည်သူများထံသို့ သွားရောက်၍လှူဒါန်းခဲ့ရာ ယင်းအဖွဲ့နှင့်အတူ မီးအိမ်ရှင် ဒေါက်တာနိုင်တင်ဂေးလ်လိုက်ပါ၍ နာမကျန်းဖြစ်နေသူများအား ဆေးကုသပေးခဲ့ကြောင်း သိရသည်။

(၉၄)လမ်းနှင့် ဈေးဖြတ်လမ်းမိသားစုသည် ဒေါင်ကြီးကျေးရွာ ရေဘေးသင့်ပြည်သူများထံသို့ အစားအသောက်၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင်များကို သွားရောက်လှူဒါန်းခဲ့ပြီး နာမကျန်းဖြစ်နေသူများအား ဒေါင်ကြီးဘုန်းကြီးကျောင်းတွင် ဒေါက်တာနိုင်တင်ဂေးလ်က ဆေးကုသပေးခဲ့ကာ ကျန်းမာရေးဆိုင်ရာ သတိပြုဆင်ခြင်စရာများကို အသိပညာပေးဟောပြောခဲ့သည်။

ဒေါင်ကြီးကျေးရွာသည် သွားလာရခက်ခဲသောကြောင့် လှူဒါန်းထောက်ပံ့သူ လာရောက်မှုနည်းကြောင်း၊ ယင်းကျေးရွာသို့ ထပ်မံသွားရောက်၍ ဆေးကုသပေးရန်စီစဉ်ထားကြောင်း ဒေါက်တာနိုင်တင်ဂေးလ်က ပြောသည်။ **ကြေးမုံ**

# အောင်မြေသာစံမြို့နယ်တွင် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း အခြေစိုက်စခန်း လေးခုဖွင့်လှစ်ဆောင်ရွက်

**မန္တလေး ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း အခမ်းအနားအား ဩဂုတ် ၁၅ ရက်က အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြုပင်မဌာန ဗဟိုညှိနှိုင်းရေးမှူး ဦးအေးကြိုင်က ကျောင်းပြင်ပမူလတန်းပညာရေး၏ သဘောသဘာဝများနှင့် တာဝန်ခံ မြို့နယ်ပညာရေးမှူး ဦးဗိုလ်ထီမှ လုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ယင်းနောက် တက်ရောက်လာသည့် အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

အောင်မြေသာစံမြို့နယ်အနေဖြင့် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်း အခြေစိုက်စခန်း လေးခုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အမှတ် (၃၈)အခြေခံပညာမူလတန်းကျောင်း၊ အမှတ် (၂၉) အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ အမှတ် (၃၂) အခြေခံပညာမူလတန်းကျောင်း၊ အမှတ် (၁၉) အခြေခံပညာအထက်တန်းကျောင်းခွဲများတွင် ကျောင်းသား၊ ကျောင်းသူပေါင်း ၅၆ ဦးအား ဇွန် ၁၅ ရက်မှ စတင်သင်ကြားပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းဆောင်ရွက်ရန် အလှူရှင်များ၊ NGO များနှင့် Unicef တို့မှ ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်းနှင့် အောင်မြေသာစံမြို့နယ်အား တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးမှ အလှူရှင်အဖြစ် ပံ့ပိုးကူညီထားကြောင်း အောင်မြေသာစံမြို့နယ် မြို့နယ်ပညာရေးမှူး ဦးညဏ်ဝင်းက ပြောသည်။

**ကျော်ဇင်(မုံရွာ)**



ကလေးမြို့နယ်တွင် ဇူလိုင်လနောက်ဆုံးပတ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားကာ စိုက်ပျိုးမြေဧကပေါင်း ၆၀၀၀၀ ခန့် ရေလွှမ်းမိုးခံရ၍ ဧက ၄၀၀၀၀ ခန့် ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။ ယခုအခါ ရေများကျသွားပြီဖြစ်သဖြင့် ရေလွှမ်းခံခဲ့ရသော လယ်ယာမြေများ၌ ပြန်လည်စိုက်ပျိုး၍ရသော လယ်ယာများတွင် စိုက်ပျိုးလျက်ရှိသည်။

သတင်းနှင့် ဓာတ်ပုံ - ချင်းတွင်းသား

POPULAR STAR TRAVEL & SERVICES
ဗုဒ္ဓဂယာခရီးစဉ်
ခရီးစဉ်ရက်များ
အောက်တိုဘာ ၂၆။ နိုဝင်ဘာ ၁၅၊ ၂၉။
ဇန်နဝါရီ ၂၇။ ဖေဖော်ဝါရီ ၁၀၊ ၂၄။ မတ် ၂၊ ၁၆။
စရိတ်ငွေ ၁ သိန်း၊ + ၇၅၀ ဒေါ်လာ
ဩဂုတ်လအတွင်း ဗုဒ္ဓဂယာခရီးစဉ်စာရင်းပေးသွင်းသူမိတ်ဟောင်းမိတ်သစ်များအားကျေးဇူးတုံ့ပြန်သောအားဖြင့် တစ်ဦးလျှင်( ၇၀၀၀၀ )ကျပ် ကုသိုလ်ပြုလှူဒါန်းသွားမည်ဖြစ်ကြောင်းကြိုတင်အသိပေးအပ်ပါသည်။
၀၁ ၂၃၀၁၈၆၆၊ ၀၉-၅၁၂၉၁၃၄၊ ၀၉-၇၈၆၅၁၆၅၂၀၊ ၀၉-၇၈၅၀၂၂၆၅၂။

## မကွေးမြို့၊ မြသလွန်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

(၁၃၇၇ခုနှစ်၊ သီတင်းကျွတ်လဆန်း၄ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၈ရက်ထိ) ၁၇-၁၀-၂၀၁၅ မှ ၅-၁၁-၂၀၁၅အထိ ရက်(၂၀)ကျင်းပပါမည်။ ယခုနှစ် ဆိုင်ခန်းလျှောက်လွှာများကို ယခင်နှစ်ဆိုင်ခန်းပြေစာများနှင့် ပူးတွဲလျက် ရောင်းကုန်အမည်ဖော်ပြ၍ ဆိုင်ခန်းတစ်ခန်းလျှင် ကြိုတင်ငွေကျပ် ၁၈၀၀၀/-(ကျပ်တစ်သောင်းရှစ်ထောင်တိတိ)တင်သွင်းလျှောက်ထားရပါမည်။ ဆိုင်မထွက်လျှင် ငွေပြန်မအမ်းပါ။ ဈေးဆိုင်ဟောင်းများလျှောက်လွှာကို (၁၃၇၇ခုနှစ်၊ ဝါခေါင်လဆန်း၁၅ရက်)၊ ၃၀-၈-၂၀၁၅ရက် နောက်ဆုံးထား၍လည်းကောင်း၊ ဈေးဆိုင်သစ်များလျှောက်လွှာကို (ဝါခေါင်လ ပြည့်ကျော် ၆ရက်မှ တော်သလင်းလဆန်း ၁၅ရက်) ၅-၉-၂၀၁၅မှ ၂၈-၉-၂၀၁၅ထိ နောက်ဆုံးထား၍လည်းကောင်း တင်သွင်းကြရပါမည်။

ဇာတ်/အငြိမ့်/ဘားဆပ်ကပ် ကပွဲရုံ(၁) ရုံမြေနေရာကို (၁၃၇၇ခုနှစ်၊ ဝါခေါင်လဆန်း၇ရက်) ၂၂-၈-၂၀၁၅ရက်၊ မွန်းလွဲ(၁)နာရီတွင် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံးခန်း၌ ဈေးပြိုင်စနစ်ဖြင့် ရောင်းချပါမည်။

**မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၊ မကွေးမြို့။
ဖုန်း/၀၉/၆၅၆၁၃၃၁၊ ၀၉/၂၅၆၁၄၄၄၆၅**

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| | | **တိုင်း(၇)ရန်ကုန်** |
| ၁ | ၇၄/မမ/CE | - ကြည့်မြင်တိုင်တွင် ပါဆယ်ရုံ အဆောက်အဦးဆောက်လုပ်ခြင်း |
| ၂ | ၇၅/မမ/CE | - ရန်ကုန်မြို့ပတ် ရထားလမ်းတစ်လျှောက် ရထားလမ်းဘေးဝဲ/ယာ အမှိုက်သိမ်းခြင်း လုပ်ငန်း (၂၉.၅)မိုင် |
| ၃ | ၇၆/မမ/CE | - မလွှကုန်းမှ တိုးကြောင်ကလေးအထိ ရထားလမ်း တစ်လျှောက် ရထားလမ်းဘေးဝဲ/ယာ အမှိုက်သိမ်းခြင်း လုပ်ငန်း (၅)မိုင် |
| ၄ | ၆၄/မမ/CE | - မွန်ပြည်နယ်၊ ပေါင်မြို့နယ်ရှိ ဘန့်ဘွေးကုန်း ကျောက်မိုင်း လုပ်ကွက်(၂)ခု စုစုပေါင်း (၅၆.၂၅)ဧက ငှါးရမ်းရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - အမှတ်စဉ် (၁)မှ(၃) ၃၁.၈.၂၀၁၅ ( တနင်္လာနေ့ ) (၁၂.၃၀)နာရီ
- အမှတ်စဉ် (၄) ၁၇.၉.၂၀၁၅ (ကြာသပတေးနေ့)(၁၂.၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၁၇.၈.၂၀၁၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း:294352,291994

သုံးရောသီ ဓမ္မဒါန
တောင်ပြုံး၊ မန္တလေး၊ ပြင်ဦးလွင်
ကားအမျိုးမျိုးစီးလုံးငှားသည်။
အဘထွက်ပွဲ ပုဂံ ပုပ္ပါး ပခုက္ကူ
Aug - 24
Sep - 29
420144148, 421153797

ဓမ္မအလင်း တရားအသံတော် ဖြန့်ချိရေး
(MP 3 ခေါ်၊ USB-Micro Stick) များကို အသင့်သွင်းပြီး တရားအသံတော်များကို ဓမ္မဒါနပြုလိုသူများအတွက် သက်သာသောနှုန်းဖြင့် ဆောင်ရွက်ပေးပါသည်။
L7- ယုဇနပလာဇာ၊ မြေညီထပ်၊
PH: 01 200747, လိုင်းခွဲ -1315, 09 73009841

ကိုသန့်ဇင် CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၀

iStock® ကုန်ပစ္စည်းထိန်းကွပ်မှုဆော့ဝဲ
ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
အကြွေးစာရင်း
လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း
Contact Us ...
YGN 09-254151516, 09-43039798, 09-43064181
MDY 09-43200283, 09-257333214
NPT 09-974432762, 09-974432763
Galaxy Software Co., Ltd.
www.galaxy.com.mm

# ကျေးဇူးတင်ကမ္ပည်းမော်ကွန်းလွှာ

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်း မင်္ဂလာတောင်တော်ဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုဇနနှင့် တပည့်ဒါယကာ၊ ဒါယိကာမများမှ ၈-၈-၂၀၁၅ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ သစ်စိမ့်ကုန်းကျောင်းဝိုင်း(ရေဘေးကယ်ဆယ်ရေးစခန်း)ရှိ (အိုးဘိုကုန်းရွာနှင့် ခုနစ်တာရွာ)များကို လှူဒါန်းရာတွင် အစစအရာရာကူညီဆောင်ရွက်ပေးကြသော ဦးအောင်ငွေး-ဒေါ်ခင်စန်း(တော်ဝင်လမ်းမိသားစု)အား လည်းကောင်း၊ ၁၀-၈-၂၀၁၅ရက်တွင် မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ မန်းရေနံမြေ ညောင်ဇင်ကျောင်းဝိုင်းအုပ်စု (ရေဘေးကယ်ဆယ်ရေးစခန်း)ရှိ မန်းကျိုးရွာ၊ နိဗ္ဗာန်ကျွန်းရွာ၊ ဆည်ရွာ၊ ကျွဲကျရွာ၊ ရွာသစ်ကုန်းရွာ၊ ထုံးမကြီးရွာ၊ ဧရာဝတီမြစ်-မုန်းချောင်း-မန်းချောင်းဆုံရာ ငွေသောင်ရွာ၊ ရွာပုလဲကျေးရွာအုပ်စု(ရေဘေးကယ်ဆယ်ရေးစခန်း)ရှိ ကုန်းတန်းရွာ၊ မကျီးပင်ရွာ၊ ရွာသစ်ရွာ၊ ချောင်းကောက်ရွာစသော ကျေးရွာများနှင့် မင်းဘူးမြို့နယ် ဖြူဟွမ်စိုရ် နာရေးကူညီမှုအသင်းများသို့ ငွေကျပ်သိန်း ၃၀၀ကျော်တန်ဖိုးရှိ ဆေးပစ္စည်း၊ ဆန်၊ အဝတ်အထည်၊ ရေသန့်နှင့် စားသောက်ကုန်ပစ္စည်းများကို သွားရောက်လှူဒါန်းရာတွင် အစစအရာရာ အခက်အခဲမရှိအောင် ကူညီဆောင်ရွက်ပေးကြသော ဖြူးမြို့နယ်၊ ၁၁၅မိုင် ဣန္ဒိပါလတောင်ဆရာတော်အားလည်းကောင်း၊ AGDဘဏ်မှ လက်ထောက်မန်နေဂျာ ဦးဖြိုးသီဟအားလည်းကောင်း၊ ကားအကူအညီပေးကြသော ဦးမင်းမင်း(သာကေတ၊ ၄ရပ်ကွက်)၊ ဦးဇေယျာ(ကျိုက္ကော်)၊ ဦးမြင့်နိုင်ဦး (မြောက်ဥက္ကလာ)၊ ဦးအောင်ကိုဦး(နောင်ဘို)၊ ဦးကံစော၊ ဦးထွန်းအောင်တို့အားလည်းကောင်း၊ တည်းခိုရန်အတွက် ကူညီပေးသော ဒေါ်ဝမ်းဝမ်း၊ ဦးမင်းဇော်ထွန်း(Sr.Field Admin Assistant MPRL E & P)-ဒေါ်ပိုးအိခင်တို့အားလည်းကောင်း၊ သွားရောက်လှူဒါန်းရာတွင် ကူညီပေးကြသော ဦးထိန်လင်းစိုး(Field Admin Assistant MPRL E & P)၊ ဦးနေဦးခိုင် (Sr. Technician MPRL E & P Co., Ltd.)၊ မဇင်မာမြင့် (CSR MPRL E & P)တို့အားလည်းကောင်း၊ မင်းဘူးမြို့နယ်၊ ဖြူဟွမ်စိုရ်နာရေးကူညီမှုအသင်းမှ အတွင်းရေးမှူး(၁) ဦးကိုကိုအောင်နှင့်အဖွဲ့တို့အားလည်းကောင်း၊ ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးကြသော ဦးကျော်ဇေယျ(စံပယ်မင်းဗီဒီယိုအဖွဲ့) အား လည်းကောင်း၊ လှူဒါန်းကြသော အလှူရှင်များအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**မင်္ဂလာတောင်တော်ဦးကျောင်းတိုက် ဆရာတော်နှင့် ရေဘေးကယ်ဆယ်ရေးအဖွဲ့**

**ရွှေလမ်းခရီး...မှ မင်းနှစ်ပါးပွဲတော်သို့**
* ရွှေတောင်ပြို၊ မန္တလေး(သီးသန့်) * ရွှေတောင်ပြို၊ မန္တလေး၊ ပြင်ဦးလွင် ဘုရားစုံဖူး။
* ရွှေတောင်ပြို၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
* ရွှေတောင်ပြို၊ မန္တလေး၊ ပြင်ဦးလွင်၊ မိုးကုတ်
* ရွှေတောင်ပြို၊ မန္တလေး၊ ပြင်ဦးလွင်၊မုံရွာ၊ပုဂံ(စွယ်တော်လေးဆူ)၊ညောင်ဦး၊ပုပ္ပါး၊ပခုက္ကူ။
* ရွှေတောင်ပြို၊ မန္တလေး၊ ပြင်ဦးလွင်၊ တောင်ကြီး၊ မွေတော်ကက္ကူ၊ အင်းလေး၊ ပင်းတယ
* ရွှေတောင်ပြို၊ ပြင်ဦးလွင်၊ မုံရွာ၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ

**ခရီးစဉ်တိုင်း (၂၄-၈-၂၀၁၅)ထွက်မည်**

**ဘာဘာအောင်မင်းခေါင် ထွက်ရပ်ပူဇော်ပွဲ ကြိုတင်ရောင်းပြီ။**
အမှတ်(၃၁၇)၊ပန်းဆိုးတန်းလမ်း(အထက်) 095124678,09401589907,098627170

**(IQN,UK) မှ Diploma သင်တန်းများ**
1.Diploma in Human Resource Management (IQN,UK)
2.Diploma in Marketing Management (IQN,UK)
3.Professional Certificate in Business English(ION,UK)
No.(125),5 Floor, Insein Road,Kamayut,
Near Sin Yae Twin Bus-Stop,09-420100712,09-25222889

**Virgin Land**
Ph : 01-8610252, 09-5123793, 09-261027002

**သွေးသည် အသက်**

**ဖခင် အမည်မှန်**
စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ ဒသမတန်း SE-5မှ မအေးချမ်းသု(ခ) မယုယုမော်နှင့် အဋ္ဌမတန်း(F)မှ မငြိမ်းချမ်းသူ(ခ)မယုယုကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်သိန်းဖြစ်ပါကြောင်း။
ဦးမြင့်သိန်း[၅/ဘတလ(နိုင်)၀၁၉၅၇၇]




**မြင့် အင် ဆန်း အရေပြားနှင့် အလှအပဆေးခန်း**
■ ဝက်ခြံကုသမှု အစီအစဉ်များ ...
■ ဝက်ခြံအမာရွတ် ကုသမှု ...
■ တင်းတိပ်၊ မှဲ့ခြောက် ကုသမှု ...
■ မျက်နှာအရေးအကြောင်း ကုသမှု ...
အသားဖြူဝင်းခြင်းအတွက် ကုသမှု ...
နေ့စဉ်ဖွင့်ပါသည်။
**အရေပြားအထူးကု ဆရာဝန်ကြီးများကိုယ်တိုင် ကုသပေးပါသည်။**
အမှတ်-၄၄၄၊ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊ (အမေရိကန်ဗွီးရှင်းမျက်မှန်ဆိုင်နှင့် မျက်နှာချင်းဆိုင်)၊ ရန်ကုန်၊ ဖုန်း-၃၈၂၂၄၇၊ ၂၅၆၀၄၅



အာကာထွန်း အပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း

**ရွှေမှီ** ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

**26 Oct, 7 Nov, 25 Nov, 25 Jan, 9 Feb, 29 Feb, 15 Mar, 9 April**

လိုက်ပါလိုသည့်ခရီးသည်များ (၂)လကြိုတင် စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**"နွေးထွေးပျူငှာ စေတနာ၊ သွားဖူးသူတိုင်း စိတ်ချမ်းသာ၊ ခရီးစဉ်တိုင်းမှာစိတ်ချမ်းသာဖို့ ရွှေမှီ အဖွဲ့နဲ့သွားကြစို့"** ဟူသောဆောင်ပုဒ်နှင့်အညီ သံဝေဇနိယလေးဌာန+ အဝိဇေတိတလေးဌာန + တာ့ချ်မဟာ + နယူးဒေလီ အိန္ဒိယဘုရားဖူး (၁၄ည/၁၅ရက်)ခရီးစဉ်များကို သင့်တင့်သောဈေးနှုန်း၊ အကောင်းဆုံးဝန်ဆောင်မှုတို့ဖြင့် ပို့ဆောင်ပေးမည်ဖြစ်ပါသည်။ နယ်မှခရီးသည်များအတွက် တည်းခိုနေထိုင်ရေး စီစဉ်ပေးပါသည်။ အိန္ဒိယခရီးစဉ်တစ်လျှောက် ကျွမ်းကျင်သော ဧည့်လမ်းညွှန်(၁)ဦး၊ အကူဝန်ထမ်း(၂)ဦးပါရှိပြီး (၄၅)ယောက်စီးကားသစ်ကြီးများဖြင့် (၃၂)ယောက်သာတင်ဆောင်၍ လှည့်လည်ဖူးမြော်ပါမည်။ ညမောင်းခရီးစဉ် လုံးဝ(လုံးဝ)မပါရှိပါ။ M.A.I Air Bus လေယာဉ်ဖြင့်သာ ပို့ဆောင်ပေးပါသည်။ **(၁၆) ဦးတပြိုင်တည်းစာရင်းပေးသွင်းလျှင် တစ်ဦးအခမဲ့ လိုက်ပါခွင့်ပြုပါမည်။ နိုင်ငံကူးလက်မှတ်သက်တမ်း(၆)လနှင့်အထက် ရှိသူများကို(၃၀၀၀၀ိ/-)တီတီလျှော့ပေးပါမည်။**
(၇)နှစ်ပြည့်အထိမ်းအမှတ်အနေဖြင့် ရွှေမှီဘုရားဖူးအဖွဲ့နှင့် ယခင်နှစ်များက လိုက်ပါခဲ့ကြသော ဘုရားဖူးသူတော်စင်များ ယခုနှစ်တွင် ထပ်မံလိုက်ပါလိုပါက အထူးနှုန်းဖြင့်ပို့ဆောင်ပေးပါမည်။
[ရေဘေးသင့်ပြည်သူများအတွက် ရွှေမှီဗုဒ္ဓဂယာဘုရားဖူးအဖွဲ့မှ လှူဒါန်းမည်ဖြစ်ပါသဖြင့် ဘုရားဖူးလိုက်ပါခဲ့ဖူး သော ဓမ္မမိတ်ဆွေများ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း အိမ်တိုင်ရာရောက် လာရောက်ကောက်ခံပေးပါမည်။]

ရွှေမှီဗုဒ္ဓဂယာဘုရားဖူးအဖွဲ့နှင့် ယခင်နှစ်များက လိုက်ပါခဲ့ကြသော ဓမ္မမိတ်ဆွေ သူတော်စင်များ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း (ဒေါ်နီနီဝင်း – ရွှေမှီပရိဘောဂတိုက်)

အမှတ်-၁၀၅ (ရွှေမှီပရိဘောဂတိုက်)၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၄၆၈၂၀၊ ၀၁-၅၄၂၆၈၇၊ ၀၉-၅၀၂၁၁၉၂၊ ၀၉-၅၀၃၁၆၉၄



အင်္ဂလိပ်ဘာသာစကားကို စနစ်တကျ လေ့လာလိုသောသူများအတွက်



GETC

မြေနီကုန်း 537895, 09262963776
တာမွေ 549590, 09254148006
www.getc-languageschool.com

2015 August Intake အတွက် ကျောင်းအပ်လက်ခံနေပါပြီ . . . .






**လေယာဉ်မောင်းသင်တန်း**

ကိုယ်ပိုင်လေယာဉ်မောင်းလိုင်စင်
စီးပွားရေးဆိုင်ရာလေယာဉ်မောင်းလိုင်စင်
စီးပွားရေးဆိုင်ရာရဟတ်ယာဉ်မောင်းလိုင်စင်

| | | |
|---|---|---|
| လေယာဉ် | A320 အထောင် | (Airbus A320) |
| ဘိုအင်း | B737 အထောင် | (Boeing B737) |
| အမ်ဘရေး | EMB 170 / 190 | (Embraer) |

info@fpamyanmar.com / admission@philis.biz
www.focalpointasia.com / www.philis.biz



ပွဲတော်အုပ် ပေါ်ဆန်းမွှေးဆန်ဆိုင်
မွှေးတာလဲဟုတ်၊ ကောင်းတာလဲဟုတ်
သားသားကြိုက်တွပ်၊ အဲဒါပွဲတော်အုပ်၊
ပွဲတော်အုပ်လေးကောင်းလို့ကိုတာ၊
မှာလိုက်ပါနော်မနေး၊
အရောက်ပို့မယ်၊ မြန်မြန်လေး
☎ 01-512443, 09-73017656, 09-32380867



**ကား** မျိုးစုံ
(Alphard/Crown/MarkII/အနီစတုံး/Hiace၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် မျှတသောဈေးနှုန်းဖြင့် အငှားလိုက်ပါသည်။
Ph: 09795549249, 095418126



Home
Think of House · Think of Home

** Selected Items Only




Building – N , Room No. (33,34) ,
သီရိရတနာ လက်ကားဈေးသစ်မှာလမ်း၊ အောင်မင်္ဂလာ အဝေးပြေး ကားဝင်းအနီး၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့

HOTLINE
09 79 700 70 88
09 79 700 70 99



# ပိုင်ရှင်ကိုယ်တိုင်အိမ်အမြန်ရောင်းမည်

# ပွဲစားလိုသည်

တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းမ(ဂုတ်)ခြံ မွန်မြတ်မေတ္တာအိမ်ရာ မြေအကျယ်ပေ(၁၀၀)ပတ်လည် အိမ်အကျယ်(၆၀ပေ×၆၀ပေ)၊ 2RC တိုက်သစ်၊ MBR(5)ခန်း၊ ဘုရားခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်၊ အိပ်ခန်းတိုင်းတွင် ဝရန်တာပါသည်။ပါကေးခင်း၊ ကြွေပြားကပ်၊ လိုက်ကာခန်းစီးတပ်၊ အခန်းတိုင်းတွင်အဲကွန်းပါသည်။ အိမ်ဖော်အိပ်ခန်း (၂)ခန်းပါသည်။ အဝီစိရေ၊ ဂျိုးဖြူရေ၊ ပါဝါမီတာ၊ ရိုးရိုးမီတာ၊ 25KVA မီးစက်၊သရက်ပင်၊မာလာကာပင်၊ သီးပင်၊ စားပင်များနှင့် ပန်းအလှပင်များစိုက်ပျိုးထားသည်။ ခြံဝင်းတစ်ခုလုံးတွင် ကွန်ကရစ်ဘလောက်တုံးများ ခင်းထားပြီးကား (၆) စီးဆံ့ Steel Structure ကားဂိုဒေါင်ပါသည်။အိမ်ပတ်လည် အုတ်တံတိုင်း အမြင့်ကာထားပြီး လုံခြုံရေးဘလိတ်ဓားဆူးကြိုးများ တပ်ဆင်ထားသည်။ ၎င်းအိမ်ကိုညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်။ ငွေမြန်ပါကဈေးလျှော့ပေးမည်။

**၀၉-၅၁၁၁၃၈၆၁၃၊ ၀၉-၇၃၁၇၉၉၉၄၊ ၀၉-၃၆၄၄၉၃၆၁၃၊ ၀၉-၂၅၄၀၄၆၄၉၈**



**S.M.H English classes**
**IELTS**
**( Foundation, Preparation & Exam )**
လိုချင်သော Band Score အတိုင်းရအောင် သင်ကြားပေးသော သီးသန့်တန်းများ
- Basic , Pre နှင့် Intermediate (၃)လသင်တန်းများ
- TOEFL နှင့် IGCSE သီးသန့်သင်တန်းများ

သင်တန်းအပ်လက်ခံပြီ

167/173 (B4) ဆိပ်ကမ်းသာနိုင်မှန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ Ph: 01-392737 , 09-5105529 , 09-31560908


## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၇)၊ ဦးပိုင်အမှတ်-(၄)၊ ၄၂×၄၃လမ်းကြား၊ ၆၇×၆၈လမ်းကြားရှိ ဒေါ်ခင်မာပို အမည်ပေါက်ဂရန်မြေကွက်များအား ဦးမြသောင်း၊ ဒေါ်ခင်သန်းတို့တွင် ဒေါ်ခင်မာပိုနှင့် ဒေါ်ခင်မာဝင်းတို့(၂)ဦးကို မွေးဖွားခဲ့ပါသည်။ ဖခင်ဦးမြသောင်း၊ မိခင်ဒေါ်ခင်သန်း၊ (သမီး)ဒေါ်ခင်မာပို(အပျိုကြီးဘဝ)တို့ အသီးသီးကွယ်လွန်၍(သမီး)ဖြစ်သူ ဒေါ်ခင်မာဝင်းကျန်ရှိခဲ့ပြီး ဦးတင်ရွှေနှင့် အိမ်ထောင်ကျ၍ (သမီး)ဒေါ်မေမြတ်သွယ်ကို မွေးဖွားခဲ့ပါသည်။ ဖခင်ဦးတင်ရွှေ မိခင်ဒေါ်ခင်မာဝင်းတို့ ကွယ်လွန်သဖြင့် ကျန်ရစ်သော(တူမ/သမီး)ဖြစ်သူ ဒေါ်မေမြတ်သွယ်[၁/မမန(နိုင်)၀၁၆၁၃၁]မှ ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)

MHA | Home Armstrong | Goshu-A1

## မိတ်ဆုံညစာစားပွဲသို့ တက်ရောက်ပါရန် ဖိတ်ကြားခြင်း

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်)မှ ရန်ကုန်ဇုန်နယ်မြေအတွင်းရှိ ဟိုတယ်များမိတ်ဆုံညစာစားပွဲကို ဒုတိယအကြိမ်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ၎င်းညစာစားပွဲအား ဟိုတယ်လုပ်ငန်းရှင်များအချင်းချင်းချစ်ခင်ရင်းနှီးစွာ လုပ်ငန်းများချိတ်ဆက်လုပ်ကိုင်နိုင်ရန် ရည်ရွယ်ပါသည်။ အဆိုပါမိတ်ဆုံညစာစားပွဲအား အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်ဇုန်၏ အသင်းဝင်ဟိုတယ်ဖြစ်စေ၊ အသင်းမဝင်မရသေးသော ဟိုတယ်များဖြစ်စေ ဟိုတယ်များအနေဖြင့် ညစာစားပွဲသို့ တက်ရောက်ကြပါရန်လေးစားစွာ ဖိတ်ကြား အပ်ပါသည်။

(က) ကျင်းပမည့်နေ့ရက် - ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ၊ (၂၁)ရက်
(ခ) ကျင်းပမည့်အချိန် - ညနေ (၄:၀၀) နာရီ မှ ည (၉:၀၀) နာရီ အထိ
(ဂ) ကျင်းပမည့်နေရာ - Sky Star Hotel

RSVP : 01 8551256

**ကဲ့စမ်းမဲအစီအစဉ်ပါရှိသည့်အတွက် ကဲ့စမ်းမဲကူပွန်နှင့်တကွ တက်ရောက်ပေးပါရန် လေးစားစွာအသိပေးအပ်ပါသည်။**








SAMSUNG
Galaxy Note5



စတင် ရောင်းချခြင်း အထူးအစီအစဉ်

မူရင်းဈေးနှုန်း ~~880,000 Kyats~~
အထူးလျှော့ဈေးနှုန်း 850,000 Kyats

150,000 Ks
တန်ဖိုးရှိ လက်ဆောင်များ

23rd AUG 2015 (1 Day Only)

ရန်ကုန်မြို့ - လှည်းတန်းစင်တာ၊ ကမာရွတ်
မန္တလေးမြို့ - Sedona Hotel

Samsung Battery Pack | 32GB OTG Flash Drive | ကျပ် ၅၀,၀၀၀ တန်ဖိုးရှိ Ooredoo SIM ကတ်

NEXT IS NOW
SAMSUNG

www.facebook.com/samsungmobilemyanmar
Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM

myanmar national airlines



## Yangon-Singapore-Yangon

### Book Now!

Call Centre : 01-377840-43
Airport : 09-254219651
Online : www.flymna.com

Sun Far Travel&Tours 01-243993
Columbus Travel 01-229245
Nice Fare 01-393088

Saw Pron Phan Travel 01-255880
Oway Travel 01-2304197
Htoo Travel 01-8603766,67

*Journey of a lifetime*


BRIDGESTONE
Your Journey, Our Passion
Free Tyre Safety Check
5 - 6 SEPT 2015
10:30am - 5pm
@ Myanmar Culture Valley (People's Park)
BECAUSE YOU LOVE
YOUR FAMILY
မိုးရာသီ Promotion အစီအစဉ်
BUY ANY PSR TYRE 2
To Get 1 Umbrella.
BUY ANY PSR TYRE 4
To Get 2 Umbrellas.
ယခုလိုမိုးရာသီအချိန်အခါတွင် သင့်ဘဝလုံခြုံစိတ်ချမှုအတွက်
တာယာများကို လဲလှယ်တပ်ဆင်ပေးရန် လိုအပ်ပါသည်။
BRIDGESTONE မိုးရာသီ ပရိုမိုးရှင်းအစီအစဉ်မှတဆင့်
သင်ရဲ့ လုံခြုံစိတ်ချမှုကို ကူညီပံ့ပိုးပြသပေးသွားမည် ဖြစ်ပါသည်။
BRIDGESTONE KEEPS YOU SAFE
FIRST JAPAN TIRE SERVICES
a subsidiary of Mitsubishi Corporation
fjts@fjts-mm.com Hotline : 09 2615 96860
Pyi Htun Aung Trading Co., Ltd. Hotline : 09 42110 3088

ကြော်ငြာ


Diamond Sponsor
Organized by MISS UNIVERSE MYANMAR ORGANIZATION
HELLO MADAM MEDIA GROUP
MISS UNIVERSE MYANMAR
MISS UNIVERSE MYANMAR ၁၀၀ သိန်း
1st RUNNER UP ၅၀ သိန်း
2st RUNNER UP ၂၅ သိန်း
Platinum Sponsors
Venue Partner
Grand Ballroom
Technical Partner
HORIZON TELECOM
Tel : 01 393 102, 01 392099
09 540 4007
09 515 8838
Gold Sponsors
Calayar & Co
Palmolive
NOBODY
Silver Sponsor
Media Partners
7DAY DAILY
CITY FM
Official IT Provider
NEW WAVE


PEARSON
VUE-Authorized Test Center
Pearson အသိအမှတ်ပြု Online Test Centre ကို
KMD တွင်ဖွင့်လှစ်လိုက်ပါပြီ....
KMD
Education Services
Certifications connect you
to global opportunity
သင့်အနာဂတ်သေချာစေဖို့ နိုင်ငံတကာအသိအမှတ်ပြု
အောင်လက်မှတ်များကို ရယူကြပါစို့...
Microsoft
CISCO
vmware
ORACLE
JUNIPER
spring
Adobe
Millions of Skill Staff are
Needed Every Year Across the Globe
PEARSON
KMD Online Test Centre
No-174-182, Pansodan Street(Middle) Kyauktada Township.
Tel: 381035, 381776, 384109, 391286


ဆီးချိုသွေးချိုရှိသူများအတွက် No.1 ဖြည့်စွက်အာဟာရမှုန့် Diabetasol မှ ဖုန်းငွေဖြည့်ကတ်များ လက်ဆောင်ရယူလိုက်ပါ....
Diabetasol
Diabetes Nutrition Solution
ဆီးချိုသွေးချိုရှိသူများ၏ အာဟာရအတွက်
အသင့်တော်ဆုံးရွေးချယ်မှု ....
လိုအပ်ချက်
- အသုံးပြုပြီးသော Diabetasol ဘူးခွံ (၂) ခု
- ၄င်း ဘူးခွံ အပေါ်ဘက် အဖုံးနေရာတွင်...
အမည်၊ မိုဘိုင်းဖုန်းနံပါတ်၊ လိပ်စာ
အပြည့်အစုံတို့ကို မိမိကိုယ်တိုင် လက်ရေးဖြင့် ရေးသားပါ။
ပေးပို့ရန်နည်းလမ်း
အမည်၊ မိုဘိုင်းဖုန်းနံပါတ်၊ လိပ်စာအပြည့်အစုံ ရေးသားထားသော
ဒိုင်ယာဘီတစော အခွံနှစ်ခုကို လက်ကိုင်ဖုန်းဖြင့် နမူနာပုံအတိုင်း
ဓာတ်ပုံရိုက်ပြီး ဖုန်းနံပါတ် - 09 960768858 သို့ Viber
ဖြင့် ပေးပို့နိုင်ပါသည်။
5000 Ks
3000 Ks
နမူနာဓါတ်ပုံ
ပထမဦးဆုံး ပေးပို့သူ ၁၀၀၀ ဦး ဖုန်းငွေဖြည့်ကတ် 5000 ကျပ် ရရှိမည့်အထူးအခွင့်အရေး
ဒုတိယ ပေးပို့သူ ၁၀၀၀ ဦး ဖုန်းငွေဖြည့်ကတ် 3000 ကျပ် ရရှိမည့်အထူးအခွင့်အရေး
(မှတ်ချက်။ ။ ဓာတ်ပုံရိုက်ရာတွင် မိမိရေးသားထားသော အချက်အလက်များ ပေါ်လွင်ထင်ရှားရပါမည်။)
Promotion ကာလမှာ ....
ဩဂုတ်လ နှင့် စက်တင်ဘာလ (၂) လတည်းသာဖြစ်ပါသည်။
KALBE
01-2399800
KALBE

## 0r;en;a|u u|ci;

a':ciat;

**အသက်(၈၂)နှစ်**

တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၂၁၀/က)နေ ဘိုးလေး ဦးညိုထွန်း၏ဇနီး ဘွားလေး ဒေါ်ခင်အေးသည် ၁၀-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြေးများ-ကိုဇော်မိုးခိုင်နှင့် Dr. စောနေနွယ်**

## 0r;en;a|u u|ci;

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပစ္စည်းလေးပါး သာသနာ့ဒါယကာကြီး**

0;0i;Ei t ou(5၈)Ep

**Win & San (Diamonds and Fine Jewellery)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မင်းခေါင်ဘုရားလမ်း၊ အမှတ်(၃၆/စီ)နေ သုဓမ္မသိင်္ဂီ ဒေါ်စမ်းစမ်း(Win & San Diamonds and Fine Jewellery)၏ ချစ်လှစွာသောခင်ပွန်း ဦးဝင်းနိုင်သည် ၁၄-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသန့်ဇော်(တရားလွှတ်တော်ရှေ့နေ)နှင့်**
**တပည့်များ၊ ရန်ကုန်မြို့။**




"စာနယ်ဇင်းသမားတွေ လိုချင်တဲ့အရိပ်အာဝါသဟာ ကျွန်တော်တို့ကို အင်မတန် ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေကို လိုချင်တယ်။ ကျွန်တော်တို့ကို ပိတ်ပင် တားဆီးမယ်။ တနည်းနည်းနဲ့ ညစ်ထားမယ်။ လိမ်ထားမယ်ဆိုတဲ့ ဥပဒေကို မလိုချင်ပါဘူး"

မောင်ဝံသ

စာပေဟောပြောပွဲ မှတ်တမ်းများ

ထွက်ပြီ

ဖြန့်ချိရေး - ဒေါင်းစာပေ၊ ၁၁၃၊ ၃၃လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ ၃၇၃၂၁၀၊ ၀၉၄၂၈၁ ၉၉၇၃၃


## 0r;en;a|u u|ci;

a':ciat;

**အသက်(၈၂)နှစ်**

တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၂၁၀/က)နေ ဘိုးလေး ဦးညိုထွန်း၏ဇနီး ဘွားလေး ဒေါ်ခင်အေးသည် ၁၀-၈-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြေးများ-ကိုထူးအောင်ကျော်နှင့် Ms. Christina Koh**

## t x;a|u u0r;en;|ci;

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

a'{uwmcirmvm0i; (57)Ep

**M.B.,B.S(Yangon)**

သူငယ်ချင်း ဒေါက်တာဉာဏ်ထွတ်၏ ချစ်လှစွာသော ဇနီး ဒေါက်တာခင်မာလာဝင်း (၅၇)နှစ်သည် ၁၃-၈-၂၀၁၅ရက် ညနေ ၄နာရီခန့်တွင် ကွယ်လွန်သွားကြောင်းကြားသိရ ပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူကြေကွဲဝမ်းနည်းရပါသည်။ စိတ်နှလုံးသားဖြူစင်ပြီး သူငယ်ချင်းအပေါင်းအား စိတ်သဘောရိုးဖြင့် ကူညီတတ်သူ ဒေါက်တာခင်မာလာဝင်း ကောင်းရာသုဂတိလားပါစေ။

**၁၉၇၄-၈၂ မတ်လ ဆေးတက္ကသိုလ်(၁)ကျောင်းသား/သူဟောင်းများ**

## om; t|zpr t ar|ywpe v w|ci;

ရန်ကုန်မြို့၊ တာမွေမြို့နယ်ရှိ ကျွန်တော်၊ ကျွန်မတို့၏ သားဖြစ်သူ မောင်အေးမင်းခိုင် [၁၂/တမန(နိုင်)၁၀၅၄၀၀]သည် မိဘနှစ်ပါးနှင့်အစ်မများ၏ဆုံးမသွန်သင်မှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ လုံးဝတာဝန်မယူကြောင်း မိဘ၊ အစ်မများနှင့် လုံးဝမသက်ဆိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။** **ဦးအေးသိန်း[၁၁/စတန(နိုင်)၀၁၀၇၄၅]**

# t x;0r;en;a|u u|ci;

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ပစ္စည်းလေးပါး သာသနာ့ဒါယကာကြီး**

## 0;0i;Ei

**အသက်(၅၈)နှစ်**

**Win & San (Diamonds and Fine Jewellery)**

Win & San (Diamonds and Fine Jewellery) မှ Managing Director ဦးဝင်းနိုင်သည် ၁၄-၈-၂၀၁၅ရက် နံနက် ၈း၁၀နာရီတွင် Thai နိုင်ငံ Bangkok မြို့ Bangkok Hospitalတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Win & San (Diamonds and Fine Jewellery)**

**ဝန်ထမ်းမိသားစု**

## အကြောင်းကြားပေးပါရန်

ဒေါ်နန်းနွဲ့(ဘ)ဦးစိုင်းယီ[၁၃/ကတန(နိုင်)၀၅၉၄၆၅]ကိုင်ဆောင်သူ P.P.No M599259 Passport ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၅၅၅၉၅၉၉သို့ အကြောင်း ကြားပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၂၄)ရပ်ကွက်၊ သိင်္ဂီ(၂)လမ်း၊ မြေကွက်အမှတ်(၂၉၇)၊ အကျယ်အဝန်းပေ(၄၁×၆၀)၊ ၀. ၀၅၆ ဧက(ဦးချစ်လှိုင် )ဂရန်အမည်ပေါက် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်ကာလီမာ[၁၂/ရကန(ပြု) ၀၀၀၇၅၆](ဘ-ဦးဘာလချာမိ)ထံမှ ဦးမိုးမြင့် [၁၂/ရကန(နိုင်)၀၇၈၇၀၄]မှ သဘောတူ၍ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဦးမိုးမြင့်[၁၂/ရကန(နိုင်)၀၇၈၇၀၄]**
**အမှတ်(၁)၊ မြရည်နန္ဒာလမ်း၊**
**(၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း**

# t x;0r;en;a|u u|ci;

## b&m;? &[e;? or? ausmi;? ypn;av;y;; omoem'{, umbu;

## 0;0i;Ei

## t ou(5၈)Ep

## Win & San (Diamonds and Fine Jewellery)

* ချစ်မကြီး သုဓမ္မသိင်္ဂီ ဒေါ်စမ်းစမ်း(Win & San Diamonds and Fine Jewellery)၏ချစ်လှစွာသောခင်ပွန်း အစ်ကိုကြီး ဦးဝင်းနိုင်သည် ၁၄-၈-၂၀၁၅ရက် နံနက် ၈း၁၀နာရီတွင် Thai နိုင်ငံ Bangkokမြို့ Bangkok Hospitalတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

* ချစ်ဇနီး၊ ချစ်သမီးများနှင့်ခွဲခွာ၍ ဘဝတစ်ပါးပြောင်းသွားသော ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဗိမာန် ဒါယကာကြီး အစ်ကိုကြီး ဦးဝင်းနိုင်၏ကြီးကျယ်မြင့်မြတ်လှတဲ့ အသက်ရှိစဉ်ပြုပြုသမျှ ကောင်းမှုကုသိုလ်အစုစုတို့ကြောင့် ကောင်းရာသုဂတိ ရောက်ရှိပါစေသော်ဝ်။

**ဦးကျော်သိန်း-ဒေါ်မြရီ(စန်းရတနာရွှေဆိုင်)**

**ဦးဝင်းထွဋ်သန်း (Managing Director, SKY FLYING Co.,Ltd)-ဒေါ်မာမာအေး('သိုက်'စိန်ရတနာဆိုင်)**

**ဦးကျော်မင်းမင်းလတ်(ခ)ကိုစု(Managing Director-အမိပတိ'သိုက်'ကုမ္ပဏီလီမိတက်)-ဒေါ်ကေမာခိုင် ('သိုက်'စိန်ရတနာဆိုင်)**

**တူ/တူမများ-မပိုးစန္ဒီသန့်၊ မောင်စွမ်းသီဟအောင်-မယမင်းခင်၊**
**မကေစုရတီကျော်၊ မောင်ကျော်သံလွင်ဟိန်း**
**"သိုက်"စိန်ရတနာဆိုင်အရောင်းပြခန်းနှင့်စက်ပန်းထိမ်**

Hot Line No-0930500100

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် သီးသန့်ရန်ပုံငွေမှ ငွေကျပ် ၃၉ ဒသမ ၀၅၄ ဘီလီယံ သုံးစွဲခဲ့ပြီး ပြုပြင်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဆက်လက်ခွင့်ပြုပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော်  ဩဂုတ်  ၁၇**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန်၊ ဇူလိုင်လများအတွင်း မုတ်သုံမိုးသည်းထန်စွာရွာသွန်းခဲ့မှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားခဲ့ရာ ထိခိုက်ပျက်စီးမှုပမာဏကြီးမားခဲ့သဖြင့် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရေးအတွက် နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၅ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ကြေညာချက်အမှတ် ၁/၂၀၁၅ ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်လည်းကောင်း၊ ထိုကဲ့သို့ ရေကြီးရေလျှံမှုများနှင့် သဘာဝဘေးကျရောက်ခဲ့သော ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်လည်းကောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ဦးဆောင်၍ လုပ်ငန်းစဉ်(၁)အရ ဘေးမဖြစ်မီ ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရန် ဆောင်ရွက်ခြင်း၊ လုပ်ငန်းစဉ်(၂)အရ ဘေးဖြစ်ပွားနေစဉ် ဘေးလွတ်ရာရွှေ့ပြောင်းခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ အရေးပေါ်ကယ်ဆယ်ထောက်ပံ့ခြင်းနှင့် လုပ်ငန်းစဉ်(၃)အရ မူလအခြေအနေကို ပြန်လည်ရောက်ရှိစေရန်အတွက် ပြန်လည်တည်ဆောက်ခြင်း၊ ပြန်လည်နေရာချထားခြင်း၊ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် သီးသန့်ရန်ပုံငွေမှ ငွေကျပ် ၃၉ ဒသမ ၀၅၄ ဘီလီယံ သုံးစွဲခဲ့ပြီးဖြစ်သည့်အပြင် ပျက်စီးဆုံးရှုံးမှုများအတွက် စာရင်းပြုစုရရှိမှုအလိုက် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် သီးသန့်ရန်ပုံငွေမှ ဆက်လက်ခွင့်ပြုပေးရန် အမြန်ဆုံးစီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ အမေရိကန်ဒေါ်လာ သုံးသန်းထောက်ပံ့ပေးရန် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သဘောတူညီချက်လက်မှတ်ရေးထိုးပြီးဖြစ်သကဲ့သို့ ဂျပန်နိုင်ငံကလည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းထောက်ပံ့ပေးရန် အကြောင်းကြားခဲ့သဖြင့် လုပ်ငန်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(IMF) နှင့် ကမ္ဘာ့ဘဏ်(WB)တို့ကလည်း အတိုးမဲ့ချေးငွေများ ထောက်ပံ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ကမ္ဘာ့ဘဏ်(WB)မှ ယခင်လွှတ်တော်က ခွင့်ပြုပြီးချေးငွေများအနက်မှ ငါးရာခိုင်နှုန်းအား ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လွှဲပြောင်းသုံးစွဲရန် အမေရိကန်ဒေါ်လာ ၃၅ သန်းခန့် ကိုလည်း အဆိုပြုချက်ရရှိပြီးဖြစ်သည်။

သို့ပါ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်းနှင့် နေအိမ်အဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ခဲ့ရသည့် ကားလမ်း၊ မီးရထားလမ်းနှင့်တံတားများ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရန်နှင့် ရေတားတမံများ ပြန်လည်ပြုပြင်ရေး၊ မျိုးစပါးများရရှိရေး၊ ငါးဖမ်းလုပ်ငန်းများ အပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့်လယ်ယာလုပ်ငန်းသုံးပစ္စည်းများ ရရှိရေးစသည့် လိုအပ်ချက်များအတွက် လိုအပ်သောဘဏ္ဍာငွေကို ဆက်လက်၍ စိစစ်ခွင့်ပြုထုတ်ပေးမှုနှင့်အတူ မူလအနေအထားသို့ ပြန်လည်ရောက်ရှိအောင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သဘာဝဘေးအန္တရာယ် ကျရောက်နေသည့် ဒေသများတွင် MECTel မှ အခမဲ့ဖုန်းခေါ်ဆိုနိုင်

**ရန်ကုန်  ဩဂုတ်  ၁၇**

သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဟားခါးမြို့နယ်၊ ကလေးမြို့နယ်၊ အင်ပူမြို့နယ်၊ ဟသ်ာတမြို့နယ်၊ သာပေါင်းမြို့နယ်နှင့် ညောင်တုန်းမြို့နယ်များတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် အထောက်အကူပြုလုပ်ငန်းများအား အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရန်အတွက် MECTel မှ ဩဂုတ် ၁၈ ရက်မှစတင်၍ MECTel ဖုန်းအချင်းချင်း ဖုန်းခေါ်ဆိုခ အခမဲ့ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အပြင် MECTel မှ သုံးစွဲသူမိဘပြည်သူများ၏ စေတနာကို တုံ့ပြန်သောအားဖြင့် ဩဂုတ် ၁၈ ရက်မှစတင်၍ အထူးခြားဆုံး " ရွှေမေတ္တာအစီအစဉ် "( SHWE MYITTA Package )ကို Silver, Gold, Diamond Package များ အထူးဝန်ဆောင်မှုပေးထားကြောင်း သိရှိရသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**



## ဂျိုကိုဗစ်အား ရှစ်ပွဲဆက်ရှုံးနိမ့်မှုကို အဆုံးသတ်ကာ ရော်ဂျာဖလား မာရေးဆွတ်ခူး

ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးသည် ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်နှင့် ထိပ်တိုက်ဆုံတွေ့ခဲ့သည့်ပွဲစဉ်များတွင် ရှစ်ပွဲဆက်ရှုံးနိမ့်ခဲ့သော်လည်း ဩဂုတ် ၁၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ရော်ဂျာဖလားအမျိုးသားတစ်ဦးချင်းနောက်ဆုံးဗိုလ်လုပွဲတွင်မူ ဂျိုကိုဗစ်အား အနိုင်ရရှိခဲ့ခြင်းကြောင့် ရော်ဂျာဖလားကို ဆွတ်ခူးနိုင်ခဲ့သည့်အပြင် ရှစ်ပွဲဆက်ရှုံးနိမ့်မှုကိုပင် အဆုံးသတ်နိုင်ခဲ့သည်။

ကမ္ဘာ့နံပါတ်တစ်တင်းနစ်ကစားသမား ဂျိုကိုဗစ်နှင့် ဗြိတိန်ပရော်ဖက်ရှင်နယ် **စာမျက်နှာ ၁၁ ကော်လံ ၅ သို့**


ငြိမ်းချမ်းရေး လင်းလက်ရောင်ခြည်
စာမျက်နှာ ➢ ၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာများကို နိုင်ငံရေးပါတီအားလုံးသို့ အကြောင်းကြားစာပေးပို့
စာမျက်နှာ ➢ ၃

မိတ်ဆွေစစ်ဖြင့် တရားစစ်မည်
စာမျက်နှာ ➢ ၆





themirror.npt@gmail.com
www.facebook.com/themirrordaily